www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



၂

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ

စာစဉ် (၃)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၂၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၇၀၅၁၂

ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ကျောက်စိမ်းပုံနှိပ်တိုက်
ဦးကျော်စိန် (၀၂၉၀၉)
အမှတ် - ၁၇၁၊ ၃၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ အရေးတကြီးတာဝန် ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

'ဟုတ်တယ်၊ သူတို့နှစ်ယောက်ရဲ့ ဘဝဟာ ကြွေကွဲစရာ အကောင်းဆုံး ဘဝပဲ'

'ဒါနဲ့ သခင်လေးဝန်ရှင်မော်ရဲ့ ရောဂါဟာ ကုလို့ မရတော့ဘူးလား'

'ရောဂါပဲဗျာ၊ ရချင်လည်း ရမှာပေါ့ ဆရာကောင်း တွေ့ရင်တော့ ကုလို့ပျောက်မယ် ထင်ပါတယ်'

'သူ့ကို လုပ်ကြံခဲ့တဲ့လူကော မထုတ်ဖော်နိုင်သေးဘူးလားရှင့်'

'မထုတ်ဖော်နိုင်သေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သဲလွန်စကော မရဘူးလား'

'ရတဲ့ သဲလွန်စလေးတောင် ပျောက်ဆုံးသွားခဲ့ပါပြီ'

'ဟုတ်လား၊ ဘယ်လို သဲလွန်စပါလဲရှင်'

'ခင်ဗျားသိပြီး ဖြစ်ပါလိမ့်မယ်၊ သတ္တမသူရဲကောင်းကိုယ်တိုင် သိုင်းလောကကို အကူအညီတောင်းတဲ့ဖိတ်စာ ပို့ပြီးပြီပဲဥစ္စာ'

'ဩော်. . . ဩော်. . . ထိပ်တန်းဟိုတယ်က ငွေကိုင်မန်နေဂျာကြီး ရင်ခုန်ဖန်းကို ဖမ်းပေးဖို့ ကိစ္စမဟုတ်လား'

'ဟုတ်တယ်၊ မိန်းကလေးနှစ်ယောက်လည်း ပါသေးတယ်'

'အင်း. . . တတိယ ဦးဦး တိုက်ကွက် သိပ်ပြင်းသွားပြီ'

မင်ရင်ကြွယ် သဘောပေါက်လာသည်။ မော့လိန်ကွမ်းဂိတ်အနီးမှ ရင်ခုန်ဖန်းတို့ အလောင်းများကို သတိရလာသည်။

'လက်စသတ်တော့ ရင်ခုန်ဖန်းတို့ကို ရှင်းပစ်လိုက်တာဟာ ခင်ဗျားတို့ရဲတိုက်ရဲ့လက်ချက်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မ ဦးဦးက ဒုစရိုက်သမားဆို သိပ်မုန်းတဲ့လူ၊ ကျိုကုံးချွင်ရဲ့စာအရ အကူအညီပေးရင်း လက်လွန်သွားတာပါ'

အကျီနီဝတ်မိန်းမပျိုက မင်သေသေ ပြောသည်။ မင်ရင်ကြွယ် မျက်မှောင်ကြုတ်သွားသည်။

'ကျုပ် သိထားတာက ဖေးယွင်ရဲတိုက်သခင်ကြီးမှာ ညီအစ်ကို မရှိဘူးလို့ သိထားပါတယ်'





'ဟင်း. . . ဟင်း အစကတော့ ရှင်ပြောတာ ဟုတ်ပါတယ်၊ သတ္တမသူရဲကောင်းနဲ့က လွန်ခဲ့တဲ့ နှစ်နှစ်ကမှ သိုင်းညီအစ်ကို မဟာမိတ် ဖွဲ့ခဲ့တာပါ'

'ဩော်. . . ဩော်. . . ကျုပ်က သိုင်းလောကနဲ့ လေးငါးနှစ်လောက် ကင်းကွာခဲ့တော့ တစ်ချို့ဖြစ်ရပ်တွေကို သိပ်မသိဘူးပေါ့ဗျာ၊ ဒါနဲ့ ရဲတိုက်သခင်ကြီးက. . .'

'ချင်တက်ဟိုင်ပါ၊ သံမျက်နှာ ဝိညာဉ်ကြီးလို့လည်း ခေါ်ပါတယ်'

'ခုလို သိရတဲ့အတွက် ဝမ်းသာပါတယ်၊ လူချင်းမတွေ့ဆုံဖူးပေမယ့် စီးနန်ဒေသကြီးတစ်ဝိုက်မှာ ကျော်ကြား ထင်ရှားနေသူမှန်း သိထားပါတယ်၊ လေးစားစရာကောင်းတဲ့ပုဂ္ဂိုလ်ကြီးပါပဲ'

'ရှင်ပြောတာနဲ့ ကျွန်မတောင် ကိုယ့်ရဲတိုက်တိုယ် ဂုဏ်တော်အထင်ကြီးသွားပြီ ဟင်း. . . ဟင်း. . .'

'ကျုပ် စိတ်ရင်းအတိုင်း ပြောနေတာပါ၊ ကျော်ကြားနေတဲ့အတိုင်းဆိုရင် သူ့ရုပ်လက္ခဏာဟာ တော်တော် ခန့်ညားလိမ့်မယ်ထင်တယ်'

'ဟုတ်ပါတယ်၊ မျက်လုံးပြူးပြူး၊ မျက်ခုံးထူထူနဲ့ ခန့်ညားမှုရှိတယ်၊ စိတ်ရင်းကောင်းသလောက် ရက်တော့ တော်တော်ရက်စက်တယ်'

မင်ရင်ကြွယ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ စိတ်ထဲမှာ တွေ့ဆုံသင့်တဲ့ လူတစ်ယောက်ပဲဟု ရေရွတ်နေမိသည်။

www.burmeseclassic.com



ထိုစဉ် လက်ဝဲဘက်မှ အင်္ဂလိပ်မိန်းမပျိုက အလေသုံးဆယ် ပြောလာသည်။

'မမ၊ သခင်ကြီး မျှော်နေရှာမယ်၊ ကြာရင် သိပ်စိုးရိမ်နေလိမ့်မယ်၊ သွားကြစို့လား'

'မြန်ချင် ညည်းတို့နှစ်ယောက် အလျင်ပြန်နှင့်လေ၊ ငါစကားပြောလို့ ကောင်းတုန်းရှိသေးတယ်၊ မြင်းတစ်ကောင်တော့ထားခဲ့၊ တစ်ကောင်ကို နင်တို့နှစ်ယောက် အတူတူစီးသွား'

ဤတွင် မင်ရင်ကြွယ်က ဝင်ပြောသည်။

'ကျုပ်အတွက် မြင်းတစ်ကောင် တောင်းထားတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်အတွက် မြင်း မလိုပါဘူး၊ ကျုပ်ခြေထောက်က မြင်းလောက် မြန်ပါတယ်'

'ကျွန်မတို့ မြင်းတွေက သာမန်လူတွေစီးတဲ့ မြင်းမျိုးမဟုတ်ဘူးရှင့်'

'ကျုပ် သိပါတယ်၊ ခင်ဗျားတို့မြင်းတွေ သိပ်မြန်ကြောင်းကောင်းကြောင်း သိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ သုံးယောက်ကိုကျုပ် အမီလိုက်နိုင်ပါတယ်၊ မလိုက်နိုင်ဘူးဆိုရင်. . .'

မင်ရင်ကြွယ် စကားဆုံးအောင် မပြောလိုက်ရချေ။ အင်္ဂလိပ်အမျိုးသမီးက ပြုံးမဲ့မဲ့မျက်နှာနှင့် မြူသလို ကလူသလို လိုကြည့်လာသည်။ ထိုနောက်. . .

'ရှင်ဟာ တော်တော် ခေါင်းမာတဲ့လူပဲ၊ ပြောတဲ့အတိုင်းမလုပ်နိုင်ရင် ရှက်စရာကြီးနော်၊ ဟင်း. . . ဟင်း. တဲ. . . ကျွန်မတို့



သွားနှင့်မယ်'

အင်္ဂလိပ်မိန်းမပျိုသည် စကားဆုံးသည်နှင့် မြင်းကို ဆွဲလှည့်ပြီး ခရီးဆက်တော့သည်။

တစ်ခဏအတွင်းမှာပင် မြင်းသုံးကောင်နှင့် မိန်းမပျိုသုံးယောက်တို့ ဖုန်တထောင်းထောင်းထအောင် ထွက်ခွာသွားကြတော့သည်။

မင်ရင်ကြွယ်သည် မီးခိုးပြာဝတ်လူနှစ်ယောက်ကို ကမန်းကတန်း ပြောတော့သည်။

'မိတ်ဆွေတို့၊ ကျုပ်သွားတော့မယ်၊ နောက်ကျနေရင်ရှက်စရာကြီးဗျ'

မင်ရင်ကြွယ်သည် ပြောပြောဆိုဆို လှစ်ခနဲ လှစ်ခနဲပြေးထွက်သွားတော့သည်။ မီးခိုးပြာအင်္ဂလိပ်နှင့်လူနှစ်ယောက်သည် မြားတစ်စင်းလို ပြေးထွက်သွားသော မင်ရင်ကြွယ်ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေကြတော့သည်။

◀◀ ▶▶

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

## သဲလွန်စ

အင်္ကျီနီမိန်းမပျိုနှင့်အင်္ကျီစိမ်းမိန်းမပျိုတို့သည် မရပ် မနား ခရီးဆက်နှင့်လာကြရာ နေဝင်ခါနီးအချိန်၌ မိန်းစန်း တောင်ခြေသို့ ဆိုက်ရောက်လာတော့သည်။ သူတို့သည် ဝေစန်းရေကန်မှ ဝေကျွမ်းကျေးရွာ၊ လီကျွမ်းကျေးရွာတို့ကို ဖြတ်သန်းခဲ့ကြ၏။

ထိုအချိန်၌ မင်ရင်ကြွယ်သည်လည်း သူ၏ကိုယ်ဖော့ ပညာ၊ ခရီးလမ်းပန်းပညာဖြင့် တရကြမ်း ပြေးနေဆဲရှိသည်။

မကြာမီ ဖေးယွင်ရဲတိုက်ကြီးကို လှမ်းမြင်ရတော့သည်။

ဖေးယွင်ရဲတိုက်သည် မဟူရာကျောက်တုံးများနှင့် တည် ဆောက်ထားသဖြင့် နက်မှောင်ပြီး ဝင်းပြောင်နေသည်။ ရဲတိုက်



မျက်နှာစာရှိ သံတံခါးကြီးပေါ်တွင်မူ ရွှေစာလုံးနှင့် ရေးထားသော ဖေးယွင်ရဲတိုက် ဆိုင်ဘုတ်ကြီးကို တွေ့ရသည်။

တံခါးရှေ့ ဝဲယာတစ်ဘက်တစ်ချက်တွင် တစ်ဘက်လေး ယောက်စီ စောင့်နေသည့် အစောင့်များ ရှိနေသည်။

အားလုံးလိုလိုပင် ထောင်ထောင်မောင်းမောင်း ဗလ ကောင်းကောင်းနှင့်လူချည်းဖြစ်သည်။ ဝတ်စုံသည် မီးခိုးပြာဝတ်စုံ များပင် ဓားကိုင်ပြီး တန်းစီနေကြပုံသည် ကြောက်စရာကောင်း သော ပုံသဏ္ဌာန်ဖြစ်သည်။

ရဲတိုက်နှစ်ခု၊ စခန်းရှစ်ခုဟူသည် သိုင်းလောက၌ ထင်ရှား သော ဂိုဏ်းအဖွဲ့ပင်၊ နာမည်ကြီးသလို အဆင့်မြင့် သိုင်းသမား ပေါ်သောနေရာလည်းဖြစ်သည်။

ရဲတိုက်ကြီး ခန့်ညားထည်ဝါသလောက် သိုင်းသမားများ ၏ ဟန်ကလည်း ခန့်ညားထည်ဝါသည်။

တံခါးစောင့်ရှစ်ယောက်သည် အင်္ကျီနီမိန်းမပျို ရောက် လာသည်နှင့် ပျာပျာသလဲ ဂါရဝပြုကြသည်။

အင်္ကျီနီမိန်းမပျိုက အားလုံးကို ပြုံးပြလိုက်သည်။ ထို့ နောက် မင်ရင်ကြွယ်ကိုရှာသည်။ မတွေ့ရသေး။ ထိုစဉ် လက်ယာ ဘက်မှ အင်္ကျီစိမ်းမိန်းမပျိုက မဲ့ရွဲ့ပြီး ပြောသည်။

'လူကြွားပါ မမရယ်၊ ကျွန်မတို့ကို မီအောင် မလိုက်နိုင် ပါဘူး'

ထိုစဉ် အစောင့်အုပ်စု၏ထဲမှလူတစ်ယောက် ရှေ့တိုးလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာဖြူပြီး အရပ်ရှည်သူဖြစ်သည်။ အခြားသူများကဲ့သို့ မုတ်ဆိတ်မွေးများ၊ နှုတ်ခမ်းမွေးများ မရှိပေ။

အကျီနီမိန်းမပျိုက ထိုလူကို လှမ်းပြောသည်။

'ဒီမယ်၊ တော်ကြာကျရင် လူတစ်ယောက် ရောက်လာမြို့ ကျို့ကုံးချွင်ကို တွေ့ခွင့် တောင်းလိမ့်မယ်၊ လိုအပ်သလို ကူညီ လိုက်ပါ'

'ဟုတ်ကဲ့ပါ အစ်မလေး'

ထိုလူက ခါးကိုင်းပြီး ရိုရိုသေသေ ပြောသည်။

အကျီနီမိန်းမပျိုသည် စကားဆုံးသည်နှင့် ရဲတိုက်တွင်းသို့ မြင်းစီးပြီး ဝင်သွားတော့သည်။

အကျီစိမ်းမိန်းမပျိုတို့လည်း သူမနောက်မှ ထက်ကြပ် မကွာ လိုက်ပါသွားတော့သည်။

---

မျက်နှာဖြူအစောင့်သည် အကျီနီမိန်းမပျိုတို့ ရဲတိုက်ထဲ ဝင်သွားပြီးသည်နှင့် ရဲတိုက်ရှေ့လမ်းပေါ်ကို လှမ်းကြည့်လိုက်မိ သည်။

ဤတွင် လူတစ်ယောက် ပြေးလာနေသည်ကို တွေ့ရ တော့သည်။

မျက်နှာဖြူအစောင့် အံ့အားသင့်နေစဉ်မှာပင် ပြေးလာသူ အနားရောက်လာသည်။

'မိတ်ဆွေက. . .'



'ဟုတ်ကဲ့၊ ကျုပ်နာမည် မင်းရင်ကြွယ်ပါ၊ ကျုပ် ရောက်လာ မယ်ဆိုတာ ခင်ဗျားတို့သခင်မ မှာထားပြီးရောပေါ့'

'ဟုတ်ကဲ့၊ ခုနကပဲ မှာသွားပါတယ်၊ ခင်ဗျား ခုလောက် မြန်မြန်ရောက်လာလိမ့်မယ် မထင်ဘူး၊ တဲ. . . ခဏစောင့်ပါ၊ ကျွန်တော် သတင်းပို့လိုက်ဦးမယ်'

'ဩော်. . . သတင်းပို့ဖို့ လိုသေးလို့လားဗျာ'

'ဟုတ်ကဲ့၊ ဒါ ကျွန်တော်တို့ရဲတိုက်ရဲ့စည်းကမ်းပါ၊ စိတ် မရှိပါနဲ့'

'ခင်ဗျားတို့သခင်မလေး မှာခဲ့ပြီပဲဥစ္စာ၊ ဒါနဲ့ မလုံလောက် သေးဘူးလားဗျ'

မင်းရင်ကြွယ် စိတ်မရှည်ချင်တော့ပေ။

မျက်နှာဖြူအစောင့်က ထပ်ပြီးရှင်းပြသည်။

'သခင်မလေး မှာခဲ့ရုံနဲ့ မလုံလောက်ပါဘူး၊ ဒီမှာက ရဲတိုက်ချုပ်သခင်ကြီး၊ တတိယသခင်ကြီးဆိုပြီး အဆင့်ဆင့် ရှိနေ တာပါ'

'ဒီလိုဆိုရင်လည်း မြန်မြန်အဆင်ပြေအောင် ကူညီတော့ ဗျာ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

မျက်နှာဖြူအစောင့်သည် စကားဆုံးသည်နှင့် ရဲတိုက်ထဲသို့ ပြေးဝင်သွားတော့သည်။

သိပ်မကြာလိုက်ပါ၊ ထိုလူ ပြန်ရောက်လာပါသည်။

www.burmeseclassic.com



'မိတ်ဆွေကြီး၊ မိတ်ဆွေကြီး တွေ့လိုတဲ့ သခင်ကြီး ကျို့ကုံးချင် ပြန်ထွက်သွားပြီတဲ့'

'ဟင်. . . တိုက်ဆိုင်လှချည်လား။ ဘယ်တုန်းက ထွက်သွားတာလဲ'

'ထမင်းအိုးတစ်လုံးချက်လောက်ပဲ ရှိပါသေးတယ်'

'ခင်ဗျားတို့ သခင်မက ရှိတယ်လို့ ပြောခဲ့တာဗျ'

'သခင်မလေးက ညကတည်းက အပြင်ထွက်သွားတာဗျ။ ခုမှ ပြန်ရောက်လာတာ၊ သူရောက်တော့ သခင်ကြီးကျို့ မရှိတော့ဘူး၊ ဒီကြားထဲက ကိစ္စကို ဘယ်သိပါ့မလဲ'

'ခင်ဗျားတို့ ရဲတိုက်သားနှစ်ယောက်နဲ့လည်း တွေ့ခဲ့ပြီးပြီဗျ။ သူတို့ကလည်း ရှိတယ်လို့ ပြောခဲ့တာပဲဟာ'

'ဟား. . . ဟား. . . သူတို့စကားက အတည်ယူလို့ရတဲ့ စကား မဟုတ်ဘူးဗျ'

'ဒါဖြင့် ခင်ဗျားဗျာ ဘယ်သူ့ကို သွားမေးတာလဲ'

'တတိယသခင်ကြီးကို'

'သူရဲကောင်း ချင်ကိုလား'

'ဟုတ်ပါတယ်'

'ချင် အဆင်သင့် ရှိနေလား'

'ရှိပါတယ်၊ သူရှိလို့ သတင်းပို့နိုင်ခဲ့တာပေါ့၊ သူက အပြင်ထွက်ခဲ့တဲ့လူပဲ'

'ဒီလိုဆိုရင် ကျုပ် သူနဲ့တွေ့ချင်တယ်၊ အဲဒါ အမြန်ပြောပေးပါ'

'ခင်ဗျားနဲ့ သိကျွမ်းလို့လား'

'သိမှ တွေ့ရမှာလားဗျ၊ ကျုပ်က လေးစားလို့ တွေ့ခွင့်တောင်းတာပဲဟာ'

မျက်နှာဖြူသည် ခေါင်းကို ခါယမ်းပြလိုက်သည်။

'အားတော့ နာပါတယ်ဗျာ၊ တတိယသခင်ကြီးက သူနဲ့ မသိကျွမ်းရင် တွေ့ဆုံခွင့်ပြုလေ့မရှိဘူး'

'ဒီလိုဆိုရင် သခင်မလေးနဲ့ တွေ့ခွင့်ပေးပါလား'

'မဖြစ်ဘူးဗျ၊ သူက ခရီးပန်းလာလို့ အနားယူနေတာ'

'ဒီလိုဆိုရင် ဘယ်သူမှ တွေ့ခွင့် မပေးဘူးပေါ့'

မင်ရင်ကြွယ်အသံက မာထန်လာသည်။

'ခင်ဗျားပြောတာ မှန်ပါတယ်'

မျက်နှာဖြူသည် ခပ်တည်တည်ဆိုသည်။ မင်ရင်ကြွယ် ဒေါသထွက်လာတော့သည်။

'ခင်ဗျားတို့ရဲတိုက်ဟာ ဧည့်သည်ကို ဒီလိုပဲ ဆက်ဆံတတ်သလား၊ ရဲတိုက်သခင်ကြီးကတော့ ဒီလို မလုပ်တန်ပါဘူး၊ အပေါက်စောင့်ကျွန်ရဲ့ ညစ်ပတ်မှုပဲ ဖြစ်မှာပါ'

'ဟေ့လူ. . . စကားပြောရင် ကြည့်ပြောပါ၊ အပေါက်စောင့်ကျွန်လို့ ပြောတာဟာ ဘယ်သူ့ကို ပြောတာလဲ'

'တံခါးပေါက်မှ ရပ်နေတဲ့လူကိုပေါ့၊ အဲဒီလူဟာ ရဲတိုက်အပေါက်စောင့်ရတဲ့လူပေါ့၊ အပေါက်စောင့်ကျွန်ပေါ့'

www.burmeseclassic.com



မင်းရင်ကြွယ် ဒေါသထွက်ထွက်နှင့် ထပ်တလဲလဲ ပြောတော့သည်။

မျက်နှာဖြူလူ စိတ်ဆိုးလေပြီ။

'ဒီမယ်. . . ခင်ဗျားက ရဲတိုက်ရှေ့လာပြီး ရဲတိုက်ကို စော်ကားနေတာလား၊ ဒီရဲတိုက်ဟာ ဘယ်သူမှ စော်ကားလို့ရတဲ့ ရဲတိုက်မဟုတ်ဘူး'

'တော်စမ်းပါဗျာ၊ ခင်ဗျားတို့ရဲတိုက်မပြောနဲ့၊ ကျို့မိသားစုအိမ်တော်ကတောင် ကျုပ်ရဲ့တောင်းဆိုမှုကို မငြင်းဆန်ခဲ့ဘူးဗျ၊ မငြင်းတန်တဲ့အပြင် ကောင်းကောင်းမွန်မွန်တောင် ပြုစုစောင့်ရှောက်လိုက်သေးတယ်၊ ဘယ်သူဖြစ်ဖြစ် ကျုပ်ရဲ့တောင်းဆိုမှုကို လိုက်လျောတာ အကောင်းဆုံးပဲ၊ ကျုပ်က ဘယ်နေရာမဆို သွားချင်သလို သွားပြီး ထွက်ချင်သလို ထွက်တတ်တဲ့လူစားဗျ'

'ခင်ဗျားက ဒီလိုကိုး၊ တဲ. . . ကျုပ်ကို နိုင်ရင် ဝင်ခွင့်ပြုတယ်ဗျာ'

'ခင်ဗျားလောက်တော့ အသာလေးပဲ၊ ဟဲဟဲ. . . ဒါပေမယ့် ကျုပ်ဟာ ခင်ဗျားတို့ သခင်ကြီးကို လေးစားတာ အမှန်ပဲ၊ ဒါကြောင့် ကောင်းကောင်းမွန်မွန် ဝင်ခွင့်တောင်းတာ၊ မရတော့လဲ ဟဲဟဲ. . .'

'အပိုတွေ ပြောမနေပါနဲ့လေ၊ ကျုပ်ကိုသာ နိုင်အောင်တိုက်ပါ'

'ကျုပ် တကယ် ဖွတ်ဝင်ရတော့မှာလား'

---



'ကျုပ်စကားက ရှင်းရှင်းလေးပါ၊ သတ္တိရှိရင် ကြိုက်သလို ဝင် ကြိုက်သလိုထွက်'

'ခင်ဗျားက တော်တော်အကြွပ်ကိုင်တတ်တာကိုး၊ ကဲ. . . ကြည့်'

မင်းရင်ကြွယ်သည် စကားဆုံးသည်နှင့် လက်နှစ်ဘက် နောက်ပစ်ပြီး ရဲတိုက်ထဲ ဝင်သွားတော့သည်။

'ဟေ့လူ. . . ရပ်. . . ရပ်'

မျက်နှာဖြူသည် တားတားလိုက်လိုက် ပြောလိုက်သည်။ တပြိုင်နက်တည်းတွင် မင်းရင်ကြွယ်၏ ပခုံးပေါ်မှ ကျွန့်ကျင်သွေးကြောကိုပါ ဖမ်းချုပ်လိုက်သည်။

သို့သော်. . .

မင်းရင်ကြွယ်သည် လက်နှစ်ဘက်ကို နောက်ပစ်လျှောက်နေရင်းက မျက်နှာဖြူ၏ လက်ကောက်ဝတ်ကို နောက်ပြန်ပြီး ဖမ်းဆုပ်လိုက်သည်။

'အား. . .'

မျက်နှာဖြူ၏ ငယ်သံပါသော အော်သံကြီး ပေါ်လာသည်။ မင်းရင်ကြွယ် လက်လွှတ်လိုက်သည်နှင့် ကမန်းကတန်း နောက်ပြန်ဆုတ်လိုက်သည်။

'ကျုပ်လက်က အကန့်အသတ်ရှိတဲ့လက်ဗျ၊ ဒီထက်အားပြုလိုက်ရင် ခင်ဗျားလက်တစ်ချောင်းလုံး ပြတ်သွားနိုင်တယ်၊ . . . ဟဲဟဲ'

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်က နောက်လှည့်မကြည့်ဘဲ ပြောသည်။

မျက်နှာဖြူသည် အသားနာသွားသဖြင့် ဒေါသပိုထွက်လာသည်။

ထို့ကြောင့် ဖျတ်ခနဲ ခုန်ဝင်ပြီး ဝုစ်ခနဲ ရိုက်ချလိုက်သည်။

သို့သော် မှန်းချက်နှင့် နှမ်းထွက် မကိုက်ချေ။

မင်ရင်ကြွယ်က ထိုလူ ခုန်ဝင်လာသည်နှင့် အင်္ကျီလက်အိုးနှင့် လှည့်ရိုက်လိုက်တော့သည်။

အင်္ကျီဖြူသည် မည်သို့မျှ မတတ်နိုင်တော့ဘဲ နောက်သို့ ပြန်လွင့်လာပြီး ဘိုင်းခနဲ လဲကျသွားတော့သည်။

မင်ရင်ကြွယ်၏ရိုက်ချက်သည် အကန့်အသတ်ရှိသော ရိုက်ချက်ဖြစ်သဖြင့် အတွင်းဒဏ်ရာကားမရခဲ့ချေ။

မင်ရင်ကြွယ် ထိုလူထံသို့ ကပ်လာစဉ်မှာပင် အတွင်းဘက်မှ အော်သံကြီး ပေါ်လာတော့သည်။

'တော်လောက်ပြီ ရပ်လိုက်ပါ'

အသံနှင့် လူတစ်ယောက် အနီးသို့ရောက်လာတော့သည်။

မင်ရင်ကြွယ်သည် ထိုလူကကြည့်ပြီး သတိထားနေလိုက်တော့သည်။

ထိုလူသည် ထောင်ထောင်မောင်းမောင်း၊ ထွားထွားကျိုင်းကျိုင်း မျက်လုံးပြူးပြီး မျက်ခုံး ထူသည်။

လူနှင့်မလိုက်အောင် လျင်မြန်လှသည်။

နဖူးမှနေ၍ ပါးပေါ်အထိ အကြောကြီးတစ်ချောင်း



ဒေါင်လိုက်ထောင်နေသည်။

ပါးစပ်ပြဲပြီး မုတ်ဆိတ်မွေးထူသည်။

အသားလည်း မည်းသည်။

ခန့်ညားခြင်းထက် ကြောက်စရာကောင်းသောအသွင်က ပိုသည်။

ထိပ်တန်းဟိုတယ်မှ ငွေကိုင်ကြီး ကျင်း ပြောလိုက်သည့်လူနှင့် တူသည်။

မမှားနိုင်။ ကျင်း ပြောသည့်လူပင်ဖြစ်သည်။

ဖေးယွင်ရဲတိုက်ချုပ်သခင်ကြီး လီချန့်လူသည် တောင်းသတင်းနှင့် နာမည်ကျော်ခဲ့သူဖြစ်သည်။

ယခုမူ ဤလူကြီးနှင့် ဘယ်ပုံဘယ်နည်း ပေါင်းဖက်မိနေကြလေသနည်း။

မင်ရင်ကြွယ်သည် ခပ်တည်တည်နှင့် နှုတ်ဆက်လိုက်သည်။

'သံမျက်နှာ ဝိညာဉ်တတိယသခင်ကြီး တုတ်ပါသလားခင်ဗျာ'

'စုတ်တယ်'

လူကြီးက အေးစက်စက် ပြောလာသည်။

တတိယ သခင်ကြီးက ညွှန်သည်ကို လက်ခံမတွေ့ဘူးလို့ ကြားမိပါတယ်'

'ဩော်. . . ဩော်. . . တတိယသခင်ကြီး ချင်တော်ဟိုင်

www.burmeseclassic.com

www.burmeseclassic.com



က လူတစ်မျိုးပဲ'

'ဟုတ်တယ်၊ ချင်တက်ဟိုင်ဆိုတာ နှစ်မျိုးမရှိစေရဘူး၊ ဒါကျုပ်အကျင့်ပဲ'

ချင်တက်ဟိုင်၏ အသံက မာထန်နေသည်။

'ခုတော့လဲ ခင်ကြီး ချင် ထွက်လာသားပဲ'

'ဩော်. . . ခင်ဗျားက ကျုပ်တို့ ဘက်တော်သားကို တိုက်ခိုက်နေတဲ့ဥစ္စာ လက်ပိုက်ရပ်နေလို့ ဖြစ်မလား'

'ဟဲ. . . ဟဲ၊ သခင်ကြီးချင် ထွက်လာတာဟာ ကျုပ်ကို လာတွေ့တာ မဟုတ်ဘူးပေါ့'

'ခင်ဗျား သဘောပေါက်ရင် ပြီးတာပဲ'

'ခင်ဗျားနဲ့ကျုပ်က ရန်ငြိုးရန်စ ရှိသူတွေမှ မဟုတ်ဘဲ'

'မြွေမြွေချင်း ခြေမြင်ပါတယ်၊ ခင်ဗျားသိအောင် ပြောပြချင်သေးတယ်'

'ဟုတ်ကဲ့ သခင်ကြီးရဲ့ စကားကို ကျုပ် နားထောင်ချင်ပါတယ်'

'ကျုပ်ရှင်းရှင်းပဲ ပြောမယ်၊ ခင်ဗျားဟာ ကိုယ့်ကိုယ်ကို မိတ်ဆက်ပြီး ကျိုမိသားစုအိမ်တော်ထဲကို အတင်းဝင်ခဲ့တယ်၊ သခင်လေး ဝန်ရင်မော် အဖမ်းခံသွားရတယ်၊ ဒီနောက် ကျိုမိသားစုအိမ်တော်ကြီး မီးလောင်ပြာကျခဲ့တယ်၊ ဒီအဖြစ်ဟာ ရိုးမလိုလိုနဲ့ တော်တော်ဆန်းတဲ့အဖြစ်တွေ'

'ခင်ဗျား ဘာသဘောနဲ့ ဒါတွေ လာပြောနေတာလဲ'



'ကျုပ်ကိုမေးမနေနဲ့၊ ခင်ဗျားကိုယ်ခင်ဗျား ပြန်မေး'

'သိပြီးသားကိစ္စကို ဘာဖြစ်လို့ ပြန်မေးနေရမှာလဲ'

'ဒါပေါ့၊ လောကမှာ ကိုယ်လုပ်တာ ကိုယ်အသိဆုံးပဲ'

ဤစကားသည် မင်ရင်ကြယ်၏အရှိုက်ကို ထိုးလိုက်သော စကားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

## ရဲတိုက်ထဲက ကျို့ကုန်းချွင်

မင်ရင်ကြွယ် မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်း ဣန္ဒြေပြန်ဆည်လိုက်သည်။

'ခင်ဗျား ဘယ်လို ပြောလိုက်တာလဲ'

'ရှင်းရှင်းလေး ပြောလိုက်တာပဲ၊ ဒီကိစ္စဟာ ကျုပ်ကော ရဲတိုက်တစ်ခုလုံးက သိထားတဲ့ကိစ္စပဲ'

ချင်တက်ဟိုင်က မျက်နှာထားတင်းတင်းနှင့်ပြော လေပြီ။

မင်ရင်ကြွယ် သည်းမခံနိုင်တော့။

'ခင်ဗျား သွားပုပ်လေလွင့် မပြောပါနဲ့'



'ဟဲဟဲ. . . ကျုပ်က လုပ်ကြံပြီး ပြောနေတာ၊ မတရား စွပ်စွဲနေတာ မဟုတ်ဘူး၊ ကျို့မိသားစုအိမ်တော်ကို ခင်ဗျား ရောက်ပြီး မရှေးမနှောင်းမှာ သခင်လေး ဝန်ရင်မော် အဖမ်းခံရ တယ်၊ ဒီနောက် အိမ်တော်ကြီးတစ်ခုလုံး မီးတိုက်ခံခဲ့ရပြန်တယ်၊ သခင်မလေးနဲ့ ရှောင်းရင်းတွေ မီးသင့်ပြီး သေခဲ့ရတယ်၊ဒါတွေဟာ မတော်တဆဖြစ်တာ မဟုတ်ဘူး၊ ကြံကြံဖန်ဖန် တိုက်ဆိုင်တာမျိုး မဟုတ်ဘူး၊ ကျုပ်အမြင်ကတော့ ခင်ဗျားသာ ရောက်မလာခဲ့ရင် ကျို့မိသားစုဟာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာ မဟုတ်ဘူး၊ ပြီးတော့ ခင်ဗျားနာမည်ဟာ မင်ရင်ကြွယ်၊ ခင်ဗျားတတ်ထားတဲ့ သိုင်းပညာ က- အဆင့်မြင့်သိုင်းပညာ၊ အဲဒီလို အဆင့်မြင့်တဲ့သိုင်း ပညာရှင် တစ်ယောက်ဟာ မထင်မရှား မဖြစ်သင့်ဘူး၊ ဒါပေမယ့် ခင်ဗျား နာမည်က တကယ် အညတရ၊ ဒီအချက်ဟာ ခင်ဗျားရဲ့ လျှို့ဝှက် ချက်ကို ဖော်ထုတ်နိုင်တဲ့အချက်ပဲ၊ ကဲ. . . ခင်ဗျား ဘာပြောချင် သလဲ'

ချင်တက်ဟိုင်၏အသံသည် မာပြီး ထန်နေသည်။ မျက်လုံး ထဲတွင် မျက်ရည်စက်များ လွှမ်းနေသည်။

မင်ရင်ကြွယ်ကို ခိုးထုပ်ခိုးထည်နှင့် မိထားသူပမာ ကြည့် နေသည်။

မင်ရင်ကြွယ်က ဟက်ခနဲ ရယ်ပစ်သည်။

'ခင်ဗျား အထောက်အထားတွေက ပေါက်ကရတွေပဲ၊ ခင်ဗျားကို ရှင်းပြနေလို့ လေကုန်ရုံပဲ ရှိမယ်၊ ခု ကျို့ကုန်းချွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် မဟုတ်လား၊ သူ့ကို သေသေချာချာမေးကြည့် ကျုပ် ဘယ်လိုလူစားဆိုတာ သိလိမ့်မယ်'

'ဟဲဟဲ. . . ကျို့ကုန်းချွင်က ကျုပ်ကို အလုံးစုံပြောပြီး သားပါ၊ ခင်ဗျားဟာ ဇာတိရင်းမြစ် အခြေမခိုင်တဲ့သူပဲ၊ လျှို့ ဝှက်ပြီး အသိရခက်တဲ့လူတဲ့'

'ဒီအချက်တို ကျုပ် ဝန်ခံပါတယ်၊ ဒါပေမယ့် သူ လျှို့ ဝှက်ထားတာတွေ ရှိနေပါသေးတယ်'

'သူက ဘာများ လျှို့ဖျက်နေရမှာလဲ၊ သူ့အနေနဲ့ ခင့်ဗျား ကို မသက်ာတာတော့ အမှန်ပဲ၊ ခင်ဗျားရဲ့လုပ်ကွက်တွေဟာ ဆက်စပ်လို့ မရအောင် အဆင့်မြင့်တယ်တဲ့'

'သခင်ကြီး ကျိုကုန်းချွင်က ဒီအတိုင်းပြောသလား၊'

'ပြောတယ် သူရောက်ကတည်းက ဦးဦးဖျားဖျား ပြောတဲ့ စကားပဲ၊ ကျုပ်တို့ ရဲတိုက်တစ်ခုလုံးကလည်း သူ့စကားကို ထောက်ခံတယ်၊ ခင်ဗျားနဲ့ သမားတော် စိုက်ဝါထိုဟာ အတူတူနဲ့ အနူနူပဲ'

မင်ရင်ကြွယ်သည် အံကို တင်းခနဲ ကြိတ်လိုက်မိသည်။

ချင်တက်ဟိုင်သည် အေးအေးဆေးဆေးရှင်းပြ၍ ရမည့် လူ မဟုတ်ချေ။

'ကဲ. . . ကျုပ်သူနဲ့ တွေ့ချင်တယ်၊ တွေ့ခွင့်ပေးပါ'

'မဖြစ်ဘူးမိတ်ဆွေ၊ သခင်ကြီး ကျို့ကုန်းချွင် စိတ်ရောလူပါ သိပ်ပင်ပန်းနေပါပြီ၊ ဒါကြောင့် ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့လည်း



ကျုပ်တို့ကို ပြောထားပါတယ်'

'ဒီစကားဟာ သိုင်းသမားတစ်ယောက်အတွက် အဓိပ္ပာယ် မရှိတဲ့စကားပဲ'

'ကျုပ်ကတော့ ဒီကိစ္စကို အမြန်ဆုံး ရှင်းချင်တယ်၊ ရှင်းလဲ ရှင်းရမယ်'

'ခင်ဗျားဟာ တော်တော်ဟန်ဆောင်ကောင်းတဲ့လူပဲ၊ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ အပြောကောင်းကောင်း၊ ဘယ်လောက်ပဲ ဟန်ဆောင်တောင်းကောင်း၊ လူအများရဲ့ မျက်လုံး တွေကိုတော့ ဝေဝါးအောင် လုပ်လို့မရပါဘူး'

မင်ရင်ကြွယ်သည် ခေါင်းကို တွင်တွင်ရမ်းပစ်မိသည်။

'မဟုတ်တာတွေ ပြောမနေစမ်းနဲ့ဗျာ၊ ကျို့ကုန်းချွင်ဟာ ဘယ်တော့မှ ခင်ဗျားပြောသလို မပြောဘူးလို့ ကျုပ်ယုံတယ်၊ သူ့မှာသာ ခင်ဗျားပြောသလို စိတ်ထဲရှိနေရင် ဒီရဲတိုက်ကလည်း ကျုပ်ကို အခုလို ဆက်ဆံနေမှာ မဟုတ်ဘူး'

'ဒါက ခင်ဗျားရဲ့ တစ်ဘက်သတ်အမြင်ပဲ၊ ရှင်းအောင် ပြောရရင် လွန်ခဲ့တဲ့ နာရီဝက်ကပဲ ကျို့ကုန်းချွင်က သိုင်းလောကကို တောင်းဆိုချက်စာလွှာ ဖြန့်ခဲ့တယ်၊ အကြောင်းရင်းကတော့ ခင်ဗျားကို ရှင်းဝစ်ဖို့ ဖမ်းဆီးဖို့ပဲ'

ခင်တက်ဟိုင်က တည်ကြည်သော ဟန်အမူအရာနှင့် တစ်လုံးချင်း ပြောသည်။

မင်ရင်ကြွယ်က ဟက်ခနဲ ရယ်မိသည်။

▯

www.burmeseclassic.com

www.burmeseclassic.com



'ဟားဟား. . . ခင်ဗျားပြောနေတဲ့စကားတွေဟာ တော်တော်ရယ်စရာကောင်းတာပဲ၊ ခင်ဗျားရဲ့လိမ်ညာမှုဟာ ဖုံးရင်းဖိရင်း ပေါ်လောကြီး ပေါ်နေပြီဗျ၊ ဟား. . ဟား. . .၊ ခင်ဗျား ပြောသလို သာ စာလွှာထုတ်ခဲ့ရင် ခင်ဗျားတို့အားလုံး ကျုပ်အရိပ် မြင်တာနဲ့ တရကြမ်း ဝိုင်းတိုက်ကြပြီပေါ့၊ ဟားဟား. . . လိမ်ချင်ညာချင် ရင်လည်း ယုတ္တိရှိအောင် လိမ်စမ်းပါဗျာ'

ချင်တက်ဟိုင်သည် မင်သေသေပင် ရှိနေသည်။

ထူလွန်းသော မျက်ခုံးမွေးများကိုလည်း နဖူးထိအောင် မြှင့်တင်ပစ်လိုက်သည်။

'ခင်ဗျား ပြောတာ သဘာဝကျတယ် မင်၊ ဒါပေမယ့် ကျို့ကုန်းချွင်ဟာ စိတ်ဓာတ် ကျဆင်းနေတဲ့လူပါ၊ သူကိုယ်တိုင် ထွက်ပြီး တိုက်ချင်ခိုက်ချင်စိတ်လည်း မရှိတော့ပါဘူး၊ နောက် တစ်ချက်က ကျုပ်ရဲတိုက်တစ်ခုတည်းအနေနဲ့လည်း ခင်ဗျားကို နိုင်အောင် မတိုက်နိုင်ဘူးလို့ ယုံကြည်နေတယ်၊ ဒါကြောင့်လည်း ကျုပ်တို့က သူ့ဆန္ဒကို လိုက်လျောပြီး ခုလို အေးအေးဆေးဆေး လုပ်နေတာပေါ့၊ နို့မို့ရင်တော့. . .'

'ဟား. . . ဟား. . . ဟား. . . ဘာမှမတတ်တဲ့ အညတရ သိုင်းသမားတစ်ယောက်ကို ဖေးယွင်ရဲတိုက်ကြီးက အထင်ကြီး ထားသတဲ့လား၊ ဟား. . . ဟား. . . ဟား. . . သဘောကျတယ်၊ သဘောကျတယ်၊ ခင်ဗျားစကားကြောင့် ကျုပ်ကိုယ်ကျုပ် ဂုဏ်ယူမိ ပါရဲ့ဗျာ၊ ဟား. . . ဟား. . . ကဲ. . . ကဲ. . . တတိယသခင်ကြီး



အနေနဲ့ ကျုပ်ကို ခုလို ဆက်ဆံနေတာ ဘာကြောင့်လဲဆိုတာ ကျုပ် မသိဘူးထင်နေလား'

မင်ရင်ကြယ့်စကားကြောင့် ချင်တက်ဟိုင် ပခုံးတွန့်သွား သည်။

'သိရင်ကောင်းတာပေါ့ဗျာ၊ သူများကို အဖြစ်လွဲဖို့ မလို တော့ဘူးပေါ့၊ ကျုပ်ပြောချင်တာကတော့ သခင်လေးဝန်ရှင်မော်နဲ့ သခင်ကြီးကျို့ကုန်းချွင်ကို ရန်ပြုသူဟာ သိုင်းလောကတစ်ခုလုံးရဲ့ ဘုံရန်သူပဲ'

'ဟား. . . ဟား. . . ခင်ဗျားစကားက ဝန်ရှင်မော်တို့ အပေါ် တော်တော်စေတနာထားနေပုံပဲ၊ ခင်ဗျား ခုလို ပြောနေ တာဟာ ဝန်ရှင်မော်နဲ့ ကျုပ် ဘယ်လိုပတ်သက်တယ်ဆိုတာ သိလို့ လားဗျ'

'သိဖို့ လိုလို့လားဗျ'

'လိုတာပေါ့၊ သိချင်ရင် ခင်ဗျား ပါးစပ်က ဒီစကားတွေ ထွက်လာမှာ မဟုတ်ဘူး'

ချင်တက်ဟိုဇ် မျက်နှာကွက်ခနဲ ပျက်သွားသည်။

မင်ရင်ကြယ်က ဆက်ပြီး ပြောတော့သည်။

'လူတွေဟာ ကိုယ့်လုပ်ကွက်ကို ကိုယ်အသိဆုံးပဲ ချင်၊ ဒါပေမယ့် ကိုယ်လုပ်တာတွေကို သူများတွေ သိနေတာလဲ ရှိပါတယ်၊ ကျုပ် ပြောမယ်နော်'

'ပြောပါပြောပါ၊ လုဝ်ကြံမပြောရင် ပြီးတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်က ရယ်သွမ်းသွေးလိုက်သည်။

'ခင်ဗျားဟာ ထိပ်တန်းဟိုတယ်က ဟူဝန်ဟူနဲ့ ဆက်သွယ်ခဲ့တယ်၊ အဲဒီဇနောက် ရင်ခုန်ဖန်းကို တန်ဆာလုပ်ခဲ့တယ်၊ အကြံချက်မယ့် အခြေအနေရောက်တော့ ရင်ခုန်ဖန်းနဲ့ နောက်လိုက်နှစ်ယောက်ကို နှုတ်ပိတ်ပစ်လိုက်တယ်၊ ဒါခင်ဗျား မသိစေချင်ပေမယ့် ကျုပ် သိနေတဲ့အချက်ပဲ'

ချင်တက်ဟိုင်၏ အမူအရာသည် တစ်မုဟုတ်ချင်း အမျိုးမျိုးပြောင်းသွားသည်။

'ခင်ဗျားစကားက. . .'

'ကျုပ်ပြောတာကို ဆုံးအောင် နားထောင်စမ်းပါ၊ ဟူဝန်ဟူနဲ့ ရင်ခုန်ဖန်းဟာ ဝန်ရင်မော် အဆိပ်ခတ်ခံရမှုမှာ တိုက်ရိုက်ပတ်သက်သူတွေပဲ၊ အစလေးပေါ်မယ့် အခြေအနေလည်းရောက်ရော ခင်ဗျားက ရင်ခုန်ဖန်းကို ရှင်းပစ်လိုက်တယ်၊ ဒီထက်ရှင်းတဲ့ အထောက်အထားတော့ ဘယ်တော့မှ ရှာလို့ရမှာ မဟုတ်ဘူး'

ချင်တက်ဟိုင်၏ မျက်လုံးအစုံသည် သိသိသာသာကြီးပြူးကျယ်သွားသည်။

ထို့နောက် မိုးကောင်းကင်ကိုမော့ကြည့်ပြီး တဟားဟားရယ်လိုက်သည်။

'ဟား. . . ဟား. . . လက်စသတ်တော့ ခင်ဗျားက ခင်ဗျားအပေါ် ပုံကျနေတဲ့ဝန်ကို ကျုပ်အပေါ် ချနေတာကိုး၊ လုပ်လဲ





လုပ်ကြံတတ်ပါပေ့ဗျာ၊ ဟား. . . ဟား. . .'

'ဘီလူးရုပ်ကိုမျက်နှာဖုံးစွပ်ပြီး ရယ်မနေချင်စမ်းပါနဲ့ ချင်တက်ဟိုင်၊ ဒီကိစ္စကိုသာ ကျို့ကုန်းချွင် သိခဲ့ရင် ခင်ဗျားဘဝ မလွယ်ပါဘူး'

ထိုအချိန်မှာပင် ရဲတိုက်အတွင်းမှ စကားပြောသံ ထွက်လာသည်။

'သူရဲကောင်းမင် ကျုပ် နားထောင်နေတာ ကြာပြီဗျ'

အသံနှင့်အတူ ကျို့ကုန်းချွင်နှင့် စွန်းပုရှောက်တို့ ရောက်ရှိလာကြသည်။

သူ့နောက်တွင် ပုပုဝဝ၊ မျက်ခုံးရှည်ရှည်၊ မျက်လုံးသေးသေး၊ အသားဖြူဖြူနှင့် အလွန်ကောက်ကျစ်စဉ်းလဲမည့် လက္ခဏာရှိသူတစ်ယောက်ကပ်ပြီး ပါလာသည်။

မင်ရင်ကြွယ်သည် သူတို့ကို ကြည့်ပြီး ရင်ထိတ်သွားသည်။

မင်ရင်ကြွယ် သတိပြုလိုက်မိသည်ကား ကျို့ကုန်းချွင်သည် ယန်ကျိုးမြို့ထဲက ထွက်လာစဉ်ကနှင့် လုံးဝ မတူတော့။

မျက်နှာသည် သိသိသာသာကြီး ဖြူရော်နေသည်။

မျက်လုံးအိမ်ထဲတွင်လည်း သွေးမျှင်တန်းကလေးများ ယှက်ဖြာနေသည်။

ချင်တက်ဟိုင်သည် ကျို့ကုန်းချွင် ရောက်လာသည်နှင့် ဗျာဗျာသလဲ ဂါရဝပြုလိုက်သည်။

နှုတ်ကမူ 'သခင်ကြီးက ဘာဖြစ်လို့ ထွက်လာရတာလဲ'ဟု



www.burmeseclassic.com

www.burmeseclassic.com



ဖိမ်းသည်။

ကျို့ကုန်းချွင်က. . .

'သူ့ရဲကောင်းမင်းဟာ ကျုပ်ရဲ့ညီ့သည်ပါ၊ ကျုပ် လက်ခံစကားပြောချင်လို့ ရဲတိုက်တတိယသခင်ကြီး နောက်ဆုတ်ပေးပါ'

ဟု ပြောလာသည်။

ချင်တက်ဟိုင်သည် မရှောင်မလွှဲသာတော့သဖြင့် နောက်ဆုတ်ပေးလိုက်ရသည်။

မင်ရင်ကြွယ်က ကျို့ကုန်းချွင်ကို ဂါရဝပြုပြီး နှုတ်ဆက်သည်။ တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျို့ကုန်းချွင်က လုပြောသည်။

'သူ့ရဲကောင်းမင်း ပြောတာတွေကို ကျုပ်အားလုံး ကြားပြီးပါပြီ၊ ကျုပ်ပြောချင်တာက ဘာမှ ရှင်းပြနေစရာ မလိုတော့ဘူး၊ ကျုပ်ဟာ အရာရာကို ဆုံးရှုံးထားတဲ့လူပါ၊ ယောကျ်ားကောင်းဆိုတာ လုပ်ရဲရင် ခံရဲရပါတယ်၊ ခင်ဗျားရဲ့ အဆင့်အတန်းနဲ့ ကိုယ့်ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကို တစ်ခြားလူအပေါ် လွှဲချတာတော့ မကောင်းပါဘူး၊ ယောကျ်ားလည်း မပီသပါဘူး၊ သိက္ခာကျတဲ့ အလုပ်တွေပဲဗျာ'

ကျို့ကုန်းချွင်၏စကားသည် လေးနက်ပြီး ခံစားချက်ပါနေသည်။ မင်ရင်ကြွယ် သဘောပေါက်လေပြီ။

သိုင်းလောက၌ ထိပ်တန်းနေရာ၌ ရောက်ရှိနေသောသခင်ကြီး ကျို့ကုန်းချွင်သည် အမှန်တရားကိုပင် မသိမမြင်နိုင်လောက်အောင် သတိ ချို့ယွင်းနေလေပြီ။

မင်ရင်ကြွယ် စဉ်းစားမိသည်။

မိမိ၏လှုပ်ရှားမှုများကို သူတို့ဘက်က ကြည့်ပါက သံသယဖြစ်ရာပင်။

သံသယအဖြစ် ခံရသူသည် သံသယ မျက်လုံးရှင်တို့အား အမှန်ကိုပြောပြသော်လည်း အမှန်ဟု အယုံခံရမည် မဟုတ်ပေ။

ယခုအချိန်၌ ပြဿနာရှင်းခြင်းသည် ရှုပ်အောင်လုပ်နေသည်နှင့်ပင် တူနေပေလိမ့်မည်။

ထို့ကြောင့် လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်ရသည်။

'ကောင်းပါပြီ ကျို့ကုန်းချွင်၊ ကျုပ်တာမှ မပြောလိုတော့ပါဘူး'

မင်ရင်ကြွယ် ကားဖြတ်လိုက်စဉ်မှာပင် ချင်တက်ဟိုင်က အားနည်းချက်ကို ဖိနင်းရန် စောစော လှမ်းတက်သည်။

'နေပါဦး မင်ရင်ကြွယ်၊ စောစောက ပြောခဲ့တာတွေနဲ့ ဆက်စပ်ပြီး ခင်ဗျားမှာ တကယ့်အထောက်အထား ရှိလို့လား'

မင်ရင်ကြွယ် ခေါင်းထောင်လာသည်။

'ရှိလို့ ပြောတာပေါ့ဗျ၊ အဲဒီစကားက ဟူဝန်ဟူရဲ့ တပည့်ကြီးကိုယ်တိုင် ပြောခဲ့တဲ့စကားပဲ'

'ဒါဖြင့် အဲဒီလူကို ကျုပ်ဆီ ခေါ်ခဲ့ပါ'

'ဟားဟား. . . ခင်ဗျားဟာ တော်တော် ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့လူပဲ၊ ဒီကိစ္စဟာ ခင်ဗျား သိပြီးသားကိစ္စပါ၊ ဟိုလူက နှုတ်ပိတ်ခံရလို့ အသက်မဲ့နေပြီပဲဗျာ၊ ဟားဟား'

ချင်တက်ဟိုင်သည် စိတ်ဆိုးမာန်ဆိုး ဖြစ်လာသည်။

ကျို့ကုန်းချွင်က ရှုံ့ရှုံ့ရှားရှားဖြစ်လာသော ချင်တက်ဟိုင်ကို လက်ကာပြလိုက်ပြီး. . .

'သူရဲကောင်းမင်၊ ခင်ဗျားဟာ ရိုးပုံရိုးသားနဲ့ တော်တော်အကွက်လှည့်တတ်တဲ့လူပဲ၊ ကဲ. . . ဒါတွေ ထားလိုက်ပါ၊ ခုလည်း ခင်ဗျား ရောက်လာတာကို ဧည့်သည်လို သဘောထားပါတယ်၊ တစ်ခုတော့ ပြောလိုက်ပါရစေ၊ သိုင်းလောကတစ်ခုလုံးက ခင်ဗျားကို ရန်သူလို့ သတ်မှတ်လိုက်ပြီ ဆိုတာပဲ၊ အဲဒီအထဲမှာ ကျုပ်တို့လည်း ပါဝင်တယ်၊ ဒါကျုပ်တို့ သဘောထားပဲ'

ကျို့ကုန်းချွင်က ဒေါသကို ချုပ်တည်းထားရဟန်နှင့် ပြောသည်။ မင်ရင်ကြွယ်သည် ကျို့ကုန်းချွင်စကားကြောင့် မျက်လုံးကြီး ပြူးကျယ်လာတော့သည်။

ကျို့ကုန်းချွင်သည် မင်ရင်ကြွယ် ပြောလာမည့်စကားကိုပင် နားမထောင်လိုတော့ဟန်နှင့် ဆက်တိုက် ပြောလာပြန်သည်။

'ခင်ဗျား ဘာမှ စောဒက တက်မနေပါနဲ့တော့၊ ရဲတိုက်ထဲဝင်ပြီ လည်ချင်တယ်ဆိုရင် ဧည့်သည်တော်တစ်ယောက်အဖြစ် လက်ခံပြီး ဧည့်ခံပါမယ်၊ ဒီလိုမှ မဟုတ်ဘဲ လာရာလမ်းအတိုင်း ပြန်မယ်ဆိုရင် တံခါးဝအထိ အေးအေးဆေးဆေး လိုက်ပို့ပေးပါမယ်၊ ဒါဟာ ခင်ဗျား အပေါ် နောက်ဆုံး သဘောထားကြီးမှုပါပဲ'

◻



မင်ရင်ကြွယ်သည် ကျို့ကုန်းချွင်၏ ပညာသားပါသော နှင်ထုတ်မှုကို အတော်လေး ခံပြင်းသွားသည်။

'ခင်ဗျားကတောင် ကျုပ်ကို ဒီလို သဘောထားနေပြီကိုး၊ တစ်နေ့တော့ တကယ့်အဖြစ်မှန် ပေါ်လာပါလိမ့်မယ်ဗျာ၊ ကျုပ် မေတ္တာရပ်ခံချင်တာကတော့ ခင်ဗျား ထုတ်ဝေလိုက်တဲ့ သိုင်းလောကသို့ အကြောင်းကြားစာလွှာကိုပြန်ပြီး ရုတ်သိမ်းပေးဖို့ပါပဲ၊ ဒီလိုမှ မဟုတ်ရင်တော့ သတ္တမသူရဲကောင်း သိပ်နောင်တ ရရပါလိမ့်မယ်'

မင်ရင်ကြွယ်၏အသံသည် စိတ်ထိခိုက်မှုကြောင့် တုန်ယင်နေသည်။

'ကျုပ်အခြေအနေကို ကျုပ် ရှင်းရှင်းလင်းလင်း သိပါတယ်မင်၊ ကျုပ် ဘာလုပ်ရမယ်ဆိုတာကိုလည်း ကျုပ်ဦးနှောက်က ညွှန်ကြားပြီးသားပါ'

မင်ရင်ကြွယ် ဘာမျှမပြောလိုတော့ပေ။

'ကဲ. . . ကျုပ်သွားမယ်ဗျာ'

တိုတိုတုတ်တုတ်ပြောပြီး ရပ်နေရာမှ လှည့်ထွက်ခဲ့လေတော့သည်။

ကျို့ကုန်းချွင်သည် မင်ရင်ကြွယ် ပျောက်ကွယ်သွားသည်ကိုပင် စောင့်ကြည့်မနေတော့ဘဲ ရဲတိုက်အတွင်းသို့ ပြန်ဝင်ခဲ့လေတော့သည်။

◀◀ ▶▶

◻

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

## လှည့်ကွက်

မင်ရင်ကြယ် သဘောပေါက်သည်။

ကျို့ကုန်းချွင်သည် အလွန်အမင်း စိတ်ထိခိုက်နေပြီ။

သောကပရိဒေဝသည် အမှောင်နှင့်အလင်းကိုပင် မခွဲခြားနိုင်တော့။

မင်ရင်ကြယ် စာနာထောက်ထားမိသည်။

ကျို့ကုန်းချွင်သည် ဦးနှောက်ကော နှလုံးသားပါ အကျဉ်းအကျပ် ရောက်နေသူပင်တည်း။

ယခုအချိန်၌ အစမှ ရှင်းမပြခြင်းသည်ပင် အကောင်းဆုံးဖြစ်သည်။



မိမိ၏ အကြောက်အကန် ငြင်းဆန်မှုနှင့် ဖြေရှင်းမှုသည် အထင်အမြင် ပိုလွဲစရာ အခြေအနေမျိုးပင်။

နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ဖေးယွင်ရဲတိုက်ကြီးသည် အတော်ဝေးဝေးတွင် ကျန်ရစ်နေခဲ့ပြီ။

ရဲတိုက်အတွင်းမှ မီးရောင်ကလေးများက ပိုးစုန်းကြူးများလို တလက်လက် တောက်နေဆဲဖြစ်သည်။

မိုးကောင်းကင်ထက်မှ လခြမ်းကွေးလေးသည် သိုင်းလောကကို ကြောက်ရွံ့ဟန်နှင့် တိမ်ပဝါကို ဆွဲယူလွှမ်းခြုံလိုက်သည်။

လောကသည် တခဏ် အမှောင်ကျသွားသည်။ မကြာပါ။

တောင်ခါးပန်းတစ်ခုပေါ်မှ ထူးဆန်းသော အသံတစ်သံ ပေါ်လာသည်။

အသံသည် ငိုသံလိုလို၊ ရယ်သံလိုလို၊

အသံကား ကြားရသူကို ကြက်သီးတဖြန်းဖြန်း ထသွားစေမည့်အသံမျိုးဖြစ်သည်။

ယခြမ်းကွေးကွေးလေးသည် ထူးဆန်းသောအသံကြောင့် တိမ်ပဝါကို လှပ်ပစ်လိုက်သည်။

ထိုအခါ အဖြူရောင်ဝတ်စုံနှင့် လူတစ်ယောက်ကို အံ့သြဖွယ် တွေ့လိုက်ရပြန်သည်။

ထိုအချိန်မှာပင် ဖေးယွင်ရဲတိုက်ကြီးမှ လူနှစ်ယောက် တရိပ်ရိပ်ပြေးလာသည်ကိုပါ တွေ့လိုက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လခြမ်းကွေးကွေးသည် စိတ်ဝင်စားစရာအဖြစ်ကြောင့် လောကကို ငုံ့ကြည့်နေတော့သည်။

ရဲတိုက်ထဲမှ ပြေးထွက်လာသော လူနှစ်ယောက်သည် မီးခိုးပြာအကျႌဝတ်လူနှစ်ယောက်ဖြစ်သည်။

သူတို့သည် တောင်ခါးပန်းပေါ်မှ တလှုပ်လှုပ်ဖြစ်နေသော အဖြူရောင်သဏ္ဌာန်ကို အာရုံစိုက်ပြီး တရကြမ်းပြေးနေသည်။

မကြာပါ၊ ဟိုကွေ့သည်ကောက်နှင့် တောင်ခါးပန်းပေါ်ရှိ ကျောက်ဖျာကြီးပေါ်တွင်ရပ်မိကြလေပြီ။

သို့သော် စောစောက အဖြူရောင်သဏ္ဌာန်ကိုကား လုံးလုံး မတွေ့ရတော့ချေ။

နှစ်ယောက်စလုံးသည် ရင်တဒိန်းဒိန်းခုန်ပြီး ခေါင်းနပန်းကြီးသွားသည်။

'ဘာကောင်လဲလို့ ပြေးလိုက်လာကြတာ ခုတော့လဲ ဘာကောင်မှ မရှိဘူး၊ အဖြူရောင်တောကြောင် ဖြစ်မှာပါကွာ. . ဟူး'

ညာဘက်တွင်ရပ်နေသူက နဖူးပေါ်မှ ချွေးစကိုသုတ်ရင်း အကြောက်ပြေ ပြောသည်။

ဘယ်ဘက်က လူက. . .

'ငကြောင်ကလဲ ပေါက်ကရ ပြောနေပြန်ပြီ၊ တောကြောင်က ဒီလောက်ကြီးပါ့မလားကွ'

'အေး. . . တောကြောင်ဖြူ မဟုတ်ရင်တော့ မြေခွေးရှိန်း



တာပဲ၊ အဲဒါကို တွေ့တဲ့လူဟာ သုံးလအတွင်း ဒုက္ခရောက်တတ်သတဲ့ကွဲ မြန်မြန်ပြန်မယ်၊ မြန်မြန်ပြန်မယ်'

'အိုး. . . ခင်ဗျားတော်တော် မဟုတ်တာ ပြောတာပဲ၊ ဒီမှန်စန်းတောင်ပေါ်က တိရစ္ဆာန်တွေ ကျုပ်တို့ သတ်လို့ ကုန်သလောက်ရှိနေပြီ၊ စောစောက အဖြူရိပ်ဟာ ကြောင်လဲ မဟုတ်ဘူး၊ မြေခွေးဖြူလဲ မဟုတ်ဘူး၊ ခင်ဗျားပြန်ချင်ပြန်၊ ကျုပ် မပြန်သေးဘူး၊ ရန်သူဆိုရင် ဘယ့်နှယ်လုပ်မလဲ'

'ရန်သူ. . . ဘယ်က ရန်သူဖြစ်မှာလဲ၊ ကဲဗျာ. . . ခင်ဗျားရှာချင်သေးရင်ရှာ၊ ကျုပ် စောင့်ကြည့်မယ်'

ဘယ်ဘက်ကလူသည် ညာဘက်ကလူကို ဂရုမစိုက်တော့ဘဲ တောင်ခါးပန်းနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသော မြက်ရိုင်းတောကြီးထဲကို စိုက်ကြည့်လိုက်ပြီး ခပ်ကျယ်ကျယ် အော်ပြောလိုက်တော့သည်။

'ဟေ့. . . အဖြူရောင်အကျႌနဲ့လူ၊ ညကြီးသန်းခေါင်တစ္ဆေသရဲယောင် ဆောင်မနေနဲ့၊ ဒီနေရာဟာ ဖေးယွင်ရဲတိုက်ရဲ့ပိုင်နက်နယ်မြေဖြစ်တယ်၊ ဒါကို သဘောပေါက်ရင် ဒီနေရာက အမြန်ဆုံး ထွက်သွားပါ၊ ဒီလိုမှ မဟုတ်ရင် ကျုပ်တို့နဲ့ လာတွေ့ပါ'

အသံသည် မှန်စန်းတောင်တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

ညာဘက်မှလူသည် ဘယ်ဘက်မှလူစကားကြောင့် ပခုံးတွန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့လူ. . . ဘာတွေ လျှောက်အော်နေတာလဲ၊ စောစောကဟာ တစ္ဆေဗျ၊ လူမဟုတ်ဘူး၊ သိုင်းလောကထဲ ကျင်လည်နေတာ အိုသေတော့မယ်၊ ခုထိ တစ္ဆေနဲ့ လူနဲ့ မခွဲတတ်သေးဘူးလား၊ အရူးလို မျက်လုံးပြူးပြီး အော်မနေနဲ့သွားမယ်'

ညာဘက်မှလူသည် စိတ်မရှည်တော့ဟန်နှင့် တောင်အောက်သို့ ပြေးဆင်းတော့သည်။

ဘယ်ဘက်မှလူလည်း မည်သို့မျှ စောဒက မတက်တော့ဘဲ ထိုလူနောက်သို့ ပြေးလိုက်သည်။

မကြာမီမှာပင် တောင်ခါးပန်းပေါ်မှ ထူးဆန်းသော အသံကြီး ပေါ်ထွက်လာပြန်သည်။

မီးခိုးပြာရောင်ဝတ်နှစ်ယောက်သည် တံ့ခနဲ ရပ်သွားပြီး နောက်ကို ပြန်လှည့်ကြည့်လိုက်သည်။

ထူးခြားသော အဖြူရောင်သဏ္ဌာန်ကို ဘွားခနဲ တွေ့ရပြန်မတော့သည်။

နှစ်ယောက်စလုံးသည် အလွန်တုန်လှုပ်သွားကြပြီး ကြောင်ငေးငေးကြီး ဖြစ်နေတော့သည်။ ထိုစဉ် မီးခိုးပြာဝတ်နှစ်ယောက်အနားတွင် ရပ်နေကြသော ထောင်ထောင်မောင်းမောင်းလူနှင့် ပုပုဝဝလူတို့သည် သူတို့နှစ်ယောက်ကို ဘာမျှမမေးမြန်းတော့ဘဲ အဖြူရှိရာ တာဟုန်ထိုး ပြေးသွားပြန်တော့သည်။

'အသုံးမကျတဲ့ကောင်တွေ၊ သတ်ပစ်မယ်၊ သတ်ပစ်မယ် ဟေးဟေး'

———□———



အဖြူရိပ်ထံမှ ထွက်ပေါ်လာသော စကားများပင်။

ထောင်ထောင်မောင်းမောင်းလူနှင့် ပုပုဝဝလူတို့သည် အသံရှင်ကို ဂရုမစိုက်ဘဲ တရကြမ်းပြေးနေသည်။

မကြာမီ တောင်ခါးပန်းပေါ်ရှိ ကျောက်ဖျာကြီးပေါ် ရောက်ရှိခဲ့တော့သည်။

သူတို့နှစ်ယောက်သည် ချင်တက်ဟိုင်နှင့် တူယိဖေးတို့ ဖြစ်သည်။

ထောင်ထောင်မောင်းမောင်းလူသည် ချင်တက်ဟိုင် ဖြစ်ပြီး ပုပုဝဝလူသည် တူယိဖေးဖြစ်သည်။

သိုင်းလောက၌ ဝူချန် သရဲညီအစ်ကိုဟု ကျော်ကြားနေသူများပင်။

သူတို့သည် စောစောက ကျောက်ဖျာကြီးပေါ်တွင်ရပ်ပြီး အော်ဟစ်နေသည့် အဖြူရောင်လူကို ရှာကြည့်ကြသည်။

သိပ်မရှာလိုက်ရပါ။

မြက်ရိုင်းတောကြီးထဲတွင် တလှုပ်လှုပ်လုပ်နေသော အဖြူရောင်လူကို တွေ့ရတော့သည်။

သေသေချာချာ ကြည့်လိုက်သောအခါ အဖြူရောင် ပိုးဝတ်စုံကို ဝတ်ထားသည် ဗျပ်စောင်းစားရှည် စာပေသိုင်းသမား ဝန်ရင်မော် ဖြစ်နေသည်ကို အံ့ဩဘွယ် တွေ့ရှိရတော့သည်။

ဝန်ရင်မော်သည် အကျီလက်အိုးကြီးကို တယမ်းယမ်း လုပ်နေပြီး ငိုလိုက်ရယ်လိုက်ဖြစ်နေသည်။

———□———

www.burmeseclassic.com

www.burmeseclassic.com



သူသည် မလှမ်းမကမ်းတွင် ရပ်နေကြပြီဖြစ်သော လူနှစ်ယောက်ကိုမြင်လိုက်သည်နှင့် ခုန်ဆွခုန်ဆွ လုပ်လိုက်ပြန်သည်။

'ဟေးဟေး . . ဝူချန်သရဲ ညီအစ်ကိုပါလား၊ ဘယ်ကလာခဲ့ကြတာလဲဗျ . . . ဟေးဟေး'

ချင်တက်ဟိုင်နှင့် တူယိဖေးတို့သည် တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်မိလိုက်ကြသည်။

နှစ်ယောက်စလုံးသည် အလွန်အံ့ဩနေကြပေပြီ။

အတန်ကြာမှ ချင်တက်ဟိုင်က လှမ်းပြောသည်။

'သူရဲကောင်းကြီး ဝန်ရင်မော်ကိုး'

ဝန်ရင်မော်က . . .

'ဘယ်က ဝန်ရင်မော်လဲဗျ၊ ကျုပ်က ဘိုးတော်သိကြားမင်းရဲ့ ညကင်းမှူး နတ်မင်းဗျ၊ နတ်ဆိုတာ သူရဲကို ဘယ်တော့မှ မကြောက်ဘူး. . . ဟားဟား'

'သူရဲကောင်းကြီး ဝန်'

ချင်တက်ဟိုင် မျက်လုံး ပြူးလာသည်။

ဝန်ရင်မော်၏ စကားကို ရယ်ရအခက်၊ ကြောက်ရအခက်ဖြစ်နေသည်။

ဝန်ရင်မော်က ရှုံ့ရှုံ့မဲ့မဲ့လုပ်နေရာမှ ပြုံးရယ်လာပြန်သည်။

'သူရဲကောင်းကြီးဝန်ဟုတ်လား၊ ခင်ဗျားတို့ ဘယ်သူ့ကိုပြောနေတာလဲ'

'ခင်ဗျား ဝန်ရင်မော် မဟုတ်ဘူးလား'



'ဟုတ်လိမ့်မယ် နေဦး စဉ်းစားဦးမယ်၊ ကျုပ် ဘယ်သူလဲ ကျုပ်ဘယ်သူလဲ၊ ဟုတ်ပြီ ကျုပ်ဝန်ရင်မော် ၊ မှန်တယ်၊ ကျုပ် ဝန်ရင်မော်ပဲ'

ဝန်ရင်မော်က စိတ်ရှုပ်ဟန်နှင့် ရှုံ့မဲ့ပြီး ခေါင်းညိတ်ပြောသည်။

'ဟုတ်တယ်၊ ကျုပ် ဝန်ရင်မော်၊ ကျုပ် ဝန်ရင်မော်'

ချင်တက်ဟိုင်တို့သည် ဝန်ရင်မော့်ကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

အတန်ကြာမှ ချင်တက်ဟိုင်က မေးသည်။

'ခင်ဗျား ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ၊ သမားတော် စိုက်ဝါထိုက ခင်ဗျားကို ဖမ်းသွားခဲ့တယ်မဟုတ်လား'

ဝန်ရင်မော် မိုးပေါ်ကို မော့ကြည့်လိုက်သည်

'လမင်းကြီးက အောက်ကို စိုက်လာတယ်၊ ဒီတော့ ဟုတ်ပြီ စိုက်. . . စိုက်ဝါထို၊ ကျုပ်မှတ်မိပြီ၊ ကျုပ်ကို ဆေးကုပေးတဲ့လူပဲ၊ သူ့နာမည် စိုက်ဝါထို ဟုတ်လား'

'ဟုတ်ပါတယ်၊ သူရဲကောင်းဝန် သူ့နာမည် စိုက်ဝါထိုပါ'

'ဟားဟား. . . ဒီလူအလကားလူပါ၊ ကျုပ်ကို အကြာကြီး ဘယ်ဖမ်းထားနိုင်မှာလဲ၊ ကျုပ် သူ့လက်ထဲ ထွက်ပြေးလာတာဗျ၊ ဟားဟား. . . ဘယ်ရမလဲ'

ချင်တက်ဟိုင်ကော တူယိဖေးပါ မျက်ခုံးမြင့်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ခင်ဗျား သူ့လက်ထဲက ထွက်ပြေးနိုင်ခဲ့တာကို ကျုပ်တို့ သိပ်ဝမ်းသာတယ်၊ ခင်ဗျားရဲ့ ရဲစွမ်းသတ္တိကိုလဲ သိပ်ချီးကျူးတယ်၊ ခင်ဗျား ခုလို မှုန်စုန်းတောင်ပေါ် ရောက်လာတာကိုလဲ အများကြီး ဂုဏ်ယူမိပါတယ်၊ ဒါပေမယ့် ခင်ဗျား ဒီကို ရောက်လာတာက. . .'

'ကျုပ် တောင်ပေါ်ရောက်နေတယ်ဟုတ်လား၊ ပေါက်ကရတွေ ပြောမနေစမ်းပါနဲ့ဗျာ၊ ကျုပ်က မြက်တောထဲက ကျောက်တုံးပေါ်မှာ ရပ်နေတာပါ'

ဝန်ရင်မော်က မျက်လုံးပြူးမျက်ဆန်ပြူးနှင့်ပြောသည်။

ချင်တက်စဟိုင်သည် ဝန်ရင်မော်ကို အလိုက်အထိုက်ပြောရန် သတိပြုမိလာသည်။

စိတ်ရှုပေါက်ပြီး ဦးနှောက်ချို့ယွင်းနေသူကို ဇွတ်အတင်းပြော၍ မဖြစ်။

'ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်၊ သူရဲကောင်း ဝန်ရင်မော်ဟာ ကျောက်တုံးပေါ်မှာရပ်နေတာပါ။ မှုန်စုန်းတောင်ပေါ်မှာရပ်နေတာ မဟုတ်ပါဘူး၊ ကဲ. . . ဒီနေရာဟာ မြွေကင်းပေါလှတယ်၊ ကျုပ်တို့နောက် လိုက်ခဲ့ပါ'

ဝန်ရင်မော်က တစ်နေရာကို လက်ညှိုးလှမ်းထိုးသည်။

'ဟို မှောင်မည်းနေတဲ့နေရာကိုလားဗျ'

'ဟုတ်ပါတယ်'

ချင်တက်ဟိုင် ခေါင်းညိတ်ပြေသည်။

---



ဝန်ရင်မော်က ခေါင်းခါနေတော့သည်။

'မလုပ်နဲ့ မလုပ်နဲ့၊ အဲဒီမှာ တစ္ဆေရှိတယ်၊ အင်မတန်ဒုက္ခပေးတတ်တဲ့ တစ္ဆေတွေဗျ'

ဝန်ရင်မော်၏ စကားကြောင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံဖြစ်နေသော ချင်တက်ဟိုင် မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး. . .

'ကြောက်စရာ ဘာမှမရှိဘူး ဝန်၊ ကျုပ်တို့က အစောင့်အရှောက်အနေနဲ့ လိုက်ခဲ့မှာပါ'

'ဟားဟား. . . ခင်ဗျားတို့က ကျုပ်ကို စောင့်ရှောက်ပေးမယ်ဟုတ်လား၊ ခင်ဗျားတို့က ဘယ်သူတွေမို့လဲ'

'သူရဲကောင်းဝန် ကျုပ်တို့ကို မမှတ်မိသေးဘူးဗျ၊ ကျို့ကုန်းချင်ရဲ့မိတ်ဆွေ ချင်တက်ဟိုင်နဲ့ တူထိဖေးလေဗျာ'

'ဩဖြင့် ခင်ဗျားက. . '

'ချင်တက်ဟိုင်ပါ'

'ချင်တက်ဟိုင် ဟုတ်လား'

'ဟုတ်ပါတယ်၊ ချင်တက်ဟိုင်ပါ၊ မှတ်မိပြီ မဟုတ်လား'

ဝန်ရင်မော် တစ်စုံတစ်ရာကို ကြောက်ရွံ့သွားဟန်နှင့်တွန့်ခနဲ နောက်ဆုတ်သွားသည်။

ထို့နောက်. .

'မှတ်မိပြီ၊ မှတ်မိပြီ၊ ဟို. . . ဟို. . . ရှောင်ချင်ကို ကျွေးသောက်ဖို့ အရက် အရက် ပို့ခိုင်းတဲ့လူ၊ ကျုပ်ကို ဒုက္ခပေးတဲ့လူ'

www.burmeseclassic.com

www.burmeseclassic.com



ချင်တက်ဟိုင် အကြီးအကျယ် မျက်နှာပျက်သွားသည်။

တိုက်ခိုက်ရန်ပင် ဟန်ပြင်လိုက်မိသည်။

သို့သော် တူယိဖေးက ကမန်းကတန်း ဟန့်တားထားလိုက်သည်။

ထို့နောက် ရှေ့ကို တိုးပြီး ရှင်းပြသည်။

'သခင်လေးဝန်မှားနေပြီ၊ ကျုပ်တို့ဟာ သခင်ကြီး ကျို့ကုန်းချင်ရဲ့မိတ်ဆွေတွေပါ၊ သွေးသောက်ရောင်းရင်းတွေပါ၊ အရက်ပို့ပြီး ဒုက္ခပေးသူတွေ မဟုတ်ပါဘူး၊ သတိထားပါ၊ သတိ ထားပါ၊ ကဲ. . . ကျုပ်တို့နဲ့လိုက်ခဲ့ပါ၊ ရဲတိုက်ကြီးထဲမှာ အေးအေး ဆေးဆေး အနားယူရင်း စားကြသောက်ကြရအောင်'

တူယိဖေးက စကားလမ်းကြောင်းပြောင်းပြီး ချင်တက်ဟိုင်ကို မျက်စပစ်ပြလိုက်သည်။

ထို့နောက် ဝန်ရင်မော်ကို ညှပ်ပြီး မသိမသာ လျှောက်လှမ်းလာကြသည်။

ဝန်ရင်မော်သည် ပြုံးလိုက်ရယ်လိုက်လုပ်ပြီး လိုက်လာသည်။

သို့သော်. . .

ဝန်ရင်မော်သည် ခပ်အေးအေး လျှောက်လှမ်းနေရင်းမှ ဖျတ်ခနဲ ခုန်ပျံပြီး တောင်ပေါ် တက်ပြေးသည်။

ထိုမှ တောနက်ထဲ တွေ့ဝင်သွားတော့သည်။

\+ + +



'ဒီအရှူးက အရူးပါးပါလား'

ချင်တက်ဟိုင်က တီးတိုးရေရွတ်ပြီး မျက်စပစ်သည်။

ထို့နောက် ဝန်ရင်မော်ပြေးရာ တဟုန်ထိုး ပြေးလိုက်လေတော့သည်။

သို့သော်. . .

ဝန်ရင်မော် ထွက်ပြေးရာသည် တောထူသော နေရာဖြစ်နေသဖြင့် ခဏအတွင်း မျက်ခြည်ပြတ်သွားတော့သည်။

ထိုနေရာသည် သစ်ပင်ကြီးများ ပိတ်ဆီးနေသဖြင့် အမှောင်ထုက ပိန်းပိတ်နေသည်။

မိမိလက်ကို ထောင်ကြည့်လျှင်ပင် မမြင်ရသည့် အခြေအနေဖြစ်သည်။

ချင်တက်ဟိုင်သည် တူယိဖေးလက်ကို လှမ်းကိုင်ပြီး. . .

'မဖြစ်တော့ဘူးတူ၊ သူလွတ်သွားရင် အားလုံး ဒုက္ခရောက်မယ်၊ မတွေ့တွေ့အောင် ရှာမှ၊ အရှင်ထက် အသေဖမ်းရမယ်၊ သွားစို့'

'သွား. . . သွား'

ချင်တက်ဟိုင်တော တူယိဖေးပါ တောနက်ထဲသို့ ပြေးဝင်ခဲ့တော့သည်။

သိပ်မကြာပါ။

တောနက်ထဲမှ နှစ်ယောက်သား ပြန်ပြေးထွက်လာကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အံ့ပါဗျာ ကျုပ်တွ ဒီလောက်မြန်မြန် လိုက်တာတောင် အစအန မတွေ့တော့ဘူး၊ အဖြူရောင်ဝတ်ထားတော့ ဘယ်လို ပုန်းပုန်း တွေ့ဖို့များတယ်၊ တောက်လျှောက်ပြေးနေရင်လဲ သစ်ရွက်လှုပ်သံတို့၊ သစ်ခြောက်နင်းသံတို့ ကြားရမယ်၊ ခုတော့ဘာသံမှလည်း မကြားရဘူး၊ စကန္တ အရှေ့ကို ခြေယောင်ပြပြီး အနောက်ကိုများ ပြေးပြီလား'

ချင်တာက်ဟိုင်က ခေါင်းရှုပ်ဟန်နှင့် ပြောသည်။

တူယီဖေးက. . .

'သူ မပြေးနိုင်တော့ဘူး၊ တျုပ်တို့လက်ကလည်း လွတ်အောင် မပြေးနိုင်ဘူး၊ ခင်ဗျားပြောသလို တောနက်ထဲ ဝင်ပြေးရင် တစ်စုံတစ်ရာအသံတော့ ကြားရမယ်၊ ဒါပေမယ့် ခုထိ ဘာသံကြားသလဲ၊ တိတ်နေလိုက်တာမှ အပ်ကျသံတောင် ကြားရမယ်'

'ခင်ဗျားက သူ တောထဲမှာ ရှိနေတယ်လို့ ယူဆသလား'

'သေချာပါတယ်'

'ဒီလိုဆိုရင် မတွေ့တွေ့အောင် ရှာရမယ်၊ သူ လွတ်သွားရင် ကျုပ်ရဲ့ သံမျက်နှာဝိညာဉ်အဖွဲ့ရော၊ ခင်ဗျားရဲ့ အကြမ်းဆုံးလူသတ်သမားအဖွဲ့ပါ ရေစုန်မျောသွားလိမ့်မယ်'

ချင်တက်ဟိုင်က ပြောပြောဆိုဆို တောနက်ထဲသို့ ပြန်ဝင်ရန် ဟန်ပြင်လိုက်သည်။

တူယိဖေးက ကမန်းကတန်း လှမ်းတားသည်။

'နေဦး မလောနဲ့၊ ကျုပ် အကြံရပြီ'



'ပြောပါဦး ဘယ်လိုအကြံလဲ'

'ကျုပ်တို့နှစ်ယောက် တစ်နေရာစီခွဲပြီး ထွက်ပေါက်ပိတ်မယ်၊ နောက် တောကို မီးရှို့မယ်၊ မီးဆိုရင် ဘယ်သူမှ ပုန်းမနေရဲဘူး၊ ရှိတဲ့နေရာက ပြေးထွက်လာလိမ့်မယ်'

'တောင်းတယ်၊ ခုချိန်မှာ ဒီလောက်ကောင်းတဲ့ အကြံမရှိတော့ဘူး၊ နေပါဦး သူ ထွက်မလာရင် ဘယ့်နှယ်လုပ်မလဲ'

'အိုး. . . ဒါများ အဆန်းလုပ်လို့၊ ကျုပ်တို့ အလုပ်မရှုပ်တော့ရုံပေါ့၊ မီးဆိုတာ သံကိုတောင် အရည်ပျော်စေတာပဲဥစ္စာ'

'မဖြစ်ဘူး ပြဿနာ ပိုတက်လာလိမ့်မယ်'

'အိုး. . . ဒီကိစ္စက ကျုပ်တို့ နှစ်ယောက်တည်း သိတဲ့ဥစ္စာ၊ ဘယ်သူ့ကို ကြောက်နေရဦးမှာလဲ'

'ဒီလိုဆိုရင်လဲ လုပ်ဗျာ၊ ကိစ္စမြန်မြန်ပြီး မြန်မြန်အေးတာပဲ'

'ခင်ဗျားမှာ မီးပါတယ် မဟုတ်လား၊ ရှို့တော့'

ချင်တက်ဟိုင်က ခေါင်းညိတ်ပြီး မီးခတ်ကျောက်ကို ထုတ်သည်။

ထို့နောက် တချောက်ချောက်မြည်အောင် ခတ်သည်။

မီးပွင့်များ ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားသည်။

သို့သော် လေတစ်ချက် ဟူးခနဲ တိုက်သွားသဖြင့် ငြိမ်းသွားသည်။

သုံးလေးကြိမ် ထပ်ခတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးစွဲသည်နှင့် လေက ဟူးခနဲ ဟူးခနဲ တိုက်လာသည်။

တူယိဖေး ခေါင်းထောင်လာတော့သည်။

'လေက ရိုးရိုးလေမဟုတ်ဘူး၊ မှုတ်တဲ့လေ၊ မဟုတ်မှ လွဲရော၊ ဒီနားမှာ အဆင့်မြင့် သိုင်းသမားတစ်ယောက်ယောက် ရောက်နေပြီ'

တူယိဖေးစကားကြောင့် ချင်တက်ဟိုင်မျက်လုံး ပြူးသွားသည်။

ခုမှ အခြေအနေကို အကဲခတ်မိလာသည်။

တူယိဖေးသည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်ပြီး

'အဆင့်မြင့် သိုင်းပညာရှင်ကြီး ပုန်းမနေပါနဲ့၊ ထွက်ခဲ့ပါ၊ ကျုပ်တို့ဆီ ကြွလာခဲ့ပါ၊ ကျုပ်တို့ ဝမ်းပန်းတသာ ဖိတ်ခေါ်ပါတယ်'

တူယိဖေးသည် အော်ရင်းဟစ်ရင်း တောနက်ထဲသို့ ခုန်ဝင်သွားသည်။

မကြာပါ။

တူယိဖေး၏ 'အင်း. . .'ဟူသော အသံကြီးပေါ်ထွက်လာတော့သည်။

'ဘာဖြစ်တာလဲဟေ့'

ချင်တက်ဟိုင်က ထိတ်ထိတ်ပျာပျာ လှမ်းအော်သည်။ တူယိဖေးထံမှ တုံ့ပြန်သံ မကြားရပေ။

တူယိဖေးသည် နွံအိုင်ကြီးထဲ နစ်မြုပ်သွားသကဲ့သို့ လူရော အသံပါ ပျောက်သွားပြီ။



နှတာနက်ထဲတွင် အဆင့်မြင့် သိုင်းပညာရှင် ရှိနေမှာ သေချာနေလေပြီ။

မဖြစ်။

သည်နေရာမှာ ကြာကြာနေ၍ မဖြစ်။

ချင်တက်ဟိုင် ပြေးရန် ကြံတော့သည်။

ထိုစဉ်. . .

'ဟော့လူ. . . မိတ်ရင်းဆွေရင်း ရောင်းရင်းတစ်ယောက်ကို ဒီအတိုင်း ပစ်ထားခဲ့တော့မှာလား'

အသံသည် စူးရှပြီး ဟုန်ဟည်းနေသည်။

နားထဲသို့ သံချွန်နှင့် ထိုးလိုက်သလား အောက်မေ့ရသည်။

ချင်တက်ဟိုင်တစ်ကိုယ်လုံး ထုံကျဉ်သွားသလို ခံစားလိုက်ရသည်။

ဤအသံကို တစ်ချိန်တစ်ခါက ကြားဖူးခဲ့သည်ဟု ထင်သည်။

ချင်တက်ဟိုင် တွေဝေမနေတော့။

ခြေဦးတည့်ရာ စွတ်ပြေးတော့သည်။

သို့သော်. . .။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

## သိုင်းအားပျက်သူ

အဖြူရိပ်တစ်ရိပ်သည် သူ့ထက် လျင်မြန်စွာ လှုပ်ရှားပြီး လက်ခနဲ ဖြတ်ကာ သူ့ရှေ့ ရောက်လာသည်။

ခင်တက်ဟိုင် တုံ့ခနဲ ရပ်လိုက်သည်။

ရှေ့မှာ ရန်သူ ရပ်နေပြီ။

ချင်တက်ဟိုင် ဘာမျှ မစဉ်းစားတော့။

ရန်သူ၏ရင်ဝကို ဘောင်းခနဲ လှမ်းကန်လိုက်တော့သည်။

'တယ်ဟုတ်ပါလား၊ တတိယ ရဲတိုက်သခင်ကြီးရဲ့ လက်ရည်ဟာ သိပ်နုသေးတယ်ဗျ'

လှောင်သံနှင့်အတူ တုံ့ပြန်ရိုက်သံပါ ဝုစ်ခနဲ မြည်သွား





သည်။

'ဘောင်း' ဟူသော အသံကြီး မြည်သွားပြီ ချင်တက်ဟိုင် လွင့်စဉ်သွားတော့သည်။

သို့သော် ချင်တက်ဟိုင်သည် မြေကြီးပေါ် လဲကျမသွားအောင် မြန်ထိန်းထားလိုက်သည်။

'ခင်ဗျား. . . ခင်ဗျား. . . မင်ရင်ကြွယ်'

'ဟုတ်တယ် ကျုပ်မင်ရင်ကြွယ်၊ ခင်ဗျား ညာချင်သေးသလား၊ ခင်ဗျားတို့နှစ်ယောက် ပြောနေတာကို ကျုပ် အားလုံး ကြားပြီးပြီ၊ ခင်ဗျားတို့ဟာ ငကွဲတတစ်ယောက်ကို သတ်ဖို့ ကြိုးစားနေတဲ့လူတွေပဲ'

'ခင်ဗျား. . . ခင်ဗျား တောနက်ထဲမှာ ရှိနေသလား'

'ဟုတ်တယ်၊ ဝန်ရင်မော်က သူ့ဘာသာသူ ဒီကိုရောက်လာမတဲ့လား'

ချင်တက်ဟိုင် မျက်လုံး ခုမှ ပိုပြူးလာတော့သည်။

သို့သော် မင်ရင်ကြွယ့်စကားကို မရှင်း၊ နားရှုပ်နေဆဲ ရှိသည်။

'နေပါဦး၊ ဝန်ရင်မော်ကို ခင်ဗျား ခေါ်လာခဲ့တာလား'

'ဟုတ်တယ်'

မင်ရင်ကြွယ်တ ခပ်တည်တည်နှင့် ခပ်တိုတိုဖြေသည်။

ချင်တက်ဟိုင်သည် မိမိပေါ်ဆမှုကို အပြစ်တင်မဆုံးတော့။

'ဒါဖြင့် ဝန်ရင်မော် ခုဘယ်မှာ ရှိနေသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့ ရောင်းရင်းကြီးအနားမှာ သွေးကြောပိတ် ထားခဲ့တယ်'

'ဘာပြောတယ် ဝန်ရင်မော်ကို သွေးကြောပိတ်ထားတယ် ဟုတ်လား'

'ဟုတ်တယ်'

'တွယ်ဖေးကော ခင်ဗျား ဘယ်လိုလုပ်ထားသလဲ'

'ဘာမှ မလုပ်ပါဘူး မလှုပ်နိုင်အောင် သွေးကြော ပိတ်ထားရုံလေးပါ'

ချင်တက်ဟိုင်သည် အခြေအနေဆိုးရွားနေပြီဖြစ်ကြောင်း သတိပြုမိလာသည်။

စကားပြောနေရင်းက နောက်ကို မသိမသာ ဆုတ်သွားသည်။

ထို့နောက် ဖျတ်ခနဲ ခုန်ပျံပြီး တောနက်ထဲ ဝင်ပြေးတော့သည်။

မင်ရင်ကြွယ် ငြိမ်မနေ ဟက်ခနဲ ရယ်ပြီး ဖျတ်ခနဲ ခုန်လိုက်သည်။ သူ့နောက်ကျောမှနေ၍ ပခုံးကို ဖမ်းကိုင်လိုက်သည်။

ချင်တက်ဟိုင် ကြောက်အားလန့်အားနှင့် လက်နောက်ပြန် ရိုက်သည်။

သို့သော် မင်ရင်ကြွယ်က သူ့လက်ကောက်ဝတ်ကို ဖမ်းချုပ်လိုက်တော့သည်။

ပြင်းထန်သော ညှစ်အားကြောင့် ချင်တက်ဟိုင် တစ်ကိုယ်လုံး တုန်ခါသွားသည်။ ထုံကျင်ကိုက်ခဲသွားသည်။

'တတိယ ရဲတိုက်သခင်ကြီး၊ ခင်ဗျား ခုထိ မိုက်တွင်းနက်နေသလား၊ ခင်ဗျား ဘယ်တော့မှ ကျုပ်လက်က လွတ်အောင် မပြေးနိုင်ဘူး၊ သက်မသေချင်ရင် ကျုပ်မေးတာကို မြန်မြန်ဖြေ. . .'

ချင်တက်ဟိုင်သည် ခေါင်းငုံ့ပြီး ငြိမ်နေတော့သည်။

ဘာစကားမျှ မပြောတော့။

'ဝန်ရင်မော်ကို လုပ်ကြံတာ ဘယ်သူလဲ ပြောစမ်း'

ချင်တက်ဟိုင် မဖြေ။

ငြိမ်မြဲ ငြိမ်နေသည်။

'ဟော့လူ. . . မေးနေတာ မကြားဘူးလား၊ ဝန်ရင်မော်ကို လုပ်ကြံတာ ဘယ်သူလဲ၊ အကြံပေးတာ ဘယ်သူလဲ၊ ကျုပ်မေးတာကို မဖြေရင် ခင်ဗျားကိုယ်ထဲက သွေးတွေ ပြောင်းပြန်စီးသွားလိမ့်မယ်'

ချင်တက်ဟိုင် ငြိမ်မနေရဲတော့။

မင်ရင်ကြွယ်သည် သူ့စကားကို ပြင်မည့်သူ မဟုတ်။ သူပြောသလို တကယ်လုပ်မှာတော့မည်။

'ဒီ. . . ဒီကိစ္စက ရင်ခုန်ဖန်း အကြံပေးတဲ့ကိစ္စပါ'

'ဘာပြောတယ်၊ ခင်ဗျားက သေတဲ့လူအပေါ် ပုံချနေတာလား၊ ထားတော့ ရင်ခုန်ဖန်းက အကြံပေးတယ်ဆိုရင် ခင်ဗျားက ဘာဖြစ်လို့ လုပ်ကြံခဲ့သလဲ'

'လုပ်ကြံတာက ဟူဝန်ဟူပါ၊ ရင်ခုန်ဖန်းက အကြံပေးတာပါ၊ ရင်ခုန်ဖန်းရဲ့မယားငယ်က ယော်ကျားတန်ခေါင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချင်ကို ခေါ်ထုတ်ခဲ့တာပါ'

'ခင်ဗျားစကားက ပဟေဠိဆန်တဲ့စကားပဲ၊ ဝန်ရင်မော်နဲ့ ဟူဝန်ဟူဟာ သိကျွမ်းသူတွေ မဟုတ်ဘူး'

'ဟူဝန်ဟူက ဝန်ရင်ဖော်ကို သိတယ်ဆိုရင် လုံးလောက်ပါတယ်'

သူက ဘာဖြစ်လို့ လုပ်ကြံခဲ့တာလဲ'

'ဒါတော့ ကျုပ် မသိဘူး၊ သိတာက သူကိုယ်တိုင်ပဲ'

'ဒီလိုဆိုရင် ခင်ဗျားနဲ့ တူယိဇွဖးက ဟူဝန်ဟူရဲ့အမိန့်ကို ဘာဖြစ်လို့ နာခံခဲ့ကြတာလဲ'

'ကျုပ်တို့က မဟာမိတ်ညီအစ်ကိုအဖြစ် သစ္စာပြုခဲ့လို့ပေါ့'

'ရှင်ခုန်ဖန်းကကော ဘာဖြစ်လို့ နားထောင်ခဲ့တာလဲ'

'သူလဲ မဟာမိတ်ညီအစ်ကိုပဲ သစ္စာရှိအစ်ကိုကြီးဗျ'

'ဟားဟား. . . ခင်ဗျားတို့က တစ်လိမ်တည်း တစ်ဉာဏ်တည်း ဂိုဏ်းဖွဲ့ထားတာကိုး၊ ခင်ဗျားတို့က ဒီနည်းနဲ့ ဖေးယွင်ရဲတိုက်မှာ ဒုတိယသခင်ကြီး၊ တတိယသခင်ကြီးဆိုပြီး နေရာယူခဲ့ကြတာကိုး၊ ရထားတဲ့ ရာထူးဂုဏ်သိန်နဲ့ ထင်ရာစိုင်းနေကြတာကိုး၊ အံ့ပါ့ဗျာ အံ့ပါ့၊ ဒါနဲ့ လီချွန်းလူကကော'

'သူ့ကိုတော့ ကျုပ်တို့က ကျုပ်တို့စကား နားထောင်အောင် လုပ်ထားလို့ပဲ'

'ဘယ်လိုလုပ်ထားလို့လဲ'

'အဆိပ်ကျွေးထားတာ၊ အထူးစီမံထားတဲ့ အဆိပ်ပဲ၊





သုံးရက်ကြာတိုင်း ဖြေဆေးတောင်းနေရတယ်၊ ဖြေဆေးက အကန့်အသတ်နဲ့ ပေးတဲ့ ဖြေဆေး၊ ဒီလိုမှ တောင်းမစားရင် အဆိပ်တက်ပြီး သေရမယ်၊ ဒါ ကျုပ်တို့ရဲ့ ချုပ်ကိုင်နည်းပဲ'

'ခင်ဗျားတို့ တော်တော်လူမဆန်တာပဲ၊ အဲဒီအဆိပ်ကို ဖြေနိုင်တဲ့ဆေးက တစ်ခြားမှာ မရှိဘူးလား'

'မရှိဘူး၊ သီးခြားဖော်စပ်ထားတဲ့ဆေး'

'ဒါဖြင့် အဲဒီဆေး ဘယ်မှာလဲ'

'တူယိဖေးဆီမှာ'

'ကောင်းပြီ၊ ဒါနဲ့ လီချွန်းလူကို ဘာဖြစ်လို့ အဲဒီလို လုပ်ထားရတာလဲ'

'ကျုပ်တို့ ညီအစ်ကိုတွေ သိုင်းလောကကို အုပ်စိုးချင်လို့ပဲ၊ ဖေးယွင် (တိမ်ပျံ) ရဲတိုက်ဟာ ကျုပ်တို့ ခြေကုပ်ယူထားတဲ့စခန်းပဲ'

မင်ရင်ကြယ်၏ မျက်လုံးအရောင်သည် ပိုပြီး ဝင်းပြောင်လာသည်။

'ခင်ဗျားတို့ဟာ တော်တော် လောဘကြီးတဲ့လူတွေပဲ။ ခင်ဗျားတို့ အစ်ကိုကြီး ဟူဝန်ဟူ ဘယ်မှာ ရှိနေသလဲ'

ချင်တက်ဟိုင်သည် မမျှော်လင့်သော မေးခွန်းကြောင့် တစ်ကိုယ်လုံး တုန်ခါသွားသည်။ မည်သို့မျှ ဖြေကြားခြင်း မပြုတော့။

'ဘာလဲ ကျုပ် အကြမ်းဖက်မှာကို စောင့်နေတာလား'

မင်ရင်ကြယ့်အသံက မိုးခြိမ်းသလို ဟိန်းသွားသည်။

'ဟူဝန်ဟူနဲ့ ကျုပ်ဟာ သစ္စာရှိ သွေးသောက်တွေပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သူ့ကို ရှောင်းစားရတော့မှာလား'

'ဟားဟား... တူယိဖေးကိုတောင် ဂရုမစိုက်တဲ့လူက သစ္စာစကားတွေ ပြောနေသလား၊ သစ္စာစကားနဲ့ ခင်ဗျားနဲ့ မတန်ပါဘူးဗျာ၊ အပိုတွေ ပြောမနေစမ်းပါနဲ့'

ချင်တက်ဟိုင်သည် အသားတဆတ်ဆတ်တုန်ခါပြီး အံကြိတ်နေသည်။

နောက်ဆုံးတွင် မာနကျိုးပြီး သစ္စာဖောက်လာသည်။

'အင်း...မတတ်သာတော့လည်း ပြောရမှာပေါ့ဗျာ ခင်ဗျားမို့လို့ပေါ့၊ ဟင်း... သူ တူစန်းဟူ ရေကန်မှာ ရှိနေပါတယ်'

'ဩော်...ဩော်...စောစောကသိရင် အကောင်းသား ကျုပ် ဒီကို တူစန်းဟူရေကန်က လာခဲ့တာ၊ ဒီလူ တူစန်းဟူ ရေကန်မှာ ရှိနေမှန်းသိရင် ဘယ်လောက်ကောင်းမလဲ၊ ခုတော့ နီးရာက ဝေးလာခဲ့ပြီ၊ အလုပ်က မရှုပ်သင့်ဘဲ ရှုပ်လာတာကိုး'

မင်ရင်ကြွယ်သည် စကားပြော ရပ်ပြီး ချင်တက်ဟိုင်ထံ အကဲခတ်ပြန်သည်။

ချင်တက်ဟိုင်သည် အမှန်တကယ် ကြောက်ရွံ့နေသည့် သို့ပင်။

မင်ရင်ကြွယ်က ခပ်အေးအေး ထပ်ပြောသည်။

'တူစန်းဟူရေကန်ကြီးဒေသဟာ အတော် ကျယ်ဝန်းလှ နေရာပဲ'

ချင်တက်ဟိုင်က ကောင်းကင်ကို မော့ကြည့်ပြီး ခပ်မာမာ



ပြန်ပြောသည်။

'ခင်ဗျားဆန္ဒ ပြည့်ဝစေမယ်၊ လှေကြီးကို အိမ်လိုသဘော ထားပြီး နေတဲ့ တံငါသည်တစ်ယောက်ရှိတယ်၊ အဲဒီကိုသာ သွား၊ ခင်ဗျားဆန္ဒပြည့်လိမ့်မယ်'

'ကောင်းပြီ၊ ကျုပ်ခင်ဗျားကို အသက်ချမ်းသာပေးလိုက်ပြီ၊ ညာပြောရင်တော့ ခင်ဗျား အသတ်ခံရမှာ အသေအချာပဲ၊ မိုးကုတ်စက်ဝိုင်းရဲ့ ဟိုဘက်မှာ ပုန်းနေတာတောင် မရအရရှာပြီး သတ်မှာ အမှန်ပဲ၊ ဒီတော့ နောက်ဆုံး မေးခွန်းတစ်ခုကိုဖြေပါ၊ ခင်ဗျားတို့ ကျိုမိသားစုအိမ်တော်ကြီးကို ဘာဖြစ်လို့ မီးရှို့ဖျက်ဆီးခဲ့ကြတာလဲ'

'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကို အထင်မလွဲပါနဲ့၊ အဲဒီအိမ်ကြီး မီးရှို့ဖျက်ဆီးခံရတာဟာ ကျုပ်တို့နဲ့ လုံးဝ မပတ်သက်ပါဘူး'

'တကယ်ပြောနေတာလားဗျ'

မင်ရင်ကြွယ်က ရယ်ကျဲကျဲ လုပ်ပြီး မေးသည်။

ချင်တက်ဟိုင်က မျက်နှာသေးသေးလေးနှင့် ဖြေသည်။

'အရေးကြီးတဲ့အချက်တွေကိုတောင် ဝန်ခံပြီးနေမှ ဒီ မေးခွန်းကို ဝန်မခံစရာအကြောင်း မရှိတော့ပါဘူးဗျာ၊ ကျုပ်တို့နဲ့ တကယ်မပတ်သက်တာပါ'

'ကောင်းပြီ၊ ခင်ဗျားစကားကို ကျုပ်ယုံထားလိုက်ဦးမယ်၊ ခုချိန်က စပြီး ခင်ဗျားအသက်ကို ချမ်းသာပေးလိုက်ပြီ၊ ခင်ဗျား လိုရာသွားနိုင်ပြီ'

မင်ရင်ကြွယ်သည် ချင်တက်ဟိုင်၏ သွေးကြောမ ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကို ချုပ်ကိုင်ထားရာမှ ဖြေလျှော့ပေးလိုက်သည်။

ချင်တက်ဟိုင်သည် မင်ရင်ကြယ် တကယ် လွှတ်ပေးမှုကို အံ့အားအသင့်ကြီး သင့်သွားတော့သည်။

သို့သော် မယုံမရဲ ဖြစ်နေသေးသည်။

'ခင်. . . ခင်ဗျား. . . တကယ်လွှတ်ပြီနော်'

'ကျုပ် ကတိတည်တဲ့လူပါ၊ သွားမှာသာ သွားစမ်းပါ'

ချင်တက်ဟိုင်၏မျက်နှာသည် တစ်မုဟုတ်ချင်း ဝင်းထိန်သွားသည်။ သေတွင်းမှ လွတ်လာပြီဖြစ်သဖြင့် မဖော်ပြနိုင်သော ကြည်နူးမှု၊ ဝမ်းမြောက်မှုကို ခံစားလိုက်ရသည်။

ထို့ကြောင့် ဖျတ်ခနဲ ခုန်လိုက်တော့သည်။

သို့သော်. . .

ချင်တက်ဟိုင်သည် အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။ အလွန်အဖိုးတန်သော ရတနာတစ်ခု ပျောက်ဆုံးသွားသလို ခံစားလိုက်ရသည်။

'ခင်ဗျား. . . ခင်ဗျား'

ချင်တက်ဟိုင်၏လေသံသည် တုန်ယင်လှိုက်လှဲနေတော့သည်။

မျက်နှာတွင်ဒေါသဖြစ်ခြင်း နာကျည်းခြင်း၊ အခံရခက်ခြင်း စသည့် ဝေဒနာရိပ်များ ဖုံးလွှမ်းသွားသည်။

မင်ရင်ကြယ် ဟက်ခနဲ ရယ်ပြီး ပြောလာသည်။

'မကျေမနပ် မဖြစ်ပါနဲ့ ချင်၊ ခင်ဗျားဟာ ဝန်ရင်မော်





လုပ်ကြံမှုမှာ ကြံရာပါတစ်ယောက်ပါ၊ ကြီးမားတဲ့ပြစ်မှုကို ကျူးလွန်သူကို ပံ့ပိုးကူညီသူပေါ့၊ ဒီတော့ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံစားသင့်တယ်၊ ကျုပ်က ခင်ဗျားရဲ့ သိုင်းအားတွေကို ဖျက်ဆီးရုံ ဖျက်ဆီးလိုက်တာပါ၊ လူကိုသတ်တာ မဟုတ်ပါဘူး၊ မတရားမှု ကျူးလွန်သူလက်ထဲက လက်နက်ကို ရိုက်ချိုးပစ်တဲ့သဘောပါ ဟဲဟဲ၊ မတရားသူလက်ထဲက_လက်နက်ဟာ အပြစ်မဲ့သူတွေအတွက် အန္တရာယ်ပစ္စည်းပါ'

'ခင်ဗျား. . . ခင်ဗျား. . . ပြောတုန်း ဂတော့. . . '

'ကျုပ် မှတ်မိပါတယ်၊ ခင်ဗျားကို မသတ်ဘူး အသက်ချမ်းသာခွင့် ပေးမယ်လို့ပြောတာ၊ အသက်ထက် ဘာများ တန်ဖိုးကြီးသေးသလဲ'

ချင်တက်ဟိုင် အံကြိတ်ပစ်လိုက်သည်။

သိုင်းသမားတစ်ယောက် သိုင်းအားအဖျက်ခံလိုက်ရခြင်းသည် သေသည်နှင့်မခြား။ အလွန်မခံချင်စရာကောင်းသည်။

သို့သော် မတတ်နိုင်၊ လည်စင်းခံရုံသာ ရှိတော့သည်။

'မိုးကောင်းတုန်းတော့ ရွာနှင့်ဦးပေါ့ဗျာ၊ ကျုပ်တစ်သက် ခင်ဗျားကို ဘယ်တော့မှ မမေ့ဘူး'

ချင်တက်ဟိုင်သည် စကားဆုံးသည်နှင့် တောင်ခြေရှိရာသို့ ဦးတည်သွားတော့သည်။

ခေါင်းငိုက်စိုက်ချပြီး တစ်လှမ်းချင်း လျှောက်နေသော ချင်တက်ဟိုင်သည် ဘယ်ကိုမျှ လှည့်မကြည့်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အရှုံးသမားတစ်ယောက်၏ ခြေလှမ်းသည် တဲအိမ်ဖျက်လို ယိုင်နဲ့နေတော့သည်။

မင်းရင်ကြွယ်သည် ချင်တက်ဟိုင်ကို ပြုံးကြည့်နေရာမှ တောနက်အတွင်းသို့ လှမ်းဝင်လိုက်သည်။

တူယီဖေးအိတ်ထဲမှ ဖြေဆေးကို ရှာယူသည်။

ပိတ်ထားသောသွေးကြောကို ဖွင့်ပေးသည်။

တောစပ်သို့ ပြန်ထွက်လာသောအခါ အစိမ်းရောင်အလင်းတန်းမျှာ လင်းလက်သွားသည်။

ချင်တက်ဟိုင်၏ အော်သံနှင့်အတူ တူယီဖေး၏အော်သံကိုတစ်ပြိုင်နက်တည်း ကြားရသည်။

ဖျတ်ခနဲ ကြည့်လိုက်သောအခါ တူယီဖေးကော ချင်တက်ဟိုင်ပါ ဘိုင်းခနဲ လဲကျသွားသည်ကို တွေ့ရသည်။

နှစ်ယောက်စလုံး တဒင်္ဂအတွင်း အသက်ထွက်သွားကြသည်။

မင်းရင်ကြွယ်ပင် ထိတ်လန့်တုန်လှုပ်သွားတော့သည်။

သူ့ရှေ့တွင် သတ္တမသူရဲကောင်း ကျို့ကုန်းချွင်ကို မားမားမတ်မတ်ကြီး တွေ့မြင်နေရပေပြီ။

သူနှင့် အမြဲ မကွာလိုက်ပါလာတတ်သော စွန်းပုရှောင်ကိုမူ မတွေ့ရချေ။

မင်းရင်ကြွယ်သည် ယခုမှ စိတ်အေးသလို ဖြစ်သွားပြီး ဂါရဝပြု နှုတ်ဆက်လိုက်သည်။

—□—



'ဘယ်သူများလဲလို့ သတ္တမသူရဲကောင်းကိုး'

'ဟုတ်ပါတယ်၊ ကျုပ်တို့ကို ကူညီခဲ့တာ သိပ်ကျေးဇူးတင်ပါတယ်၊ တစ်နေ့ကျရင် ခင်ဗျားရဲ့ကျေးဇူးကို ထိုက်ထိုက်တန်တန် ပြန်ဆပ်ပါ့မယ်၊ ကျုပ် လောလောဆယ် တောင်းဆိုလိုတာက ကျုပ်ညီ ဝန်ရင်မော်ကို ကျုပ်လက်ထဲ ပြန်အပ်ပါ'

'ဟင်းဟင်း. . . သတ္တမသူရဲကောင်း အထင်မှားနေပြီ၊ ဝန်ရင်မော် ဒီမှာ မရှိပါဘူး၊ စောစောကကိစ္စတွေတာ ကျုပ်ရဲ့လှည့်ဖြားချက်တွေပါ၊ တရားခံ အစစ်ကို ဖော်ထုတ်ချင်လို့ ဝန်ရင်မော်ဟန်ဆောင်ပြီး ချင်တက်ဟိုင်တို့ကို မျှားထုတ်ခဲ့တာပါ၊ ဒီနည်းနဲ့ပဲ သူတို့ကို ဝန်ခံခိုင်းခဲ့တာပါ'

သတ္တမသူရဲကောင်း ကျို့ကုန်းချွင်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွားသည်။

အတန်ကြာမှ. . .

'သူရဲကောင်းမင်း တကယ်ပြောနေတာလားဗျာ'

'ခင်ဗျားကို လိမ်ပြောစရာ အကြောင်းမရှိပါဘူး၊ မယုံရင် တောနက်ထဲကို လိုက်ခဲ့ပါ၊ ကျုပ်. . .'

'နေပါစေဗျာ၊ ခင်ဗျားရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာကို ကျုပ်ယုံကြည်ပါတယ်၊ လိုက်ကြည့်ဖို့ မလိုတော့ပါဘူး'

'သိပ်လဲ အထင်ကြီးမနေနဲ့ဦး သတ္တမသူရဲကောင်း၊ ကျုပ်က အမှောင်ကို အသုံးချခဲ့တာဗျ၊ လခြမ်းကွေးရဲ့ မှုန်မှုန်ဝါးဝါးအလင်းရောင်ဟာ ကျုပ်ကို အကူအညီ ပေးခဲ့တာ၊ နေ့လည်ခင်း

—□—

www.burmeseclassic.com

www.burmeseclassic.com



ဆို ဒီဆက်ဖြူအောင်မှာ မဟုတ်သေးဘူး'

'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ချီးကျူးထိုက်တဲ့ လူတစ်ယောက် ပါ။ တဲ. . . ကျုပ်ညီနောက် လိုက်လိုက်ဦးမယ်၊ ခွင့်ပြုပါ မင်း'

သတ္တမသူရဲတောင်း ကျို့ကုန်းချွင်က ဦးညွှတ်ဂါရဝပြုပြီး အလောသုံးဆယ် ပြောသည်။

စကားဆုံးသည်နှင့် လက်ဝဲဘက်သို့ ခုန်ဖျံထွက်သွားသည်။

မင်းရင်ကြွယ်သည် ကျို့ကုန်းချွင်ကို တားမြစ်ချင်သော်လည်း ပေါ်လာသောစိတ်ကို ပြန်ချုပ်လိုက်မိသည်။

ထို့နောက် ဖေးယွင်ရဲတိုက်ရှိရာ ပြေးလာမိတော့သည်။

◀◀ ▶▶



## အခန်း (၃၂)

## ဟွာဝန်ဟွာ၏ ဦးခေါင်း

သိပ်မကြာလိုက်ပါ။

မင်းရင်ကြွယ်သည် ဖေးယွင်ရဲတိုက်အတွင်းသို့ ရောက်ရှိခဲ့တော့သည်။

ထိုအချိန်မှာပင် အတွင်းဘက်မှ အော်ဟစ်ပြောသံ ထွက်လာသည်။

'အချိန်မတော် ရဲတိုက်ထဲ ဝင်လာတာ ဘယ်သူလဲ'

မင်းရင်ကြွယ်သည် ပတ်ဝန်းကျင်ကို သတိထားပြီး ရပ်တန့်နေရာမှ ခပ်ကျယ်ကျယ် ပြန်ဖြေလိုက်သည်။

'သိုင်းလောကထဲက အညတရ စာပေသမားပါ။ ဒိုတိုက်

www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးလီနဲ့ တွေ့ဆုံပေးဖို့ မေတ္တာရပ်ပါတယ်'

မင်ရင်ကြွယ်၏ အသံသည် စူးရှ နက်ရှိုင်းလှသည်။ ရဲတိုက်တစ်ခုလုံးပင် ပဲ့တင်ထပ်သွားသည်။

အတွင်းဘက်မှ အသံတစ်သံ ပေါ်လာသည်။

'နေ့ဘက်မလာဘဲ ညဘက်မှ လာရသလား၊ အချိန်မတော် ဝင်လာသူဟာ တော်တော်သတ္တိကောင်းသူပဲ၊ ဘယ်လို သတ္တဝါမျိုးလဲဆိုတာ ကြည့်ရဦးမယ်'

အသံဆုံးသည်နှင့် အဖြူရောင်တစ်ခု လင်းလက်သွားသည်။

မင်ရင်ကြွယ်ရှေ့တွင် အကျီဖြူဝတ်လူတစ်ယောက် ရောက်ရှိနေလေပြီ။

တစ်ခြားသူ မဟုတ်။

မကြာခင်က မင်ရင်ကြွယ်ကို တားဆီးပိတ်ပင်ခဲ့သူပင်။

ထိုလူသည် ခံထားရသူဖြစ်သဖြင့် တုံ့ပြန်လိုသည့် အရိပ်လက္ခဏာများ ရှိနေသည်။

'ဟေ့လူ. . . နေ့နဲ့ည မတူဘူးဆိုတာ ခင်ဗျား မသိဘူးလား'

'ဟားဟား. . . ခင်ဗျား ခုထိ ကျုပ်ကို တားချင်နေသေးတာကိုး၊ ချင်တက်ဟိုင်နဲ့ တူယိဖေးတို့ သေသွားကြတာကို ခင်ဗျား မသိသေးဘူးထင်တယ်၊ မယုံရင် တောင်ခါးပန်းတောစပ်ကို သွားကြည့်လိုက်စမ်းပါ၊ အဲဒီအခါကျရင် သူတို့ ဘယ်လိုသေခဲ့ကြရတာ



ဆိုတာကို သေသေချာချာ သိရလိမ့်မယ်. . . ဟားဟား'

'ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်နေတာလား၊ ဒီမယ် ကျုပ်တို့ သခင်ကြီးနှစ်ယောက် တကယ်သေခဲ့ရင် ခင်ဗျားလဲ သေရမှာပဲ၊ ကဲ. . . ပြောနေကြာတယ်၊ ခင်ဗျားနဲ့ကျုပ် လက်စွမ်းပြကြရအောင်လား၊ ကျုပ်က သခင်ကြီးတို့အတွက် အသက်ပေးသွားမယ့်လူ. . .'

ထိုလူ တိုက်ခိုက်ရန် ဟန်ပြင်စဉ်မှာပင် မိန်းမပျိုတစ်ယောက်၏ ဟန့်တားသံပေးလာသည်။

'ရပ်လိုက်ပါ၊ ရပ်လိုက်ပါ'

အသံနှင့်အတူ သင်းပျံ့ မွှေးကြိုင်လှသော အမွှေးနံ့များ ပျံ့လွင့်လာပြီး လူပါ ရောက်လာသည်။

တိုက်ခိုက်ရန် ဟန်ပြင်နေသူသည် ကိုယ်ရှိန်သတ်လိုက်ပြီး မိန်းမပျိုကို ရှင်းပြတော့သည်။

'သခင်မလေး၊ ဒီလူဟာ သခင်ကြီးတို့ကို သတ်ခဲ့တဲ့လူ၊ ဒီအတိုင်း ကြည့်နေမှာလား၊ သခင်မလေး'

အကျီနီဝတ် မိန်းမပျိုသည် မျက်နှာတစ်ပြင်လုံး တင်းမာသွားသည်။

မျက်လုံးတွင် ရက်စက်ရိပ်များ လွှမ်းလာသည်။

'တိစ္ဆမရှိဘူး၊ ဒီအကြွေးကို ကျွန်မကိုယ်တိုင် ပြန်ယူမယ်'

အကျီနီဝတ်မိန်းမပျို၏ မျက်လုံးအရောင်သည် သွေးရောင်လို နီပြီး တဖျပ်ဖျပ်တောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြယ်ကို ဝါးစားတော့မဲလို ကြည့်လာသည်။

'ဒီမယ် ရှင်ပြောခဲ့တာတွေဟာ တကယ့်အဖြစ်တွေလား'

'ဟုတ်ပါတယ်'

မင်ရင်ကြယ်က ခပ်အေးအေးပင် ဖြေသည်။

'သူတို့နဲ့ ရှင်ဘယ်လို ရန်ငြိုးရှိလို့လဲ'

'ဘယ်လိုရန်ငြိုးမှ မရှိပါဘူး၊ ဒါပေမယ့် မိန်းကလေးနဲ့ သူတို့ဟာ ရန်ငြိုးရှိသူတွေပဲ၊ ဒါကို မိန်းကလေး မသိဘူးထင်တယ် သူတို့ သေရတာဟာ ဟောဒီ ရဲတိုက်ကြီးရဲ့ အမြင့်ဆုံးအာဏာတို လုချင်နေကြလို့ပဲ'

'ရှင်သေခါနီး သွေးရူးသွေးတန်း ပြောနေတာပဲ'

'မယုံရင်မိန်းကလေးဖေဖေ သခင်ကြီးကို ပြန်မေးကြည့်လိုက်ပါ'

'ဟုတ်တယ် သူရဲကောင်းမင် ပြောတာမှန်တယ်၊ ဒါ ပြဿနာဟာ ဒီရဲတိုက်မှာ တကယ်ရှိခဲ့တယ် သမီး'

အသံသည် ပျော့ရင်လှိုက်လှဲသောအသံဖြစ်သည်။

စကားသံသည် မှောင်ရိပ်ထဲမှ လာသောအသံဖြစ်သည်။ မကြာပါ လူပါ ရောက်လာသည်။

ထိုလူသည် ပိုးအကျီရှည်ကြီးကို ဝတ်ထားသည်။ ပိန်ပါး အရပ်ရှည်သည်။ မျက်လုံးအစုံက ကျားရဲမျက်လုံးလို တောက်ပြောင် သည်။ အသက်မူ အလွန်ကြီးရင့်နေပြီ။ ရုပ်လက္ခဏာသည် ရဲရင့် သိက္ခာကြီးဟန် ရှိသည်။





'ဖေဖေက ဘာလို့ ထွက်လာရတာလဲ'

အကျီနီမိန်းမပျိုက တအံ့တသြဖြစ်နေရာမှ မကျေနပ်သံ နှင့် လှမ်းပြောသည်။

ထိုအချိန်မှာပင် အကျီဖြူဝတ်တံခါးစောင့်သည် ဖျတ်ခနဲ ထွက်ပြေးတော့သည်။

သို့သော်. . .

ထိုလူ လွတ်အောင် မပြေးနိုင်ပါ။ ခြေတစ်လှမ်းသာ လှမ်း လိုက်ရပြီး ဘိုင်းခနဲ လဲကျသွားသည်။ မင်ရင်ကြယ်၏လက်ဝါးသည် ကျောပေါ် ကျရောက်ခဲ့ပေပြီ။

ထိုလူ 'အင့်'ခနဲသာ အသံပြုနိုင်ပြီး အသက်ထွက်သွား သည်။

မင်ရင်ကြယ်သည် ထိုလူကို ဂရုမစိုက်တော့ချေ။ ပိုးအကျီ ဝတ် သခင်ကြီးကိုသာ လှမ်းကြည့်လိုက်ပြီး တရစပ်ပြောတော့သည်။

'ဖေးယွင်ရဲတိုက်သခင်ကြီး လီ၊ ရော့. . . အဆိပ်ဖြေဆေး ချုပ် သန့်ရှင်းတဲ့မေတ္တာစေတနာနဲ့ ပေးအပ်ပါတယ်၊ လာရင်းကိစ္စ ဒါပါပဲ၊ ကျုပ်မှာ ဝေလာလောဆယ် အရေးကြီးတဲ့ကိစ္စတွေ နေပါသေးတယ်၊ ကဲ. . . ခွင့်ပြုပါဦး'

မင်ရင်ကြယ်သည် လက်ထဲတွင် ဆုပ်ကိုင်ထားသော ဆေးပုလင်းကို လေးလေးစားစား ကမ်းပေးသည်။ ထို့နောက် နေရာမှ လှစ်ခနဲ ပြေးထွက်ခဲ့တော့သည်။

'သူရဲကောင်း မင်၊ နေပါဦး ခဏလောက်နေပါဦး'



www.burmeseclassic.com

www.burmeseclassic.com



အကျိုးနိမိန်းမပျိုသည် အံ့အားသင့်နေရာမှ ကမန်းကတ
လှမ်းအော်လိုက်သည်။

သို့သော် မင်းရင်ကြွယ်လှည့်မကြည့်တော့ပါ။ အမှောင်
ထဲသို့သာ တရိပ်ရိပ်ပြေးဝင်ပြီး ပျောက်ကွယ်သွားတော့သည်။

အကြောင်းမူ. . .

မင်းရင်ကြွယ်သည် သူမနှင့် အကြာကြီး စကားပြောမ
ချင်တော့ပေ။ စကားကြောရှည်နေခဲ့လျှင် အဖိုးတန်သောအချိ
များ အလဟဿ ကုန်ဆုံးသွားပေလိမ့်မည်။ အရေးအကြီး
ကိစ္စမှာ တူစန်းဟူရေကန်ကြီးဆီသို့ အချိန်မီ ရောက်ရှိရေးပင်

\+ + +

မင်းရင်ကြွယ် ခရီးတစ်လျှောက်လုံး မရပ်မနား
လာခဲ့သည်။

ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးချခဲ့သည်။

သန်းခေါင်ကျော်သောအခါ တူစန်းဟူ ရေကန်ကြီး
သို့ ရောက်ရှိလာခဲ့သည်။

တူစန်းဟူ ရေကန်ကြီး ပတ်ဝန်းကျင်မှ မီးရောင်က
များကိုပင် တလက်လက် မြင်နေရပေပြီ။

သိပ်မကြာပါ။

ရေကန်ကြီးကို စီးတဝါးမြင်နေရရာမှ ထင်ထင်ရှား
မြင်လာရတော့သည်။

မင်းရင်ကြွယ်သည် တူစန်းဟူ ရေကန်ကြီးသို့ အ



ရောက်ရှိခဲ့ပေပြီ။

ခေတ္တအပန်းဖြေပြီးသည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်
လေ့လာရတော့သည်။

တူစန်းဟူ ရေကန်ကြီးထဲတွင် လှေကြီး လှေငယ်ငါးဆယ်
ခန့် ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။

ထိုလှေများသည် တူးမြောင်းထဲမှ တစ်ဆင့် ဝင်ရောက်
လာကြသောလှေများပင်ဖြစ်သည်။

လှေငယ်လေး လေးငါးစင်းကား ဟိုမှသည်မှ လှူးလာ
လှော်ခတ်နေကြသည်။

မင်းရင်ကြွယ်သည် လှေကြီးလှေငယ်များကို အကဲခတ်ရင်း
ဘူဝန်ဟူ နေထိုင်သည့်လှေကို ရှာဖွေနေမိသည်။

မကြာမီ မသက်ာဖွယ်ရာကောင်းသော လှေကြီးတစ်
င်းကို ကန်လည် ဗဟိုချက်မတွင် တွေ့ရှိရတော့သည်။

သေသေချာချာ ကြည့်လိုက်မိသောအခါ ချင်တက်ဟိုင်
ပြောပြခဲ့သည့်ပုံစံမျိုးဖြစ်နေသည်။

သေချာပြီ။

ချင်တက်ဟိုင်အမှန်ကို ပြောပြခဲ့လျှင် ထိုလှေကြီးထဲတွင်
ဘူဝန်ဟူ ရှိနေပေလိမ့်မည်။

မင်းရင်ကြွယ်သည် ဆုံးဖြတ်ချက်ချပြီးသည်နှင့် ကမ်းစပ်
တွင်ဆိုက်ကပ်ထားသော လှေကြီးလှေငယ်များမှတစ်ဆင့် လှေကြီး
ရှိရာ ခုန်ပျံလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ထိုလှေကြီးအနီးတွင်ရှိနေသော လှေငယ်တစ်စင်းပေါ် ခြေချမိတော့သည်။

ဤတွင် မင်းရင်ကြွယ် အံ့သြရတော့သည်။

မြင်ကွင်းသည် ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော မြင်ကွင်းပင်။

သေသေချာချာ ကြည့်လိုက်သောအခါ ခြေကားယားလက်ကားယားနှင့် ခေါင်းဖြတ်ခံထားရသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ပင်။

ထိုသူ၏ လက်ထဲတွင်မူ စာရွက်တစ်ရွက် ဆုပ်ကိုင် ထားသည်။ မင်းရင်ကြွယ်သည် ဘာမျှ မစဉ်းစားနေတော့ဘဲ ထိုစာရွက်ကို ယူကြည့်သည်။

ရေးထားသောစာတား. . .

*သူရဲကောင်းမင် သိစေရန်-*

*မိတ်ဆွေကြီး၊ ကိုယ့်ရန်ကို ကိုယ်ပဲ တာဝန်ယူ ရှင်းလင်းတာ ကောင်းပါတယ်။*

*ဒါကြောင့် ကိုယ့်တာဝန် ကိုယ်ယူပြီး ခေါင်းဖြတ်ယူသွားပါပြီ။*

*စေတနာကလည်း မိတ်ဆွေကြီးကို တာဝန်မပိုစေချင်လို့ပါ'*

*မြွေမြွေချင်း ခြေမြင်ပြီး ဖြစ်လိမ့်မည်ထင်၍ လက်မှတ်ရေးထိုးခြင်း မပြုတော့ပါ။*





စာသည် ဤမျှသာဖြစ်သည်။ မင်းရင်ကြွယ် သဘောပေါက်သွားသည်။

ဟူဝန်ဟူ သေဆုံးခဲ့ချေပြီ။

ဝန်ရင်မော်ကို လုပ်ကြံမှုတရားခံသည် သူ့ဒဏ်သူ ခံသွားရချေပြီ။

ဟူဝန်ဟူကို ခေါင်းဖြတ်သွားသူသည် ကျိုးကုန်းချင်ဖြစ်လိမ့်မည် ထင်သည်။

မင်းရင်ကြွယ်သည် စာရွက်ကလေးကို အမှတ်မဲ့ လုံးချေနေမိသည်။

တစ်ခါတုန်းက စာရွက်ပေါ်မှ လက်ရေးနှင့် ဤလက်ရေးသည် တစ်ထပ်တည်းလိုလို ဖြစ်နေသည်။

ကျိုးကုန်းချင်၏ လက်ရေးမျိုး မဟုတ်။

မင်းရင်ကြွယ် အမှတ်ရရ ဖြစ်လာပြန်သည်။

ကျိုးကုန်းချင် ပေးထားသည့် အဆောင်ခန်းထဲတွင် ရှိနေစဉ် စာရွက်တစ်ရွက် ရရှိခဲ့ဖူးသည်။

ထိုစာရွက်ပေါ်မှလက်ရေးနှင့် ယခုစာရွက်ပေါ်မှ လက်ရေးသည် တစ်ထပ်တည်း ဖြစ်နေလေပြီ။

ဤအတိုင်းဆိုလျှင် ကျိုးကုန်းချင်သည် မည်သည့်လူစားဖြစ်လေမည်နည်း။ သံသယသည် ငယ်ထိပ်တိုင် တက်လာပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျို့ကုန်းချွင်နှင့် ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရင်မော်တို့သည် မည်သို့မည်ပုံ ပတ်သက်နေခဲ့ကြလေသနည်း။

တွေးရင်းတွေးရင်း စဉ်းစားမိလာပြန်ပါ၏။

ကျို့ကုန်းချွင်သည် သိသိသာသာ လည်တံရှည်သူ ဖြစ်သည်။ မိမိအခန်းဆောင်ထဲသို့ စက္ကူ လုံးပစ်ခဲ့သူသည် လည်တံရှည်သူ မဟုတ်ရုံမက လူဗလံလေးတစ်ယောက်သာဖြစ်သည်။

ကျို့ကုန်းချွင်ကား သိုင်းလောက၏ လေးစားမှုကို ခံယူရရှိထားသူဖြစ်သည်။

မင်ရင်ကြယ်သည် တဒင်္ဂအတွင်း ကျို့ကုန်းချွင်အပေါ် ဖြစ်ပေါ်မိသည့်သံသယစိတ်ကို ဖျောက်ပစ်လိုက်ရတော့သည်။

ထို့နောက်ထဲမှ စက္ကူလုံးကလေးကို ရေထဲသို့ ပစ်ချလိုက်မိတော့သည်။

ကိစ္စတစ်ခုသည် မမျှော်လင့်ဘဲ ပြီးပြတ်သွားချေပြီ။

မင်ရင်ကြယ်သည် လှေငယ်လေးဘေးမှ ကမ်းစပ်ရှိရာသို့ ခုန်ပျံပြေးထွား လာခဲ့မိပြန်သည်။

မကြာမီ လှေကြီးလှေငယ်များပေါ်မှ ကမ်းစပ်သို့ ခြေချမိတော့သည်။

ထိုမှ ဝန်ရင်မော် ရှာဖွေရေး ခရီးပြင်းကို နှင်လာမိသည်။

ထိုစဉ် ရေကန်ကြီးအလယ်မှ ရွက်တိုင်နှစ်တိုင်တပ် လှေကြီး၏ပြတင်းတံခါးသည် ဖြည်းဖြည်းချင်း ဟလာသည်။

တံခါးသည် မည်းနက်နေသောတံခါးဖြစ်သည်။



ထိုတံခါးပေါက်မှ ခေါင်းတစ်လုံး ပြူထွက်လာသည်။ မျက်နှာဖြူဖပ်ဖြူရော်နှင့် မျက်တွင်းချိုင့်နေသူတစ်ယောက် ဖြစ်သည်။

ထိုလူသည် မင်ရင်ကြယ် ရပ်နေခဲ့သောကမ်းစပ်ကို လှမ်းကြည့်နေရင်း. . .

'သိပ်ပိုင်တဲ့ သခင်ကြီးပါပဲ၊ ဒီလုပ်ကွက်ဟာ သိပ်ပိုင်တယ်'

ဟု ရေရွတ်လိုက်သည်။

ထို့နောက် အတွင်းသို့ပြန်ဝင်ပြီး ပြတင်းတံခါးကိုပြန်ပိတ်လိုက်တော့သည်။

+ + +

'ဟိုတောင်လေး ထွက်သွားပြီ သခင်ကြီး'

အသံသည် အစ်တစ်တစ်နှင့် အက်သံပါသော အသံဖြစ်သည်။ နားမချမ်းသာဖွယ်ကောင်းသော အသံဖြစ်သည်။

ထိုအသံကြောင့် ခပ်အုပ်အုပ် ပြောလိုက်သောအသံ ပေါ်လာပြန်သည်။

'ငါ့နားက ပါးပြီးသားပါ၊ မင်းမျက်စိထက် အများကြီး လျင်ပါတယ်'

'ဟုတ်. . .ဟုတ်ပါတယ် သခင်ကြီး၊ ခုတော့ သခင်ကြီး စိတ်အေးသွားရပါပြီ'

'ဘာကွယ်၊ မင်းစကားက လူညံ့လူဖျင်းစကားပါ'

'ဟုတ်ပါတယ်၊ ကျုပ် ညံ့ဖျင်းသူပါ၊ ရှင်းပြပါဦး သခင်ကြီး'





www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို ရှင်းမပစ်နိုင်သေးသမျှ စိတ်ချရပြီဆိုတာ မရှိဘူး'

'ဒီလိုဆို ညွှန်ကြားချက်ပေးပါ သခင်ကြီး'

'သူ့ကို ဖောက်ခွဲသတ်ပစ်နိုင်ဖို့ အရေးကြီးတယ်၊ ဒီကိစ္စကို သူသိလဲ နောက်ကျနေပြီ၊ အေး. . . သူ့ကို ဖောက်ခွဲသတ်လို့လဲ မရဘူးဆိုရင်တော့. . .'

လှေကြီးအတွင်းမှ စကားသံများ ရုတ်ချည်း ဆိတ်ငြိမ်သွားသည်။ ထောက်ခံသံ၊ ငြင်းဆိုသံ ဘာမျှ မကြားရတော့ပါ။

အတန်ကြာမှ နားမချမ်းသာဖွယ်ရာကောင်းသောအသံ ထပ်ပေါ်လာသည်။

'ကျုပ်ကတော့ မင်ရင်ကြွယ်ဆိုတဲ့ကောင်ကို မှုလောက်တယ်လို့ မထင်ဘူး'

'ဘာဖြစ်လို့လဲ'

'ခုပဲ သူ အညာခံသွားရပြီပဲ၊ ဒီတော့ သခင်ကြီး ဉာဏ်ရည်ဉာဏ်သွေးနဲ့ဆိုရင် သူ့ကို အချိန်မရွေး ရှင်းပစ်နိုင်နေပါပြီ'

'ဒါက အထင်နဲ့ ပြောတာပဲ ရှိတာပါ၊ တကယ့်တကယ်မှာ သူ့ကို ငါ မသတ်နိုင်ဘူး'

'ကျုပ်ကိုသာ အမိန့်ရှိပါဗျာ၊ ကျုပ် အောင်ပွဲရအောင် ဆောင်ရွက်ပေးပါ့မယ်'

'ဒီလောက်လွယ်မှတော့ သူ့အသက် ခုထိ ရှင်နေမှာလား ကွယ်၊ ငါတောင် ခုထိ သူ့အကြောင်း စေ့စေ့စပ်စပ် သိသေးတာ မဟုတ်ဘူး'





'သိသလောက် ပြောပြပါလား သခင်ကြီး'

'ငါဘာမှ မပြောချင်သေးဘူး'

'ဒါဖြင့်လဲ မမေးတော့ပါဘူး၊ သခင်ကြီးအမိန့်ပေးရင် ဘာမဆို ကျုပ်လုပ်ပါ့မယ်'

'ကောင်းတယ်၊ ဒီစကားမျိုးပဲ ငါ ကြားချင်တယ်၊ တကယ်တော့ ဝန်ရင်မော်ဟာ ကျော်ကြားမှုကြောင့် ဖယ်ရှားခံခဲ့ရတာပဲ၊ ငါလည်း မိန်းမချော မိန်းမလှတွေကို မမက်မောတော့ပါဘူးကွာ၊ လုပ်ငန်း အောင်မြင်ဖို့ပဲ ဖိပြီး ကြိုးစားတော့မယ်၊ စိုက်ဝါထိုကိုလဲ မရအရ ရှာရဦးမယ်၊ ဒီလူက ဘာဖြစ်လို့ ဟိုလူ့ကို ဖမ်းသွားတယ် ဆိုတာ သိချင်သေးတယ်'

'ဒါဖြင့် ကျို့ကုန်းချွင်ကိုကျတော့. . .'

'မင်းက မဆိုင်တာတွေ ထည့်ပြောနေတာပဲ၊ ကျို့ကုန်းချွင်က ဝန်ရင်မော်ကို ကယ်ဖို့ ကြိုးစားနေတဲ့လူကွ၊ ငါက ဝန်ရင်မော်ကို ဘာကြောင့် ဖမ်းသွားတယ်ဆိုတာသာ သိချင်တာပါ၊ ကဲ. . . မင်းတာဝန်တွေ ဆောင်ရွက်ပြီးပြီလား'

'ဟုတ်ကဲ့၊ ပြီးပါပြီ သခင်ကြီးအမျိုးသမီးကလဲ အဆင့်သင့် စောင့်နေပါတယ်'

ဒီညတော့ ငါ မသွားအားသေးဘူးကွ၊ ဒီတော့ ဒီကိုပဲ ခေါ်ခဲ့ကွာ'

လှေပြတင်းမှ ခေါင်းပြူကြည့်ခဲ့သူသည် လှေဦးသို့ ထလျှောက်လာသည်။ ထို့နောက် လှေဦးတွင် မတ်တပ်ရပ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်နှစ်ချက် တီးလိုက်သည်။

မကြာပါ၊ အနီးတွင်ရှိနေသော လှေတစ်စင်းပေါ်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

သူမသည် အနက်ရောင်အင်္ကျီကိုဝတ်ထားပြီး တန့်ကလျှလျှောက်လာသည်။

အလွန်ချောမောလှသော မိန်းမတစ်ယောက်ဖြစ်သည်။

သူမသည် လှေနှစ်စင်းကို ဆက်သွယ်ထားသော ကုန်းဘောင်ထိပ်တွင် ရပ်လိုက်သည်။

'သခင်ကြီး ဖိတ်ခေါ်နေတယ် ၊ အထဲကိုကြွပါ'

အင်္ကျီနက်မိန်းမချောသည် ဘာစကားမျှ မပြောဘဲ ကုန်းဘောင်ပေါ် တက်လျှောက်လာသည်။

လှေကြီးပေါ် ခြေချမိသည်နှင့် စောင့်ကြိုနေသူကို မျက်စောင်းထိုးပြီး ရှေ့ဆက်လျှောက်သွားသည်။

ထို့နောက် လှေဝမ်းထဲ ဆင်းသွားသည်။

စောင့်ကြိုသူသည် မိန်းမချော၏ တလှုပ်လှုပ် ဖြစ်နေသော တင်သားများကို ငေးကြည့်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်သည်။

'မြေခွေးမက ဟင်း. . .'

စောင့်ကြိုသူသည် ပျောက်ကွယ်သွားမှ မကျေနပ်သံနှင့် ရေရွတ်လိုက်သည်။

ထိုအချိန်မှာပင် လှေဝမ်းတံခါး ဒိုင်းခနဲ ပိတ်သွားသည်။

ထို့နောက် လှေဝမ်းထဲမှ ခရာသံများ၊ တာသံများ၊



တဟင်းဟင်း တဟဲဟဲ အသံများ ပျံ့လွင့်လာတော့သည်။

စောင့်ကြိုသူသည် တံတွေးတနင်နင် ဖြစ်နေရာမှ ဂလုတ်ခနဲ မြည်အောင် မြိုချလိုက်ပြီး တစ်ဘက်လှေရှိရာသို့ လျှောက်လှမ်းသွားတော့သည်။

◀◀ ▶▶

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

## ထူးဆန်းသော ဧည့်သည်များ

မထင်ရှားသော မြို့ငယ်လေးတစ်မြို့ဖြစ်သည်။

ဤမြို့သည် ထင်ရှားကြီးကျယ်ခြင်း မရှိလှသော်လည်း မြို့ကြီးပြကြီးနှင့် ဝေးပြီး ချောင်ကျလွန်းသည့်မြို့ကား မဟုတ်ပါ။

ကုန်ကူးသန်းရောင်းဝယ်သူများနှင့် အတော်အသင့် စည်ကားသောမြို့ဖြစ်သည်။

တစ်မြို့လုံးတွင် ထင်ထင်ရှားရှား ဖြစ်နေသည်ကား 'တုန်ယွင်' ဟိုတယ်ဖြစ်သည်။

ဟိုတယ်အဆောက်အအုံ၏နောက်တွင် ဆက်လျက် ဆောက်လုပ်ထားသည့် အဆောင်တစ်ခုရှိသည်။





ထိုအဆောင်သည် ဟိုတယ်နှင့် ဆက်နေသော်လည်း သီးခြားတည်ရှိသည့်အသွင်မျိုးဖြစ်သည်။

အရှေ့ဆောင်သည် ခရီးဝေးဧည့်သည်များ တည်းခိုလေ့ရှိသည်။

အနောက်ဆောင်ဖြစ်သည့် ဒုတိယဆောင်၌ကား အမြဲတစေ နေဟန်ရှိသည့် မိသားတစ်စု ရှိနေသည်။

ထိုမိသားစုသည် အလွန်ထူးခြားသည့် မိသားစုဖြစ်သည်။ ခွဲခြားကြည့်လျှင် အလွန်ချောသော မိန်းမချောတစ်ယောက်၊ ခန့်ညားတည်ကြည်ဟန်ရှိသော လူငယ်တစ်ယောက်၊ လူကြောက်တတ်သည့်အမူအရာရှိသည့် အင်္ကျီဖြူဝတ် စာပေသမား တစ်ယောက်၊ ခရမ်းရောင်အင်္ကျီကို အမြဲဝတ်သည့် လူနှစ်ယောက်၊ မီးခိုးပြာအင်္ကျီကို အမြဲဝတ်ထားသည့် လူလေးယောက် စသည်တို့ဖြစ်သည်။

စင်စစ် သူတို့သည် ဤမြို့ကို ရောက်လာကတည်းက ဤအဆောင်ကို သီးခြားငှားပြီး နေထိုင်သူများပင်။

သူတို့ဤအဆောင်ကို ရောက်ရှိလာပုံသည် ရထားလုံးကြီး တစ်စင်းကို အလုံပိတ်ပြီး ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ရောက်လာပုံမှာ ထူးခြားသကဲ့သို့ အနေအထိုင်လည်း အလွန်ထူးခြားသူများဖြစ်သည်။

သူတို့ရောက်လာစဉ်က မကျန်းမာနေသူ ပါလာသည်ဟု ဆိုသည်။ ရောဂါသည်သည် လေတိုက်မခံနိုင်သော ဝေဒနာရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟုဆိုသည်။ ရောက်လာစဉ်က ရောဂါသည်ကို စောင်များ အထပ်ထပ် လွှမ်းခြုံထားပြီး လူလေးယောက်က ထမ်းစင်ဖြင့် ထမ်းခေါ်လာသည်။

သူတို့က ထိုရောဂါသည် ကူးစက်တတ်သောရောဂါ တစ်မျိုးဟုလည်း ဆိုသည်။ ထိုအကြောင်းပြချက်နှင့် ဟိုတယ်စားပွဲထိုးများကို တိုက်ရိုက်ဆက်သွယ်ခွင့် မပြုခဲ့ချေ။ သူတို့ သတ်မှတ်ထားသည့်နေရာအထိသာ အစားအသောက်များ ပို့ပေးရသည်။

ဟိုတယ်ရှင်ကော အလုပ်သမားများပါ ထိုသတ်မှတ်ချက်ကို ကျေနပ်သည်။ သဘောကျသည်။ အနီးကပ် မပြုစုရသဖြင့် အပင်ပန်း သက်သာသည်။ လူသုံးမပို၊ စားပွဲထိုး သီးသန့်မကုန်။

ငွေကို ရေလို သုံးနိုင်သူများဖြစ်သဖြင့် သူတို့၏ သတ်မှတ်ချက်ကို ဟိုတယ်ရှင်က ကျေနပ်ပါသည်။ ရောဂါသည်မကလို့ နတ်ဆိုးတွေ ဖြစ်ပါစေ၊ စိတ်တိုင်းကျနေခွင့် ပေးပါမည်။ ငွေရှာသူအတွက် ငွေသာ အဓိက ဖြစ်ပါသည်။ ငွေမပေးလျှင်တော့ တန်ခိုးရှင်ဖြစ်လည်း တစ်မိနစ်ပင် နေခွင့်ပေးမည် မဟုတ်ပါ။ ဤကား ဟိုတယ်ရှင်ကြီး၏ သဘောထားတစ်ရပ်ပင်။

+ + +

မွန်းတည့်ချိန်။

သတ်မှတ်ထားသည့်အချိန်ပင်ဖြစ်ပါသည်။

စားပွဲထိုးတစ်ယောက်သည် လင်ပန်းကြီးတစ်ချပ်နှင့် ဟင်းများ သယ်လာသည်။ တစ်ယောက်ကား ထမင်းဇလုံကြီး



မလာသည်။

ခွဲခြားသတ်မှတ်ထားသည့်နေရာသို့ ရောက်သောအခါ တစ်ယောက်က. . .

'စားသောက်ဘွယ်ရာတွေ လာပို့ပါပြီခင်ဗျာ'

ဟုအော်လိုက်သည်။

သို့သော် အဆောင်အတွင်းဘက်မှ တုန့်ပြန်သံ ပေါ်ထွက်မလာသေးချေ၊ သိပ်မကြာလိုက်ပါ။ မီးခိုးပြာဝတ်နှစ်ယောက် ရိပ်ခနဲ ရောက်ရှိလာကြသည်။ ထိုလူနှစ်ယောက် အဆောင်ပေါက်ဝတွင် ရောက်ရှိလာကြသည်နှင့် စားပွဲထိုးတစ်ယောက်က ဦးညွှတ်ပြီး ထပ်ပြောသည်။

'ထမင်းဟင်းတွေ လာပို့တာပါ ဆရာ'

မီးခိုးပြာဝတ်နှစ်ယောက်သည် ထမင်းနှင့် ဟင်းကို လက်ခံယူရန် ဟန်ပြင်လိုက်ပြီးမှ လက်တွန့်ပြီး ရပ်သွားသည်။ လက်ဝဲဘက်မှလူ၏မျက်နှာပေါ်တွင် မသင်္ကာရိပ်များ လွှမ်းလာသည်။ ညာဘက်မှလူကလည်း စားပွဲထိုး၏အရိပ်အကဲကို လေ့လာကြည့်သည်။ ထို့နောက် အနောက်ဆောင်သို့ ဝင်ရာ အရှေ့ဆောင်အဆုံး ထောင့်တစ်ထောင့်တွင် ထိုင်နေသောလူကို လှမ်းကြည့်လိုက်ကြသည်။ ထိုလူသည် အဆောင်ပြတင်းပေါက်တစ်ခုကို ကျောပေးထိုင်နေရာမှ တစ်ဘက်သို့ ပြန်လှည့်သွားသည်။

ထိုလူသည် အင်္ကျီစိမ်း ဝတ်ထားသည်။

ကိုယ်လုံးကိုယ်ပေါက်ကား ပုပုဝဝဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးပြာဝတ်နှစ်ယောက်သည် ထိုလူကို ကွက်ခနဲကြည့်လိုက်ပြီး ထမင်းပွဲဟင်းပွဲများကိုယူကာ အတွင်းသို့ ဝင်လာခဲ့ကြသည်။

စားပွဲထိုးနှစ်ယောက်သည် အပေါက်ဝတွင် ရပ်မြဲ ရပ်နေဆဲပင်။

ထိုအချိန်မှာပင် သီးခြားအခန်းတစ်ခု၏အပေါက်ဝတွင် ရပ်နေသော လက်တံရှည်ရှည်၊ မျက်နှာဖြူဖပ်ဖြူရော်၊ မုတ်ဆိတ်မွေးမရှိသူ စာပေသမားက မီးခိုးပြာဝတ်နှစ်ယောက်ကို လှမ်းမေးသည်။

'ဟေ့. . . ဒီနေ့ ဘာဖြစ်လို့ ထမင်းပို့ နောက်ကျနေကြတာလဲ'

ဝဲဘက်မှ မီးခိုးပြာဝတ်က ဟျာဟျာသလဲ ဖြေသည်။

'စားပွဲထိုးကို မမေးမိခဲ့လို့ မဖြေတတ်ပါ'

အကျီဖြူသည် ဘာမျှ မပြောတော့ဘဲ ခေါင်းညိတ်လိုက်သည်။ ထို့နောက်. . .

'ထမင်းပွဲဟင်းပွဲတွေကို ထားခဲ့တော့၊ သခင်လေးနဲ့ သခင်မလေးကို သွားခေါ်'

'နေပါဦးခင်ဗျ၊ သတင်းပေးစရာ ရှိနေပါသေးတယ်'

'ဘာများလဲ'

'ကျွန်တော်တို့ ထမင်းပွဲ ယူနေတုန်းမှာ မသင်္ကာစရာတွေ့ခဲ့ပါတယ်'

'ဘယ်လို မသင်္ကာစရာလဲ'





ဝဲဘက်မှလူသည် တုံ့ဆိုင်းမနေဘဲ ဆက်တိုက်ပြောသည်။

'အနောက်ဆောင်တံခါးပေါက်နဲ့ မလှမ်းမကမ်း အရှေ့ဆောင်အဆုံး ပြတင်းနားက ထောင့်မှာ ကျွန်တော်တို့ကို လှေလာနေဟန်ရှိတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ရပါတယ်၊ ကျွန်တော်ပြန်ပြီးစိုက်ကြည့်လိုက်မှ တစ်ဘက်ကို မျက်နှာပြန်လွှဲသွားပါတယ်'

'လူပုံကတော့. . .'

'အကျီစိမ်း ဝတ်ထားမျှတယ်၊ ကိုယ်လုံးကိုယ်ထည်က ပုပုဝဝ၊ ရုပ်ကတော့ ရက်စက်မယ့် ရုပ်မျိုးပါ'

'ဒါလောက်တော့ မင်း သိသင့်ပါတယ်'

'ဟုတ်ကဲ့၊ သိုင်းသမားတစ်ယောက်တော့ သေချာပါတယ်သခင်'

'ကောင်းပြီ၊ ပြောစရာရှိတာ ဒါပဲလား'

'ဒါပါပဲ သခင်'

'ကောင်းပြီ. . . ကောင်းပြီ၊ ထမင်းပွဲ ဟင်းပွဲတွေ ပြင်ပြီးသခင်လေးနဲ့ သခင်မလေးကို သွားခေါ်'

မီးခိုးပြာဝတ်နှစ်ယောက်သည် အကျီဖြူစာပေသမား၏ အမိန့်အတိုင်း လုပ်ဆောင်ပြီးသည်နှင့် အခန်းတစ်ခုအတွင်းသို့ ဝင်သွားကြတော့သည်။

သူတို့ ဝင်သွားကြပြီးနောက် မကြာခင်မှာပင် အကျီနက်နက် မိန်းမချောတစ်ယောက်နှင့် ခန့်ညားတည်ကြည်သော အကျီနက် လူငယ်တစ်ယောက် ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီဖြူဝတ် စာပေသမားသည် မိန်းမချောနှင့် လူငယ်တို့ ထွက်လာသည်နှင့် ခရီးဦးကြိုပြုပြီး ဝါရဝပြုသည်။

'ထမင်း၊ ဟင်း အဆင်သင့် ဖြစ်နေပါပြီ၊ ကြွပါ. . . ကြွပါ'

အကျီနက်ဝတ် လူငယ်က ခေါင်းညိတ်ပြီး လှမ်းပြောသည်။

'တကူးတက အခေါ်လွှတ်စရာ မလိုပါဘူးကွာ၊ အချိန်ကျရင် ထွက်လာမှာပါ၊ ခင်ဗျားတို့ အတွက်ကော'

'ရောက်ပါပြီခင်ဗျ၊ ရောက်ပါပြီ'

အကျီဖြူဝတ် စာပေသမားသည် ရှိုရှိုသေသေပြောရင်း ရှေ့ကို တိုးသွားသည်၊ ထိုနောက်. . .

'မိုးခိုးပြာတို့ကို လွှတ်လိုက်တာက သတင်းပေးစရာရှိလို့ပါ ကိစ္စက လက်ဦးမှုယူဖို့ လိုအပ်နေလို့ပါ'

မိန်းမချော၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

'ဘာကိစ္စလဲ'

အကျီဖြူဝတ် စာပေသမားက သူရခဲ့သောသတင်းကို အစအဆုံး ပြန်ပြောပြလိုက်သည်။ အကျီနက်မိန်းမချောသည် မျက်မှောင်ကြုတ်ပြီး တွေဝေသွားသည်။

'ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် သတိတော့ မပြတ်စေနဲ့ ကျွန်မတို့ကိစ္စထဲ ဝင်စွက်ရင် ဘယ်သူမှ အလွတ်မပေးနဲ့၊ ကဲ. . . ပြောနေကြာတယ်၊ ယွမ်နဲ့လျှိုကိုခေါ်သွားပါ'

'ဟုတ်ကဲ့ပါ သခင်မလေး'



အကျီဖြူစာပေသမားက ခေါင်းညိတ်ပြီး ချက်ချင်းထွက်သွားသည်။

ထိုစဉ် အကျီနက်ဝတ်လူငယ်က မိန်းမချောကို လှမ်းပြောသည်။

'ကျွန်တော်ပါ လိုက်သွားပါရစေ အဒေါ်ရှမ်း'

'ခွင့်မပြုနိုင်ဘူး မော်လင်၊ ငါနဲ့အတူတူ ထမင်းစားနေစမ်းပါ၊ မင်း ဘာကိစ္စမှ ဝင်မပါနဲ့ဦး၊ သူများနဲ့ ထွက်လာရင် မင်း ဘာမဆို လုပ်နိုင်တယ်၊ ငါနဲ့ ထွက်လာရင်တော့ ဘာကိစ္စမှ မကိုင်တွယ်ရဘူး'

အကျီနက်မိန်းမချောသည် စကားဆုံးသည်နှင့် ခြေလှမ်းကျဲကျဲလှမ်းပြီး ခန်းမဆောင်အတွင်းသို့ လှမ်းဝင်သွားတော့သည်။

မော်လင်သည် သူမကို ပြန်မပြောဝံ့ချေ။ သူမ စကားကို ပယ်ရှားရဲသော သတ္တိမင် မရှိချေ။

နောက်ဆုံးတွင်မူ မိန်းမချော ဝင်သွားရာအခန်း ထဲသို့သာ ကောက်ကောက်ပါအောင် လိုက်ဝင်သွားတော့သည်။

\+ + +

အကျီဖြူစာပေသမားနှင့် ခရမ်းရောင်အကျီဝတ်နှစ်ယောက်သည် အရှေ့ဘက်အဆောင်တဲသို့ ရောက်ရှိလာကြလေပြီ။

ထိုအဆောင်တွင်းသို့ ခြေချမိသည်နှင့် အကျီစိမ်းနှင့် လူကို တွေ့မြင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျီစိမ်းသည် ကိုယ်လုံးကိုယ်ထည် ပုပုဝဝဖြစ်ပြီး မျက်ခုံးရှည်သည်။ မျက်ပေါက်ကျဉ်းပြီး မျက်လုံး သေးသည်။ ရက်စက်ကြမ်းကြုတ်မည့် ရုပ်လက္ခဏာရှင်ဖြစ်သည်။

ထိုလူသည် တစ်ယောက်တည်း ထိုင်နေရင်းက ဘာကို သဘောကျသည် မသိ၊ ပြုံးပြုံးပြုံးပြုံး လုပ်နေသည်။

အကျီဖြူစာပေသမားသည် သူ့ရှေ့သို့ လျှောက်သွားပြီး ခပ်တည်တည် ပြုံးကြည့်သည်။

အကျီစိမ်းသည် ထိုလူကို မျက်ခွံလှန်ကြည့်ပြီး. . .

'ဘာလဲ မိတ်ဆွေ၊ ကျုပ်ကို ဒီလောက်ကြည့်နေတာ ကျုပ် မျက်နှာပေါ်မှာ ပန်းကလေးတွေ ပွင့်နေလို့လား'

'မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့်. . .'

'ဟဲဟဲ. . . ကျုပ်မျက်နှာက တော်တော်ကြည့်လို့ကောင်း တယ် ထင်တယ်'

'မကြည့်ရပါဘူးဗျာ'

'ကြည့်ရပါတယ် မျက်နှာဆိုတာ တစ်ယောက်ကိုတစ် ယောက် ကြည့်ဖို့ရှုဖို့ ရှိနေတဲ့အရာပါ'

'ဟဲဟဲ'

အကျီဖြူစာပေသမားက မခိုးမခန့် ရယ်သည်။

အကျီစိမ်းမျက်နှာ ပြုံးနေရာမှ တင်းသွားသည်။

'ကျုပ်တို့တစ်တွေဟာ သီသန့် အခန်းလေးထဲကလာတဲ့ မိတ်ဆွေတွေပါဗျာ၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောမှပေါ့

———□———



ဒီလိုကြီး ရုပ်နေတော့ ခင်ဗျား ရည်ရွယ်ချက်ကို ဘယ်သိနိုင်မလဲ၊ အင်း. . . ကျုပ်ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိနေရင်တော့ အကောင်း သားဗျာ'

'ကျုပ်မှာ ထိန်ဝှက်ထားစရာ မရှိပါဘူး မိတ်ဆွေ၊ အရာ ရာကို ပွင့်ပွင့်လင်းလင်းပဲ ပြောချင်ပါတယ်၊ ကျေးဇူးပြုပြီး အနောက် ဘက်အဆောင်ကို ကြွပါလို့ ဖိတ်ခေါ်ပါတယ်၊ အေးအေး ဆေးဆေး ဒူးတိုက်ဆွေးနွေးကြတာပေါ့ဗျာ'

'ဩ. . . လက်စသတ်တော့ ခင်ဗျားတို့က အနောက်ဘက် ဆောင်ကို အပိုင်စီးထားကြတာကိုး၊ ကောင်းပါ့ဗျာ ကောင်းပါ့၊ ခင်ဗျားတို့ ဒီလို လုပ်နေတာဟာ လူသိ မခံဝံ့တာတွေ ရှိနေပြီ ထင်တယ်'

အကျီစိမ်းက စကားနှိုက်ပေပြီ။

သို့သော် အကျီဖြူက ဂရုမစိုက်သည့်ဟန်နှင့် ဟက်ခနဲ ရယ်ပစ်လိုက်သည်။

'လောကမှာ လူသိမခံဝံ့တဲ့အရာတွေ ရှိလို့လားဗျာ'

'ရှိတာပေါ့ဗျ၊ ဒါဟာ လောကကြီးရဲ့ စိတ်ဝင်စားစရာ ကောင်းတဲ့ လျှို့ဝှက်ချက်ပဲ၊ ကျုပ်ဆိုတဲ့ကောင်ကလည်း လူတစ်မျိုးပဲ၊ သူတစ်ပါး မသိစေချင်တာ၊ မမြင်စေချင်တာကိုဆို အင်မတန် သိချင်မြင်ချင်တဲ့လူဗျ၊ ဖုံးထားတဲ့အရာကို ကြည့်မြင်ချင်တဲ့ ကျုပ်က လူတစ်မျိုးပါဗျာ၊ ဟဲဟဲ. . . တစ်ခုတော့ရှိတယ်၊ ကျုပ်ကတော့ သူတွေရဲ့သဘာဝနဲ့ ပိုပြီးထူးခဲတယ်ဗျ'

———□———

www.burmeseclassic.com

www.burmeseclassic.com



'ဩော် . . . ဩော်'

အကျိုးဖြူစာပေသမားက ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြုံးသည်။

အကျိုးစိမ်းက ထပ်မေးသည်။

'နေပါဦး၊ မိတ်ဆွေက ဘုရင့်ရုံးတော်က လူများလား'

'မဟုတ်ပါဘူးဗျာ၊ လမ်းပေါ်ကလူပါ၊ ကျုပ် ခင်ဗျား ပြောသလို ကံမကောင်းသေးပါဘူး'

'ဒါဖြင့် ဒီဟိုတယ်ကို ပိုင်ဆိုင်သူများလား'

'ကျုပ်ကို ကြည့်ရင် ဒီလောက်မချမ်းသာဘူးဆိုတာ သိသာပါတယ်'

'ဒါဖြင့် ဒီအဆောင်ထဲကို ဝင်ချင်တိုင်းဝင်နိုင်ခဲ့တာလဲ'

'ဟဲဟဲ . . . မိတ်ဟောင်းဆွေဟောင်းတွေမို့ တံခါးမရှိ ဓားမရှိတဲ့ သဘောပေါ့ဗျာ'

'တော်တော်ကောင်းတဲ့ စကားပါပဲ၊ အရေးကြီးတာက တရုတ်ပြက္ခဒိန် ခြောက်လပိုင်းက အကြွေးတွေ မရှင်းရသေး တာပဲ ကြုံတုန်းဆုံတုန်း ငွေကိုင်ကြီးကို ခေါ်လိုက်ဦးမှ ထင်တယ်'

အကျိုးစိမ်းက ရယ်သွမ်းသွေးပြောသည်။

အကျိုးဖြူစာပေသမား ခပ်တည်တည် ပြန်ဖြစ်သွားသည်။ အတန်ကြာမှ-

'ကျုပ်တို့ မိတ်ဟောင်းဆွေဟောင်းတွေပါ၊ အချင်းချင်း တွေ စိတ်အနှောင့်အယှက်ဖြစ်စေမယ့်ကိစ္စမျိုးကို ဘယ်မှာ





မလုပ်ပါဘူး'

အကျိုးစိမ်းသည် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်တော့သည်။

'ကောင်းပါတယ် မိတ်ဆွေ၊ ကောင်းပါတယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်တာ အကောင်းဆုံးပါပဲ'

အကျိုးစိမ်းက ပြောရင်း လက်ကိုကမ်းသည်။

အကျိုးဖြူလည်း သတိထားပြီး လက်ပြန်ကမ်းသည်။

တစ်ယောက်လက်တစ်ယောက် ဆုပ်မိသွားကြသည်။

အဝေးကကြည့်လျှင် ထိုလူနှစ်ယောက် ဖက်လှဲတကင်း နှုတ်ဆက်နေကြသည်ဟု ထင်ရလိမ့်မည်။

သို့သော် . . .

နှစ်ယောက်စလုံး၏ လက်ညှစ်အားသည် ကြီးမားသည် ထက် ကြီးမားလာသည်။ အရိုးအဆစ်မြည်သံ တဖွစ်ဖွစ် အဖြောက် ဖြောက် ဖြစ်လာသည်။ နှစ်ယောက်စလုံးသည် နဖူးတွင် ချွေးများ စို့လာလေသည်။

လက်နှစ်ဘက်စလုံးလည်း တဆတ်ဆတ်တုန်နေလေပြီ။

နှစ်ယောက်စလုံး၏နဖူးပေါ်မှ ချွေးများသည် စို့နေရာ မှ သီးလာပြီးနောက် ခေါင်းပေါ်မှ၊ နဖူးပေါ်မှ နားထင်နားရင်းမှ ချွေးများ အသီးလိုက် အပေါက်လိုက် စီးကျလာသည်။

နှစ်ယောက်စလုံး၏မျက်နှာပြင်သည် သွေးချင်းချင်း နီလာ လေပြီတကား။

◀◀ ▶▶



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

## ရွှေတံဆိပ်ရှင်နှင့် တွေ့ဆုံခြင်း

ခရမ်းရောင်အကျီဝတ်နှစ်ယောက်သည် တစ်ချိန်ထက် တစ်ချိန် ပိုပြီး မျက်လုံးမြူးလာကြသည်။

ထိတ်လန့်တုန်လှုပ်ခြင်းသည် သူတို့နှစ်ယောက် လွှမ်းမိုးနေလေပြီ။

အကျီစိမ်းနှင့် အကျီဖြူတို့သည် ယခုထိ နောက်မဆုတ်ကြသေး။

သူတို့၏မျက်နှာများသည် သွေးချင်းချင်းနီလာသကဲ့သို့ မျက်လုံးအရောင်များကလည်း စိန်ရောင်လို ပြောင်လက်နေပြီ။

ခရမ်းရောင်အကျီဝတ်နှစ်ယောက်သည် ထိတ်ထိတ်ပျာ



ပျာ ဖြစ်လာပြီး ရှေ့ကိုပင် တစ်လှမ်းစီ တိုးလာခဲ့ကြသည်။

သို့တိုင် သူတို့ ဘာမှ မလုပ်ရဲ၊ အော်လည်း မအော်ရဲ။

ရုတ်တရက် အကျီစိမ်းနှင့် ပုပုဝဝလူထံမှ ဟက်ခနဲ ရယ်သံ ထွက်လာသည်။

'မိတ်ဆွေကြီးရဲ့ အတွင်းအားက တော်တော်ကောင်းတာကိုး'

အကျီစိမ်း၏စကားကြောင့် အကျီဖြူ ထိတ်ခနဲ ဖြစ်သွားသည်။

ထို့နောက် နှစ်ယောက်စလုံး၏လက်များသည် ဆတ်ခနဲ လွှတ်ထွက်သွားကြသည်။ အကျီဖြူစာပေသမားက သက်ပြင်းတစ်ချက်ရှိုက်ပြီးမှ တအံ့တသြ မေးလိုက်သည်။

'ကျုပ်ကို သိလို့လား မိတ်ဆွေ'

'မသိဘဲ နေပါ့မလားဗျာ၊ လက်ရှစ်ဘက်နတ်ဆိုး ဆိုတာ တရုတ်ပြည်အနောက်တောင်ပိုင်းမှာ ကျော်ကြားထင်ရှားနေတဲ့ လူပဲဟာ. . . ဟဲဟဲ'

မမျှော်လင့်သောစကားကြောင့် အကျီဖြူမျက်နှာ ဗွက်ခနဲ ပျက်သွားသည်။

'မိတ်ဆွေကကော. . .'

'အညတရ တစ်ယောက်ပါ၊ ပြောလည်း သိမှာ မဟုတ်ပါဘူး၊ ဒါကြောင့် မပြောပါရစေနဲ့တော့ဗျာ. . . ဟဲဟဲ'

အကျီစိမ်းက ရယ်သွမ်းသွေးပြီး ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီဖြူ၏ မျက်ခုံးမွေးများ နဖူးပေါ် မြင့်တက်သွား၏။

'ခင်ဗျားနဲ့ကျုပ် တိုက်ခိုက်ကျရင် မကောင်းပါဘူး၊ အသေအကြေတိုက်လည်း နှစ်ယောက်စလုံး အမြတ်ထွက်မှာ မဟုတ်ဘူး၊ နောက်ဆုံးကျရင် နှစ်ယောက်စလုံး အမောသာ အဖတ်တင်မှာ၊ ဒီတော့ ပြောစရာရှိတာ ပြောစမ်းဗျာ'

'မိတ်ဆွေ လူကဲခတ် ကောင်းပါတယ်၊ ကျုပ်မှာ နာမည်နှစ်မျိုးရှိတယ်ဗျ၊ ခင်ဗျားက ဘယ်နှစ်မျိုး သိချင်တာလဲ'

'နှစ်မျိုးစလုံး သိချင်ပါတယ်'

'ခင်ဗျား တော်တော်လောဘကြီးတဲ့လူပဲ၊ ကျုပ်နာမည် 'ပိန်လျှန်ကျုံး'၊ ပြီးတော့. . .'

အင်္ကျီစိမ်းအပြောကြောင့် အင်္ကျီဖြူ မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက ကျုပ်ကို လာနှောက်နေတာလား'

'မဟုတ်ပါဘူးဗျာ၊ နေပြည်တော်က မိန်းမချောကို အကြောင်းကြားစရာရှိလို့ စကားစလိုက်တာပါ၊ ဟဲဟဲ'

'သူက ခင်ဗျားမိတ်ဆွေမို့လား'

'မေးစရာ လိုသေးလို့လားဗျာ'

'ကျုပ်ကတော့ ခင်ဗျားကို လူစိမ်းတစ်ယောက်လို့ ထင်တာပဲ'

'ဒီလိုဆိုရင် ဇီးပန်းချောင်က လူတွေကိုတော့ ခင်ဗျား သိလိမ့်မယ်ထင်တယ်'



'အဲဒီကဆိုရင် မသိသူ မရှိသလောက်ပါပဲ'

'ဟဲဟဲ. . . ဒါဖြင့် ရွှေကုံး (နှင်းအဆောင်)ကိုကော သိရဲ့လား'

အင်္ကျီဖြူ မျက်စိမျက်နှာ ပျက်သွားသည်။

'မိတ်ဆွေတို့'

'. . . . . .'

အင်္ကျီစိမ်းသည် ဘာစကားမျှ မပြောတော့ဘဲ အင်္ကျီဖြူကို စိုက်ကြည့်လိုက်သည်။

အင်္ကျီဖြူ ထိန်ဝှက်မနေရဲတော့။

'ကျုပ်နာမည် ချန်ချွန်ယင်းပါ'

အင်္ကျီစိမ်းသည် အင်္ကျီဖြူ၏ ပါးနပ်မှုနှင့် ကြောက်ရွံ့တတ်မှုကို အတော်သဘောကျနေသည်။

ထို့ကြောင့် တဟားဟားရယ်ပြီး လက်နှစ်ဘက်ကိုပင် မြှောက်တင်လိုက်မိသည်။

'ဒီလိုမှပေါ့ဗျာ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ၊ ဒီနေရာဟာ နှင်းအဆောင်ရွှေကုံး မဟုတ်ဘူး၊ ဇီးပန်းချောင် မေကူလဲ မဟုတ်ဘူး'

အင်္ကျီဖြူသည် တစ်စုံတရာ မပြောရဲတော့သဖြင့် မျက်တောင်ကိုသာ ပုတ်ခတ်ပုတ်ခတ် လုပ်နေတော့သည်။

အတန်ကြာမှ. . .

'နေပါဦး၊ ခင်ဗျားက အနက်ရောင်ဝတ်လား၊ အဖြူရောင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဝတ်လား။ သေသေချာချာ ပြောစမ်းပါ'

'ဟဲဟဲ. . . အစကတော့ အဖြူရောင်ဝတ်ပါ၊ အဖြူရောင်ဟာ မျက်စိကို အေးစေ၊ စွဲစေတဲ့အရောင်ပဲ၊ ကြည့်ရှုမှု စွမ်းအားလည်း ရှိတယ်လေ၊ အခုတော့ အစိမ်းရောင်ကို လဲဝတ် ထားပါပြီ၊ အလဲအလှယ်ဆိုတာ ရှိစမြဲကိုးဗျ'

အကျီဖြူသည် တီကို ဆားနှင့်တို့လိုက်သကဲ့သို့ ဆတ်ခနဲ ဖြစ်သွားသည်။

'ဩ. . . လက်စသတ်တော့ ဆရာဖြူကြီးကိုး၊ ဆရာဖြူကြီး (ပိုင်လောင်) ဒီကို ကြွရောက်လာတာက. . .'

'ကျုပ်တို့ ကိစ္စမရှိဘဲ ခြေဦးတည့်ရာ လျှောက်သွားနေတယ်လို့ ထင်သလား'

'မ-မဟုတ်ပါဘူးဗျာ'

အကျီဖြူ ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားစဉ်မှာပင် အကျီစိမ်းက အကျီလက်အိုးတဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

ထို့နောက် အကျီဖြူကို လှမ်းပေးသည်။

'ရော့. . . ခင်ဗျား ဒီပစ္စည်းကိုယူပြီး အဆောင်ထဲ ပြန်သွားပါ'

အကျီဖြူစာပေသမား၊ လက်ရှစ်ဘက် ချန်ချွန်းယင်းသည် လှမ်းပေးနေသောပစ္စည်းကို တအံ့တဩ ကြည့်လိုက်မိသည်။

ထိုပစ္စည်းသည် လေးထောင့်ရွှေတံဆိပ်ပြားဖြစ်သည်။

ရွှေတံဆိပ်ပြား၏ အလယ်တည့်တည့်တွင် (မေဝှား)



ဖီးပန်းပွင့်တစ်ပွင့် ထွင်းထားသည်။ အောက်တွင် 'နေပြည်တော်မျက်နှာ မိန်းမချော စကြဝဠာမယ်' ဟု စာတန်းကလေး ရေးထွင်းထားသည်။

လက်ရှစ်ဘက် ချန်ချွန်းယင်း ဘယ်စကားမျှ မပြောတော့။ တံဆိပ်ပြားကို အလွန်လေးစားသော အမူအရာနှင့် ဦးညွှတ်ယူလိုက်သည်။

ထို့နောက် အတွင်းဘက်သို့ လှည့်သွားသည်။ သူ ရပ်ခဲ့သောနေရာတွင် ခြေရာတစ်စုံ ထင်ကျန်ခဲ့သည်။

အကျီစိမ်းနှင့်လူသည် သူ့ဘေးမှ ကပ်လိုက်သွားသည်။ သူ ရပ်ခဲ့ သောနေရာတွင် ခြေရာတစ်စုံ ထင်ကျန်ခဲ့သည်။ သို့သော် အစိမ်းဝတ်၏ခြေရာသည် အဝတ်ဖြူ၏ခြေရာလောက် နက်ရှိုင်းထင်ရှားခြင်း မရှိချေ။

ထို့နောက် အစိမ်းဝတ်သည် အပေါက်ဝတွင် ရပ်နေခဲ့တော့သည်။

ခရမ်းရောင်အကျီဝတ်နှစ်ယောက်သည် တြောင်တက်တက် ဖြစ်နေကြသည်။

သူတို့မျက်နှာပေါ်မှ သံသယများသည် ချက်ချင်း ပျောက်ကွယ်သွားလေပြီ။

သူတို့မျက်နှာပေါ်တွင် သံသယနှင့် ဆန့်ကျင်သော လေးစားမှုအရိပ်များ လွှမ်းလာသည်။

အနောက်ဆောင်ထဲသို့ ဝင်သွားသော အကျီဖြူ ချန်ချွန်း

www.burmeseclassic.com



ယင်းသည် ချက်ချင်းပြန်ရောက်လာပြီး အကျီစိမ်းကို လေးစားစွာ ဂါရဝပြုလာသည်။

ထို့နောက် အမိန့်ပေး ညွှန်ကြားချက် ရွှေတံဆိပ်ပြားကို ပြန်ပေးလာသည်။

တဆက်တည်းတွင် . . .

'ဆရာဖြူကြီး ကျုပ်ကို ခွင့်ပြုပါဦး'

ဟုပြောသည်။

အစိမ်းဝတ်နှင့်လူက အနားကပ်ပြီး တိုးတိုးတိုးတိုးနှင့် ပြောသည်။

ထို့နောက် လူချင်းခွာပြီး ခပ်ကျယ်ကျယ်ထပ်ပြောသည်။

'ခပ်လွယ်လွယ် ပြန်ထွက်မလာနဲ့နော်၊ ရောဂါကူးကုန်လိမ့်မယ်'

'ဟုတ်ကဲ့ခင်ဗျ . . . ဟုတ်ကဲ့'

ချန်ချွန်းယင်းက တလေးတစားပြောရင်း ခုရမ်းရောင်အကျီဝတ်နှစ်ယောက်ကို လက်ယမ်းပြလိုက်သည်။

ထို့နောက် ဒုတိယဆောင်ဖြစ်သည့် အနောက်ဆောင်သို့ ပြန်ဝင်သွားကြသည်။

ဒုတိယဆောင်ဖြစ်သည့် အနောက်ဆောင်အတွင်းပိုင်း တံခါးဝတွင် မိန်းမချောနှင့် အနက်ဝတ်လူငယ်တို့က အသင့်စောင့်ကြိုနေကြသည်။

ချန်ချွန်းယင်းသည် အပေါက်ဝသို့ ရောက်သည်နှင့် အကျီနက်နှစ်ယောက်ကို ဦးညွှတ်ပြီး ဂါရဝပြုလိုက်သည်။





ဤတွင် အနက်ဝတ်မိန်းမချောက စတင်မေးတော့သည်။

'တွေ့ခဲ့ရဲ့လား'

'တွေ့ခဲ့ပါတယ်'

'ဘယ်သူလဲ'

'အဝတ်စိမ်းနဲ့ ဆရာဖြူကြီး ပိုင်လောင်ပါ'

'ဘာ . . . ပိုင် . . . ဟုတ်လား'

အနက်ဝတ်လူငယ်က ဝင်ပြောလာသည်။

'ပိုင်စီးကိုး . . . မေမေ . . . မေမေ'

ချန်ချွန်းယင်းက ဖြတ်ပြောသည်။

'ဟုတ်ပါတယ် သခင်လေး၊ ဂိုဏ်းချုပ်ကြီးမေမေပါ၊ သူ ကြွလာပါပြီ'

'ဟုတ်လား'

'ဟုတ်ပါတယ်'

မှန်သည်။

ရောက်လာသူသည် ဆရာဖြူကြီး အမည်ခံထားသည့် ဂိုဏ်းချုပ်မေမေကြီးပင်။

အကျီနက်လူငယ်သည် အလွန်စိတ်လှုပ်ရှားသွားပြီး မိမ်းသဲအားရ ဖြစ်လာသည်၊ အပြင်ဘက်သို့ ပြေးထွက်ရန်ပင် ဆန်ပြင်လိုက်မိသည်။

အကျီနက်မိန်းမချောက ပိုပြီး လက်မြန်သည်။ အကျီနက်



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

'မော်လင်၊ နေဦး၊ မလောနဲ့'

'အဒေါ်ရှုန်း၊ ခင်ဗျား. . . ခင်ဗျား'

အကြီးနက်မိန်းမချောက မော်လင့်ကို ဂရုမစိုက်တော့ချေ။ ချန်ချွန်းယင်းကိုသာ လှမ်းမေးသည်။

'ဂိုဏ်းချုပ်ကြီးက ဘယ်လိုအမိန့်ရှိလိုက်သလဲ'

'ဘယ်သူမှ လာမတွေ့ရဘူးတဲ့'

'ကြားလား မော်လင်၊ နင် တော်တော်အလျင်စလို လုပ်ချင်တယ် ဟင်း'

မိန်းမချောက မော်လင့်ကို ငေါက်တော့သည်။

မော်လင် ဘာမျှစောဒက မတက်တော့။ အကြီးဖြူကိုသာ လှမ်းမေးတော့သည်။

'နယ်လှည့် စစ်ဆေးရေးမှူးချုပ်၊ အဲဒါ ဘာဖြစ်တာလဲဗျ'

'ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး၊ မေးလည်း မမေးရဲဘူး၊ လူသိမှာ စိုးလို့ ထင်ပါရဲ့ဗျာ'

မော်လင်စကားပြတ်သွားသည်။ အကြီးနက်မိန်းမချောက ချန်ချွန်းယင်းကို လှမ်းမေးတော့သည်။

'ဂိုဏ်းချုပ်ကြီးက ဘယ်အချိန်ကတည်းက ရောက်နေတာလဲ'

'...ပည်း မပြောဘူးသခင်မ၊ သူရောက်တာ ကျုပ်တို့ထက် နောက်ကျမယ်ထင်တယ်'

—◻—



'ရှင်နဲ့ ဂိုဏ်းချုပ်ကြီး တွေ့တွေ့ဆိုင်ဆိုင် တွေ့ခဲ့တာလား'

'ဟုတ်ပါတယ်၊ ရွှေတဲဆိပ်ပြြား ချီးမြှင့်ပြီး ဆင့်ခေါ် ပြောဆိုတာပါ'

'ထူးထူးခြားခြား ဘာတွေ မှာသွားလဲ'

'သခင်မလေးကို တင်ပြခိုင်းလိုက်တာကတော့ ဖျပ်စောင်း...းရှည် စာပေသမားဆိုတဲ့လူကို လွှတ်ပေးလိုက်ပါတဲ့'

'ရှင်'

မိန်းမချောသည် အလွန်အံ့အားသင့်သွားပြီး ပါးစပ်ဟ...းတော့သည်။

ကြားရသောစကားသည် မယုံနိုင်စရာကောင်းသော...းဖြစ်သောကြောင့်ပင်။

'ရှင် တကယ် ပြောနေတာလား၊ သူ ဒီလိုပြောတာ ဘာဖြစ်...၊ အစတုန်းကတော့. . .'

မိန်းမချောသည် အလွန်မကျေမနပ်ဖြစ်လာဟန်နှင့် ...ဖြစ်တင်ချင်သလို ပြောလာသည်။

ချန်ချွန်းယင်းက ကမန်းကတန်း ဖြေရှင်းသည်။

'ဒီလိုပါ၊ ကျုပ်တို့ ဖမ်းထားတဲ့ ဖျပ်စောင်းဓားရှည် စာပေ...းဟာ အစစ်မဟုတ်ဘဲ အတုဖြစ်နေလို့တဲ့'

'ရှင်. . . အတု ဟုတ်လား'

'ဟုတ်ပါတယ်၊ အတု ဖြစ်နေပါသတဲ့'

အကြီးနက် မိန်းမချော၏ မျက်လုံးအစုံသည် ...ထွက်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလို ပြူးပြီး ဝိုင်းသွားသည်။

လေးကင်းသဏ္ဌာန် နှုတ်ခမ်းသည်ပင် ဝလုံးဖြစ်သွား သည်။

'အတုဟန်ဆောင်တဲ့ အတု ဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး'

မိန်းမချော၏မျက်နှာသည် ချက်ချင်း အရုပ်ဆိုးသွား သည်။

ချန်ချွင်းယင်းက ဆက်ပြောသည်။

'ခု ကျုပ်တို့ ဖမ်းထားတဲ့လူဟာ ဗျပ်စောင်းမောရှည် စာ သမားဟန်ဆောင်ထားတဲ့ ဗျပ်စောင်းမောရှည် ကျောင်းသား ခင်ဗျ'

'ဘယ်လို ဖြစ်ကုန်ကြတာလဲ'

အကျီနက်ဝတ်အမျိုးသမီးသည် ခေါင်းကိုသာ တဖျင်း ကုတ်လိုက်မိတော့သည်။

ရယ်လိုက်တိုင်း ပေါ်လာတတ်သည့် ပါးချိုင့်ကလေး ဘယ်ရောက်သွားမှန်း မသိတော့။

သူမ၏မျက်နှာထားသည် တမုဟုတ်ချင်း တင်းမာ တော့သည်။

သူမသည် ကျောက်ရုပ်လို ရပ်နေကြသော ခရမ်းရောင် အကျီဝတ်နှစ်ယောက်ကို လှမ်းကြည့်ပြီး အမိန့်ပေးတော့သည်။

'ဗျပ်စောင်းမောရှည် စာပေသမားကို သွားခေါ်ပါ'

—— ▯ ——



သည့်စစ်ဆေးရေးမှူး ယွမ်'

'ဟုတ်ကဲ့ သခင်မလေး၊ ဟုတ်ကဲ့'

မျက်ခုံးထူထူ၊ မျက်လုံးပြူးပြူးနှင့် ခရမ်းရောင် အကျီဝတ် သည် ချက်ချင်း ထွက်ခွာသွားသည်။

မိန်းမချောသည် ရပ်နေဆဲရှိသော မျက်ခုံးသေးသေး၊ မျက် ပေါက်ကျဉ်းကျဉ်းနှင့် ခရမ်းရောင်အကျီဝတ်ကို လှမ်းပြီး အမိန့်ပေး ပြန်သည်။

'နယ်လှည့်စစ်ဆေးရေးမှူး လျို၊ ယွင်ယန့်ဖေးကို အမြန် အကြောင်းကြားပါ'

'စိတ်ချပါ သခင်မလေး'

လျို ဆိုသူလည်း ခါးညွတ် အရိုအသေပေးပြီး ချက်ချင်း လှည့်ထွက်သွားသည်။

ထိုလူ ထွက်သွားပြီး မကြာခင်မှာပင် မျက်ခုံးထူထူနှင့် နယ်လှည့်စစ်ဆေးရေးမှူး ယွမ် ပြန်ရောက်လာသည်။

သူနောက်တွင် မီးခိုးပြာအကျီဝတ်လူနှစ်ယောက် ပါလာ သည်။ ထိုလူနှစ်ယောက်၏အလယ်တွင် မျက်စိမှိတ်ပြီး ခေါင်း ငိုက်စိုက်ကျနေသည့် လူတစ်ယောက်ပါ ပါလာသည်။

ထိုလူသည ဗျပ်စောင်းမောရှည် စာပေသမား ဝန်ရင်မော် ပင် ဖြစ်သည်။ (ရှင်းအောင်ဆိုရလျှင် ဝန်ရင်မော်အတုဟု အဆိုခံ နေရသည့်လူပင်)

ဝန်ရင်မော်၏ပုံပန်းကိုကြည့်ရုံနှင့် အကြောပိတ် ခံထားရ

—— ▯ ——

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိသာသည်။

သူတို့သည် အကျီနက်မိန်းမချောနှင့် မလှမ်းမကမ်းတွင် ရပ်တန့်သွားသည်။

ထို့နောက် မျက်ခုံးထူထူနှင့် ခရမ်းရောင်အကျီဝတ်ယွမ်တာ အစီရင်ခံလာသည်။

'သခင်မလေး လိုအပ်သူ ရောက်လာပါပြီ'

အကျီနက်မိန်းမချောက ခေါင်းညိတ်ပြပြီး သေးတွင် ရပ်နေသော အကျီဖြူကို လှည့်ပြောသည်။

'နယ်လှည့် စစ်ဆေးရေးမှူးချုပ် ချန်၊ ကြည့်လုပ်လိုက်ပါ'

'ဟုတ်ကဲ့ သခင်မလေး'

ချန်ချွန်းယင်းသည် ဝန်ရင်မော်ကို စိုက်ကြည့်လိုက်ပြီး ရှေ့သို့ တိုးလာသည်။

ထို့နောက် ဝန်ရင်မော်၏နဖူးပေါ် လက်တင်ပြီး သပ်ချလိုက်သည်။ မျက်နှာဖုံးစွပ်တစ်ခုသည် ဖျတ်ခနဲ ပြုတ်ကျသွားသည်။

'ဟင်'

အကျီနက် မိန်းမချောက တကယ် အံ့သြနေတော့သည်။

ထိုသူသည် တစ်ခဏအတွင်း ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရင်မော် မဟုတ်တော့၊ ဂိုဏ်းချုပ် ပြောသည့်အတိုင်း အတုဖြစ်နေပြီ။

မိန်းမချော၏မျက်လုံးထဲမှ ဒေါသခိုးများ အူထွက်လာ



တော့သည်။

'ဘာပဲဖြစ်ဖြစ် သူ့ကို မေးကြည့်ရင် တစ်စုံတရာ အဖြေထွက်လာပါလိမ့်မယ် သခင်မလေး'

ချန်ချွန်းယင်းက မိန်းမချော၏ ဒေါသကို အချိန်မီ လှမ်းဖြေသည်။

အကျီနက်မိန်းမချော၏ မြောက်တက်သွားသော လက်ဝါးသည် အသာလေး ပြန်ကျလာသည်။

အကင်းပါးသော ချန်ချွန်းယင်းက ထိုလူ၏ သွေးကြောတစ်ခုကို ဖျတ်ခနဲ ဖွင့်ပေးလိုက်သည်။

မကြာပါ၊ ထိုလူ၏ ပိတ်နေသော မျက်လုံးများ ပြန်ပွင့်လာသည်။ ထိုလူသည် မျက်လုံးပွင့်နေသည်နှင့် ဟိုဟိုသည်သည် လှည့်ကြည့်ပြီး အရူးလို အော်တော့သည်။

◀◀ ▶▶

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

### နားရွက်ပြတ်သူ

'ခင်. . . ခင်ဗျားတို့ ဘာလုပ်ကြတာလဲ၊ ကျုပ်. . . ကျုပ်ကို ဒါ ဘာလုပ်နေတာလဲ'

'ဘာမှ မေးမနေနဲ့၊ ကျုပ်တို့ မေးတာသာ မှန်မှန်ဖြေ'

ချန်ချွန်းယင်းက အေးစက်စက် လှမ်းပြောသည်။ ထိုလူ မျက်လုံး ဝိုင်းသွားသည်။ ချန်ချွန်းယင်းက. . .

'ခင်ဗျားကို ဝန်ရှင်မော်အတုအဖြစ် ဘယ်သူ စီစဉ်ပေးလဲ'

ထိုလူသည် ကြမ်းခင်းပေါ် ကျနေသော မျက်နှာတုကို ငုံ့ကြည့်လိုက်ပြီး. . .

'ဒါ. . . ဒါကတော့ဗျာ၊ ဟို. . . ဟို'

☐



'သိပ်ကြောက်မနေပါနဲ့၊ ကျုပ်တို့က ဗျပ်စောင်းမားရှည် စာပေသမားအစစ်ကိုသာ လိုချင်တာပါ၊ အတုကို လိုချင်တာ မဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျားကို ပြန်လွှတ်ပေးမယ်၊ ဒါပေမယ့် မေးတာကို အမှန်အတိုင်း ဖြေရမယ်၊ လိမ်ရင် အစီအစဉ်တစ်မျိုး ပြောင်းသွားမယ်၊ အဲဒါ သေသေချာချာ ဆုံးဖြတ်စဉ်းစားပါ'

'ခင်. . ခင်ဗျားတို့က ကျုပ်ကို တကယ် ပြန်လွှတ်မှာလား'

'ဒီအချက်က ခင်ဗျားရဲ့အဖြေပေါ်မှာ မူတည်တယ်၊ ခင်ဗျားကိုသာ ခင်ဗျား ကယ်တင်နိုင်တယ်'၊

ထိုလူ ငြိမ်သွားသည်။ ဖြေရန် ချီတုံချတုံ ဖြစ်နေသည်။ သို့သော် လိမ်၍ မဖြစ်။ မိမိသည် သူတို့လက်ခုပ်ထဲ''ရေ။

'ကျုပ်. . . ကျုပ်အမှန်အတိုင်း ဖြေပါ့မယ်၊ ကျုပ်ကို ခုလို စီစဉ်ပေးလိုက်တာဟာ သတ္တမသူရဲကောင်း အမိန့်နဲ့ပါ'

'တော်ပြီ'

ချန်ချွန်ယင်းက စကားဖြတ်သည်။ ခဏတွေ စဉ်းစားပြီးမှ ထပ်မေးသည်။

'ခင်ဗျားဟာ ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရှင်မော် ဟန်ဆောင်ထားတဲ့ ဗျပ်စောင်းမားရှည် ကျောင်းသားပဲ၊ ဒါ ကျုပ်တို့ သိပြီးပြီ၊ ဒီတော့ ပြောစရာရှိတာ ဆက်ပြောတော့၊ ခု ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရှင်မော် ဘယ်မှာလဲ'

'ဒုတိယသခင်လေး ဝန်ရှင်မော်ဟာ ခု ကျို့မိသားစု အိမ်တော်မှာပဲ ရှိနေပါတယ်'

☐

www.burmeseclassic.com

www.burmeseclassic.com



'ပေါက်ကရတွေ ပြောမနေနဲ့၊ ကျုပ်တို့ ထွက်လာပြီးတဲ့နောက်မှာ အဲဒီအိမ်တော်ကြီး မီးဟုန်းဟုန်း တောက်လောင်သွားတယ်၊ ကျို့ကုံးချင်က သူ့မိတ်ဆွေညီလေးကို မီးလောင်တိုက်ထွင်းပစ်ပါ့မလား'

ချန်ချွန်ယင်း၏အသည်းက သံလို မာလာသည်။

ထိုလူက ဗျာဗျာသလဲ ပြန်ဖြေသည်။

'ကျုပ်. . . ကျုပ်ကို ဝန်ရင်မော်အတုအဖြစ် စီစဉ်ပေးတုန်းက ဒုတိယသခင်လေး ဝန်ရင်မော်ဟာ အနောက်ဘက်အဆောင်ထဲမှာ ရှိနေတာ အမှန်ပါဗျာ၊ ဒီနောက်တော့ သတ္တမသူရဲကောင်း ဘယ့်လို စီစဉ်ခဲ့တယ်ဆိုတာ ကျုပ် မသိခဲ့ပါဘူး'

'ခင်ဗျား တကယ့်ကို မသိခဲ့တာလား'

ချန်ချွင်းယင်းက အေးစက်စက်ပြောသည်။ ထိုလူ တုန်တုန်ယင်ယင် ဖြစ်လာသည်။

'ကျုပ် အမှန်ပြောတာပါ၊ ခင်ဗျားတို့ကို မညာခဲ့ပါဘူး၊ လိမ်ပြောရင် မိုးကြိုးပစ် သေရပါစေရဲ့'

'အရူးစကားတွေ ပြောမနေစမ်းပါနဲ့၊ ကျိန်တာတွယ်တာတို့ ကျုပ်တို့ အယုံအကြည် မရှိဘူး'

'ကျုပ် တကယ် မသိတာပါဗျာ၊ မကျေနပ်လို့ သတ်လည်း ကျုပ် သေရမှာပါ'

ချန်ချွန်ယင်းက အကျိုနက်မိန်းမချောကို လှမ်းကြည့်လိုက်သည်။

▯



'သခင်မလေး အဆုံးအဖြတ် ပေးပါ'

မိန်းမချောက မျက်မှောင်ကြုတ်ပြီး စုံစမ်းလာသည်။

'ဂိုဏ်းချုပ်ကြီးက လွှတ်ဖို့ပဲ မှာခဲ့သလား'

'ဟုတ်ပါတယ် သခင်မလေး'

'မှဲ့တစ်ပေါက် မစွန်းစေရဘူးလို့ကော မှာသေးသလား'

'မမှာပါဘူး၊ လွှတ်လိုက်လို့ပဲ မိန့်ခဲ့ပါတယ်'

'ကောင်းပြီ'

အကျိုနက် မိန်းမချော၏မျက်လုံးအစုံသည် တမုဟုတ်ချင်း ဝင်းပြောင်လာသည်။ ထို့နောက် အေးစက်စက် ဆက်ပြောတော့သည်။

'ကဲ. . . သူ့နားရွက်နှစ်ဘက်ကို ဖြတ်ပြီး ပြန်လွှတ်လိုက်တော့'

ထိုလူသည် ဇောချွေးများ ပြန်တက်လာပြီး ကြောက်လန့်တကြား အော်တော့သည်။

'သိပ်ကြောက်မနေပါနဲ့ မိတ်ဆွေ၊ နားရွက်ဖြတ်ခံရတာဟာ အသတ်ခံရတာထက် အပုံကြီးတော်ပါတယ်'

ချန်ချွန်းယင်းက အေးစက်စက်ပြောရင်း ထိုလူ၏ နားရွက်ကို လက်ဝါးစောင်း ရိုက်ပစ်လိုက်သည်။

'အား. . .'

ထိုလူ့အော်သံ ငယ်သံ ပါသွားသည်။

ထို့နောက် ကြမ်းခင်းပေါ် လဲကျသွားသည်။

▯

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်ယင်း အသံ ထပ်ပေါ်လာသည်။

'ဒီလူ့ကို ခေါ်သွားကြတော့၊ သခင်မလေး အမိန့်အတိုင်း ဖြစ်ပါစေ'

မီးခိုးပြာအင်္ကျီဝတ်နှစ်ယောက်သည် ထိုလူ့ကို ဆွဲထူလိုက်ပြီး အဆောင်အပြင်သို့ ခေါ်သွားကြတော့သည်။

အင်္ကျီနက်မိန်းမချောသည် အဖြစ်အပျက် အစအဆုံးကို သွေးအေးစွာ ကြည့်နေရာမှ ချွန်ချွန်းယင်းကို လှမ်းပြောသည်။

'နယ်လှည့်စစ်ဆေးရေးမှူးချုပ်ချန်၊ ဂိုဏ်းချုပ်ကြီး ဘာတွေ မှာသွားသေးလဲ'

'တခြားတော့ ဘာမှ မှာမသွားပါဘူး'

'ဒီလိုဆိုရင် ဒီနေရာက စွန့်ခွာတော့မလား'

'သခင်မလေး စိတ်ကြိုက် စီစဉ်နိုင်တယ်လို့ ယူဆပါတယ်'

'ဒီလိုဆိုရင် ပစ္စည်းတွေ အမြန်သိမ်းဖို့ ညွှန်ကြားလိုက်တော့၊ ကျွန်မတို့ အမြန်ထွက်ကြမယ်'

'စိတ်ချပါ သခင်မလေး'

ချွန်ချွန်းယင်းသည် ဦးညွှတ်ပြီး သုတ်သီးသုတ်ပျာ ထွက်ခွာသွားသည်။

သို့သော် ခရမ်းရောင် အင်္ကျီဝတ်တစ်ယောက် ပြေးဝင်လာသဖြင့် လှမ်းနေဆဲခြေလှမ်းကို တွံ့ခနဲ ရပ်ပစ်လိုက်ရသည်။

ဝင်လာသူသည် မျက်ခုံးသေးသေးနှင့် မျက်ပေါက်ကျဉ်းကျဉ်းနှင့်လူဖြစ်သည်။





သူ့နောက်တွင်လည်း အင်္ကျီပြာဝတ်လူတစ်ယောက် ကပ်ပါလာသည်။

သူတို့နှစ်ယောက်သည် အဆောင်ထဲရောက်သည်နှင့် အင်္ကျီနက်မိန်းကလေးကို ခပ်မြန်မြန် ဂါရဝပြုကြသည်။

ထို့နောက် အင်္ကျီပြာဝတ်လူက ရှေ့ကို တိုးပြီး ပြောသည်။

'ကျွန်တော် ယွင်ယန့်ဖေး ရောက်လာပါပြီ သခင်မလေး'

ထိုလူသည် သမားတော်ကြီး စိုက်ဝါထိုဟု အမည်ခံခဲ့သူပင်။

အင်္ကျီနက်မိန်းမချောသည် သက်ပြင်းတစ်ချက် ဟင်းခနဲ ချလိုက်ပြီး

'အဆောင်မှူးယွင်. . . ရှင့်လုပ်ရည်ကိုင်ရည်ဟာ တကယ်တော့ မညံ့လှပါဘူး၊ ဒါပေမယ့်. . .'

ယွင်ယန့်ဖေး သဘောပေါက်သည်။ တစ်စုံတစ်ခု မှားယွင်းနေလေပြီ။ စကားကို အရမ်းမပြောရဲတော့။

'ဟုတ်ကဲ့၊ လိုအပ်တာရှိရင် ညွှန်ကြားချင်ပေးပါ သခင်မလေး'

အင်္ကျီနက်မိန်းမချောက ချွန်ချွင်းယင်းကို လှမ်းကြည့်သည်။

'ချန်. . . သူ့ကို အကြောင်းစုံ ပြောပြလိုက်ပါ'

ချွန်ချွန်းယင်းက ယွင်ယန့်ဖေးကို လှမ်းကြည့်သည်။

'အဆောင်မှူးယွင်. . . ဟိုလူဟာ ဗျပ်စောင်းဓားရှည်



www.burmeseclassic.com

www.burmeseclassic.com



စာပေသမားအတုဖြစ်နေတယ်ဗျ'

ယွင်ယန်ဖေး၏ခေါင်း ဆတ်ခနဲ မော့လာသည်။

'ဒါ. . ဒါ. . . တကယ်ပဲလား၊ မဖြစ်နိုင်ဘူးထင်တယ်'

အကျႌနက်မိန်းမချောက မကျေမနပ်ကြည့်ကြည့်ပြီး ခပ်ထန်ထန် ဝင်ပြောသည်။

'မဖြစ်နိုင်ဘူး ဟုတ်လား၊ ရှင်က ကျွန်မတို့ စကားကို လိမ်ပြောနေတယ် ထင်နေသလား၊ ကျွန်မတို့မှာ လုပ်ကြံပြောစရာ ရှိသေးလို့လား'

ယွင်ယန်ဖေးမျက်နှာညိုးကျသွားသည်။ ပါးစပ်သည် အာခေး ထည့်ခံလိုက်ရသကဲ့သို့ ဟမရတော့။ ခေါင်းငုံ့နေရပြီး အတန်ကြာမှ. . .

'ဒီလိုမထင်ဝံ့ပါဘူး သခင်မရယ်၊ ဒါပေမယ့် ကျွန်တော့က သူနဲ့ သုံးနေ့နဲ့ နှစ်ညကျော်ကျော် နေခဲ့ရတယ်ဆိုတော့. . .'

'ရှင်မယုံရင် ဒီမှာရပ်နေတဲ့လူတွေကို တစ်ယောက်ချင်း မေးကြည့်လိုက်ပါ'

'မလိုတော့ပါဘူး သခင်မလေးရယ်'

'ဟင်းဟင်း. . . သူ့ကို အလျင်စလို လွှတ်ပေးလိုက်တာ ပိပ်မှားသွားတယ်၊ နို့မို့ရင် ရှင်ကိုယ်တိုင် မေးခွင့်ရလိမ့်မယ်၊ တကယ်တော့ ရှင်ဟာ စွန့်စားခဲ့ရတဲ့လူပဲ'

ယွင်ယန်ဖေးသည် ဘာကြောင့်ရယ် မသိ။ ကြက်သီး တဖြန်းဖြန်းထသွားသည်။

▯



'ကျွန်တော့အပြစ်ပါ သခင်မလေး၊ ဒီအတွက် ကြိုက်သလို ဒဏ်ခတ်ပါ'

'မလိုအပ်တာကို တောင်းဆိုမနေပါနဲ့၊ ရှင်ဟာ ကျွန်မတို့ ဂိုဏ်းမှာ အရေးပါ အရာရောက်သူတစ်ယောက်ပါ'

ယွင်ယန့်ဖေး စကားမဟရဲတော့ပေ။

ခေါင်းငုံ့ပြီး ကျောက်ရုပ်ကြီးလိုသာ ငြိမ်သက်နေလေတော့သည်။

အတန်ကြာမှ. . .

အနက်ဝတ်မိန်းမချော၏အသံ ပြန်ထွက်လာသည်။

'အဆောင်မှူးယွင်၊ ရှင်က ရှင့်ကို သတ်ပစ်ရုံနဲ့ ဗျပ်စောင်းဘေးရှည် စာပေသမားကို အစားထိုးနိုင်လိမ့်မယ်လို့ ထင်နေသလား'

'ဒီလို မဟုတ်ပါဘူးဗျာ၊ ဂိုဏ်းရဲ့ လိုအပ်ချက်ကို မှန်မှန်ကန်ကန် မဆောင်ရွက်နိုင်လို့'

အနက်ဝတ်မိန်းမချောက သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်သည်။

'ဒီမယ်ယွင်၊ ကျွန်မတို့တွေဟာ သတ္တမသူရဲကောင်း ကျို့ကုံးချင်ရဲ့ လိမ်ညာမှုကို ခံခဲ့ရသူတွေချည်းပဲ၊ ခုချိန်မှာ ဘယ်သူ့ကိုမှ အပြစ်ဖို့စရာ မလိုသေးဘူး၊ ကဲ. . . ရှင် သွားတော့၊ သိမ်းစရာရှိတာ မြန်မြန်သိမ်းပြီး အကြောင်းကြားသင့်တာ အကြောင်းကြားပါ၊ အချိန်အနည်းငယ်အတွင်း အားလုံး အသင့် ရှိနေပါစေ'

ယွင်ယန့်ဖေးသည် ယခုမှ အသက်ရှူချောင်ပြီး လန်းသန်း

▯

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းဖြစ်လာသည်။

ထို့ကြောင့်. . .

'ကျွန်တော့်ကို ခုလို ခွင့်လွှတ်တဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး သခင်မလေး၊ ကျွန်တော့်အသက်ဟာ သခင်မလေး ပေးတဲ့အသက်ပါ'

ယွင်ယန့်ဖေးသည် တက်တက်ကြွကြွပြောပြီး လန်းလန်း ဆန်းဆန်း ဂါရဝပြုလာသည်။

ထို့နောက် အဆောင်ထဲမှ ခပ်သုတ်သုတ်ထွက်ခွာသွား တော့သည်။

အနက်ဝတ်မိန်းမချောသည် ယွင်ယန့်ဖေး၏ ကျောပြင် ကြီးကို ငေးကြည့်နေရာမှ ချန်ချွန်းယင်းဘက် လှည့်လာသည်။

'နယ်လှည့်စစ်ဆေးရေးမှူးချန်၊ သတ္တမသူရဲကောင်း ကျို့ ကုံးချွင်ကို မရရအောင် လိုက်ရှာပါ'

'အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ် သခင်မလေး'

ထိုအချိန်မှာပင် အပြင်ထွက်သွားသော ယွင်ယန့်ဖေး ပြန်ရောက်လာသည်။

ချန်ချွင်ယင်းက. . .

'ဘာဖြစ်လို့ ပြန်လာတာလဲ အဆောင်မှူးယွင်'

'ရန်သူ့ခြေရာတွေ့နေလို့ပါ'

'ကဲ. . . ပြောစမ်းပါဦး'

'ကျုပ် တံခါးပေါက်ကအထွက်မှာ သတင်းပို့သူနဲ့ ဆုံခဲ့ပါ





တယ်၊ သူ့ကိုတော့ အကျိုးအကြောင်း မေးပြီး ချက်ချင်း ပြန်လွှတ် လိုက်ပါပြီ'

အနက်ဝတ် မိန်းမချောက ရှေ့သို့ တစ်လှမ်းတိုးလာပြီး ဖြတ်မေးသည်။

'ဘယ်သူတွေလဲ အဆောင်မှူးယွင်'

'ဘယ်သူဘယ်ဝါရယ်လို့တော့ သေသေချာချာ မသိခဲ့ ပါဘူး သခင်မ'

'ဒါဖြင့် သူတို့ကို ဘယ်မှာ တွေ့ခဲ့တာလဲ'

'ကျင့်စီးက ဟိုတယ်တစ်ခုမှာပါ'

'အင်အား ဘယ်လောက်လောက်ရှိသလဲ'

'ဆယ့်တစ်ယောက်ပါ'

အကျီနက်မိန်းမချောသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွား သည်။ ပြီးမှ. . .

'ကဲ. . . ရှင် သွားနိုင်ပြီ၊ စောစောက အမိန့်ကိုလည်း ဖျက်လိုက်ပြီ၊ အရေးကြီးတာက ဂိုဏ်းသားတွေကို အမိန့်မရဘဲ အရမ်း မလှုပ်ရှားရဘူးဆိုတဲ့အကြောင်း ညွှန်ကြားထားပါ။ အားလုံး ကို ဟိုတယ်ထဲက မထွက်ဖို့လည်း ပြင်းပြင်းထန်ထန် တားမြစ်ပါ၊ ကျွန်မတို့ရဲ့ လျှို့ဝှက်ချက်ကို ရန်သူ လုံးဝ မရိပ်မိဖို့ အရေးကြီးတယ်'

'စိတ်ချပါ သခင်မ'

'ကဲ. . . ရှင် သွားတော့'

ယွင်ယန့်ဖေးသည် ဘာစကားမျှ မပြောတော့ဘဲ ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာမှ လှည့်ထွက်သွားသည်။

တချိန်လုံးငြိမ်နေသော ချန်ချွန်းယင်းသည် ယခုမှ စကားပြန်စသည်။

'ဒီအတိုင်းဆိုရင် ဘယ်လိုလုပ်ကြမလဲ သခင်မလေး'

'အင်း. . . လောလောဖယ် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ပြဿနာက ရှင်းမလိုလိုနဲ့ တော်တော်ရှုပ်နေတယ်၊ ဝန်ရင်မော်ကလည်း အစစ်မဟုတ်ဘဲ အတုဖြစ်နေတာယ်ဆိုတော့ ဟင်း. . . ကျို့ကုံးချွင်ကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး သိုင်းလောကကို စာလွှာထုတ်ပြီး အတူအညီ တောင်းထားပြီးပြီ'

အကျိုနက် မိန်းမချောသည် အလွန်ခေါင်းရှုပ်ဟန်နှင့် သက်ပြင်းချလိုက်သည်၊ ချန်ချွန်းယင်းက. . .

'ပြဿနာက ရှင်းမလိုလိုနဲ့ တော်တော်ရှုပ်လာပြီ၊ စဉ်းစားစရာတွေကတော့ အများကြီးပဲ၊ ကျို့ကုံးချွင်ဟာ ဒီကိစ္စကို ဟန်ဆောင်ပြီး လုပ်ပါမလား သခင်မလေး'

'စဉ်းတော့ စဉ်းစားစရာပဲ၊ ဒါပေမယ့် သိုင်းလောကဂိုဏ်းပေါင်းစုံဟာ ကျို့ကုံးချွင်ရဲ့ စာလွှာကို ရထားကြပြီဆိုတော့ အင်း. . . သိုင်းလောကသားတွေဟာ ဒေသအနှံ့အပြားမှာ ပိုက်စိပ်တိုက်ပြီး ရှာဖွေနေလောက်ပြီ၊ တစ်ခုတော့ရှိတယ်၊ ကျွန်မတို့အနေနဲ့ သူတို့ကို အနှံ့အပြား လိုက်ရှာဖို့ မလိုတော့ဘူး'

'ဒီလိုဖြစ်လာတာ ကြံဖန်ပြီး ကောင်းတာယ်လို့ ဆိုရလိမ့်မယ် သခင်မလေး၊ ကျုပ်တို့က ဒီလူတွေကို ပါးပါးနပ်နပ်နဲ့ ပြန်ပြီး





အသုံးချရလိမ့်မယ်'

ချန်ချွန်းယင်း၏ အဆိုပြုချက်ကို အကျိုနက်မိန်းမချောသဘောကျသွားသည်။ မှုန်နေသောမျက်နှာပင်လျှင် ဝင်းခနဲဖြစ်လာသည်။

'ကဲ. . . ဒီလိုလုပ်၊ ဒီမှာ အစောင့် လေးငါးယောက်ထားခဲ့၊ ပြီးရင် ကျင့်စီးကို လျှို့နဲ့ယွင်ကို တစ်ပါတည်း ခေါ်ခဲ့၊ . . . ကျွန်မ သွားနှင့်မယ်'

အကျိုနက်မိန်းမချောသည် စကားဆုံးသည်နှင့် အကျိုနက်တ် မော်လင်ကို ခေါ်ပြီး ထွက်သွားတော့သည်။

ချန်ချွန်းယင်းလည်း တစ်စုံတရာ တုန့်ဆိုင်းမနေတော့ဘဲ ရမ်းရောင် အကျိုဝတ်နှစ်ယောက်ကို ဆင့်ခေါ်ပြီး ကတိုက်ကရိုက်မိလိုက်ရတော့သည်။

သူတို့အားလုံး တုံယွင်ဟိုတယ်မှ ထွက်လာကြပြီးနောက်မ်းမကြီးနှစ်ခုကို ကျော်ဖြတ်မိသည်နှင့် ကျင့်စီးသို့ ရောက်တော့သည်။

◀◀ ▶▶



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

## ကျားကျားချင်း တွေ့ဆုံခွဲ

ဤတွင် ဟိုနေရာတစ်ခုဒီနေရာတစ်ခု ရှိနေသော ဟိုတယ်လေးငါးခုကို တွေ့ရသည်။

အနက်ဝတ်မိန်းမချောသည် ဟိုဟိုသည်သည် လိုက်ကြည့်နေရာမှ 'ဖိန်းအန်း' ဟိုတယ်ရှေ့တွင် ကြိုးချည်ထားသော မြင်းဆယ်ကောင်ကို သတိပြုမိလာသည်။

သို့နှင့် ချန်ချွန်းယင်းကို သတိပေးလိုက်သည်။

'ဒီ ဟိုတယ်ထဲမှာ ဖြစ်မယ် ချန်'

'ဟုတ်တယ်သခင်မလေး၊ မြင်းတွေက ချောင်ထန်း ရဲတိုက်က မြင်းတွေနဲ့တူတယ်'





'အထောက်အထား ရှိလို့လား'

'မြင်းတွေမှာ ဆင်ယင်ထားတဲ့ ကကြိုးတန်ဆာနဲ့ မြင်းတွေရဲ့ အသွေးအရောင်တွေဟာ အထောက်အထားပဲ သခင်မလေး'

'ဟုတ်တယ်၊ မြင်တွေဟာ ရွှေဝါရောင်တွေချည်းပဲ၊ ကကြိုးတန်ဆာတွေကလည်း အပြည့်အစုံပဲ'

'အဲဒါဟာ ချောင်ထန်းပေါင်ရဲတိုက် (မိုးမျှော်ရဲတိုက်)ရဲ့ အတိမ်းအမှတ်ပဲ'

'ကောင်းတယ်၊ မှတ်ဆိတ်ပျားစွဲဆိုတာ ဒါမျိုးပဲ'

အနက်ဝတ်မိန်းမချောနှင့် ချန်ချွန်းယင်းတို့သည် စကားတပြောပြောနှင့် လျှောက်ခဲ့ကြသည်။ မကြာမီ ဖိန်အန်း (ကျန်းမာရေး) ဟိုတယ်ရှေ့သို့ ရောက်လာကြသည်။

ချန်ချွန်းယင်းက ရွှေဝါရောင်မြင်းများကို သတိထားကြည့်လိုက်သည်။ ထို့နောက် . . .

'ဟုတ်ပြီ၊ သခင်မလေး၊ သေချာနေပြီ၊ မြင်းတင်ပါးတွေမှာ 'ချောင်ဆန်း'ဆိုတဲ့စာတွေ ရေးထားတယ်'

'တွေ့တယ် ချန်း ကဲ . . . ကျွန်မတို့ ဟိုတယ်ထဲ ဝင်ကြစို့လား'

အနက်ဝတ်မိန်းမချောက တိုးတိုးပြော်ပြီး ဆက်လျှောက်သည်။

အနက်ဝတ်လူငယ်သည် ဘာစကားမျှ မပြောဘဲ ငြိမ်လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဖိန်အုန်း ဟိုတယ်ထဲသို့ ရောက်လာသည်။

ကောင်တာရှေ့တွင် ရပ်လိုက်သည်နှင့် စားပွဲထိုး နှ

ယောက် သုတ်သီးသုတ်ပျာ ရောက်လာတော့သည်။

သူတို့ကသည် အနက်ဝတ်မိန်းမချောတို့ကို ဂါရဝ ပြုလိုက်

ပြီး တစ်ယောက်က ပြုံးဖြီးဖြီး ပြောလာသည်။

'အားတော့ နာပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ဟိုတယ်မှာ

အခန်းလွတ် မရှိတော့ပါဘူး၊ နေရာထိုင်ခင်းတွေလည်း လူပြည့်

နေပါပြီ၊ စောစောက ထပ်ပြီး ရောက်လာတဲ့ ဧည့်သည်တွေဟာ

နောက်ဆုံး လက်ခံနိုင်တဲ့ ဧည့်သည်တွေပါ'

'ကိစ္စမရှိပါဘူး၊ ကျွန်မက လူ လာရှာတာပါ'

'ဪ. . . ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ ခင်ဗျာ'

'မြင်းဆယ်ကောင်ရဲ့ ပိုင်ရှင်ပါ'

အနက်ဝတ်မိန်းမချောက အပြင်တွင် ချည်ထားသော

မြင်းများကို လက်ညှိုးထိုးပြလိုက်သည်။

'ဪ. . . နောက်ဆုံးရောက်လာတဲ့ ဧည့်သည်တွေကို

ခဏလေး စောင့်ပါဗျာ၊ ကျွန်တော် သွားခေါ်ပေးပါ့မယ်'

စားပွဲထိုးသည် ချက်ချင်း နောက်လှည့်သွားသည်။

သို့သော် သူ ခြေတစ်လှမ်းမျှ ထပ်မလှမ်းလိုက်ရပါ။ ပခုံး

သံချိတ်နှင့် ဆွဲလိုက်သကဲ့သို့ တန့်ခနဲ ဖြစ်သွားသည်။

'ခင်ဗျား ခေါ်ပေးဖို့ မလိုပါဘူး၊ ဒီမှာပဲ နေပါ၊ ကဲ. . .

သခင်မလေး ကြွနိုင်ပါပြီ'





ချန်ချွန်းယင်းက စားပွဲထိုးနှင့် အနက်ဝတ်မိန်းမချောကို

တဆက်တည်း ပြောလိုက်သည်။

အနက်ဝတ်မိန်းမချောသည် ထူးထူးထွေထွေ ဘာမျှ

မပြောတော့။

အနက်ဝတ်လူငယ်ကို လက်တို့ပြီး အတွင်းဘက်သို့ လှမ်း

ဝင်သွားသည်။

စားပွဲထိုးသည် သူတို့ ဝင်သွားရာကို လှမ်းမျှော်ကြည့်

နေရင်း ခေါင်းကိုသာ ယမ်းခါနေတော့သည်။

ချန်ချွန်းယင်းသည် စားပွဲထိုးကို ရပ်ကြည့်နေရာမှ အနက်

ဝတ်မိန်းမချောနောက်သို့ ခပ်သုတ်သုတ် လိုက်သွားတော့သည်။

သူတို့သည် ဟိုတယ်အတွင်းပိုင်းမှနေ၍ အနောက်ဘက်

အဆောင်သို့ ချဉ်းကပ်သွားကြသည်။

ထိုစဉ် အနောက်ဘက်အဆောင်အတွင်းမှ စကားသံ

တစ်သံ ထွက်လာသည်။

'မိတ်ဆွေတို့၊ ကျေးဇူးပြုပြီး ရပ်လိုက်ကြပါ၊ ဒီဘက်က

အဆောင်ဟာ ကျုပ်တို့ အပြီးအပိုင် ငှားထားတဲ့အဆောင်ပါ'

ထိုအသံဆုံးသည်နှင့် အရှေ့ဘက်တွင်ရှိသောအခန်းထဲမှ

အဝါဝတ်ထားသည့် လူတစ်ယောက် ထွက်လာသည်။

ထိုလူ အပြင်ရောက်ချိန်တွင် အခြားအခန်းများမှ လူများ

ပါ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်။

ထွက်လာသူများသည် အဝါရောင်ဝတ်စုံဝတ်ထားသူများ



www.burmeseclassic.com

www.burmeseclassic.com



ချည်း ဖြစ်သည်။

စုစုပေါင်း ရှစ်ယောက်တိတိ ရှိသွားလေပြီ။

သို့သော် လူ မစုံသေး။

နှစ်ယောက် လိုနေသေးသည်။

အနက်ဝတ်မိန်းမချောသည် လူရှစ်ယောက်ကို တစ်ယောက်ချင်း လိုက်ကြည့်နေသည်။

ချန်ချွန်းယင်းက အကဲခတ်ပြီးသည်နှင့် စကားစလိုက်သည်။

'ကျုပ်တို့က တည်းခိုဖို့လာတာ မဟုတ်ပါဘူး၊ လူ လာရှာတာပါ'

'လူ. . . ဟုတ်လား၊ ဘယ်သူ့ကို လာရှာတာလဲ'

အဝါဝတ်လူတစ်ယောက်က မေးသည်။

ချန်ချွန်းယင်းက အဖြေမပေးဘဲ ပြန်မေးသည်။

'ခင်ဗျားတို့က ချောင်ထန်းရဲတိုက်က မဟုတ်လား'

'မမှားပါဘူး၊ ခင်ဗျားတို့ကကော'

ချန်ချွန်းယင်းက ထိုလူအမေးကို မဖြေဘဲ သူ သိလိုရာကိုသာ ထပ်မေးပြန်သည်။

'ခင်ဗျားတို့ခေါင်းဆောင်က ဘယ်သူလဲ'

အဝါဝတ်က မဖြေဘဲ သူ ပြောလိုရာကိုသာ ထပ်ပြောသည်။

'အရေးကြီးတာက ခင်ဗျားတို့ ဘယ်သူဘယ်ဝါ ဆိုတာပဲ





'ကျုပ်မေးတာသာ ပြောစမ်းပါ၊ ခင်ဗျားခေါင်းဆောင် ဘယ်မှာလဲ၊ ဘယ်သူလဲ'

ထိုစဉ် အသံအုပ်အုပ်နှင့် ပြောလိုက်သော စကားသံတစ်သံ ထွက်လာသည်။

'ဘယ်က မိတ်ဆွေတွေလဲ၊ ချောင်ထန်းရဲတိုက် ခေါင်းဆောင်ကို လာရှာတာ ဘယ်သူတွေလဲ'

အနက်ဝတ်မိန်းမချောသည် အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။

အနောက်ဆောင်အလယ်ခန်း၏တံခါးဝတွင် ပခုံးချင်းယှဉ်ရပ်နေသည့် လူနှစ်ယောက်ကို တွေ့ရသည်။

တစ်ယောက်သည် မျက်ခုံးမွေးထူထူ၊ မျက်လုံးပြူးပြူးနှင့် အနက်ရောင်ကို ဝတ်ထားသည်။

တစ်ယောက်ကား ဖြူဖပ်ဖြူရော်မျက်နှာနှင့် မုတ်ဆိတ်မွေး မရှိပေ။

ထိုလူသည် အဖြူရောင်ကို ဝတ်ဆင်ထားသည်။

ထိုလူနှစ်ယောက် အနီးသို့ ရောက်လာသည်နှင့် အဝါဝတ်နှစ်ယောက်က ဖျာဖျာသလဲ ဂါရဝပြုကြသည်။

'ဒီလူတွေက ဒုတိယသခင်ကြီးတို့ကို တွေ့ချင်လို့တဲ့'

အနက်ဝတ်နှင့် အဖြူဝတ်လူကြီးနှစ်ယောက်သည် အနက်ဝတ်မိန်းမချောကို စူးစူးရဲရဲ အကဲခတ်လိုက်သည်။

ထို့နောက် အနက်ဝတ် မျက်ခုံးထူထူ၊ မျက်လုံးပြူးပြူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူက စကားစလာသည်။

'ကျုပ်နာမည် ယီကျင့်တုန်းပါ၊ ချောင်ထန်းရဲတိုက်ကပါ၊ ခင်ဗျားတို့နာမည်တွေလည်း ပြောပြပါဦး'

ချန်ချွန်းယင်းက အမေးကို မဖြေသေးဘဲ ထပ်မေးသည်။

'ဆရာကြီးက မိုးဟိန်းလက်သူရဲကောင်းကြီး ယီ ဟုတ်ပါသလား'

'ဘွဲ့မည်တွေ တပ်နေဖို့ မလိုပါဘူး မိတ်ဆွေ၊ ယီ ဆိုရင်ပဲ လုံလောက်ပါပြီ'

ထိုလူက သူ့ကိုယ်သူ နှိမ့်ချဟန်နှင့် ပြောလာသည်။

ချန်ချွန်းယင်းက ပြုံးပြီး ဖြေလာသည်။

'ကျုပ်နာမည် ချန်ချွင်းယင်းပါ၊ အထက်လူနဲ့ အလည်အပတ် လာခဲ့တာပါပဲ'

ယီကျင့်တုန်း၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'လက်စသတ်တော့ လက်နှစ်ဘက်ဘွဲ့ရှင် ချန်ကိုး'

'ဒါက ဟိတ်ဟန်ထုတ်ထားတဲ့ ဘွဲ့ မဟုတ်ပါဘူး မိတ်ဆွေ၊ သိုင်းလောကက ရောင်းရင်းမိတ်ဆွေတွေ ချစ်စနိုး မှည့်ခေါ်နေကြတာပါ ဟဲဟဲ. . .'

'ဒီက မိန်းမချောကကော ဗျာ'

ယီကျင့်တုန်းက အနက်ဝတ်မိန်းမချောကို ကွက်ခနဲကြည့်ပြီး မေးသည်။

'ဒါ ကျုပ်အထက်လူကြီးပါ'





ယီကျင့်တုန်းရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။

မမျှော်လင့်သောဧည့်သည်ကို လိုက်မရှာရပါဘဲ ရှေ့တွင် တွေ့နေရလေပြီ။

ယီကျင့်တုန်းသည် မျက်တောင်တဖျပ်ဖျပ်ခတ်နေရင်းက ငယ်သားများကို လှမ်းပြောလိုက်သည်။

'ကဲကဲ. . . ဧည့်သည်တော်တွေကို လက်ဘက်ရည်ပွဲနဲ့ ဧည့်ခံဖို့ လုပ်ကြပါဦး'

ချန်ချွန်းယင်းက ခေါင်းယမ်းပြသည်။

'မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ကျုပ်တို့ ခုပဲ ပြန်ကြမှာပါ'

'အားနာလို့လား မိတ်ဆွေ၊ ဒီမှာ ဘာမှ အားနာစရာ မရှိပါဘူး၊ ဒါနဲ့ မိတ်ဆွေတို့ ဘာများ ပြောစရာရှိနေလို့ပါလဲ'

ယီကျင့်တုန်းက ရင်တထိတ်ထိတ်နှင့် ပြောသည်။ ချန်ချွန်းယင်းက အနက်ဝတ်မိန်းမကို လှမ်းကြည့်သည်။

'ရှင်ပဲ ပြောလိုက်ပါ'

အနက်ဝတ်မိန်းမချောက ချန်ချွန်းယင်းကို တာဝန်လွှဲပေးသည်။

'ဟုတ်ကဲ့ပါ သခင်မလေး'

ချန်ချွန်းယင်းက ဦးညွှတ်အရိုအသေပေးပြီး ယီကျင့်တုန်းကို လှမ်းကြည့်သည်။

'မိတ်ဆွေကြီး ယီကျင့်တုန်း၊ ခင်ဗျားတို့ ရဲတိုက်ကကဘာ သတ္တမသူရဲကောင်းရဲ့ အကူအညီ တောင်းဆိုလွှာကို လက်ခံရရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါသလား၊ ကိစ္စက ဗျပ်စောင်းဓားရှည်စာပေသမား ဝန်ရင်မော်ကို ရှာဖွေပေးဖို့ကိစ္စပေါ့'

'ဩော်. . . ဒါလား၊ ရပါတယ်ခင်ဗျာ၊ ရပါတယ်၊ ခင်ဗျားတို့ကော'

'ဟဲဟဲ. . . ကျုပ်တို့က သူ အကူအညီတောင်းတဲ့ စာရင်းထဲမှာ မပါပါဘူး၊ ခင်ဗျားတို့ ရှာဖွေနေတဲ့ လူတွေဟာ ကျုပ်တို့ပဲ'

'ဗျာ. . .'

ယီကျင့်တုန်းနှုတ်မှ အာမေဍိတ်သံ ထွက်လာသည်။

ထို့နောက်. . .

'ခင်. . . ခင်ဗျားတို့က ဝန်ရင်မော်ကို ဖမ်းဆီးသွားတဲ့ လူတွေလား'

'မမှားပါဘူး'

အဝါဝတ်ရှစ်ယောက်သည် ကြားရသောစကားကြောင့် ချန်ချွန်းယင်းတို့ကို လျှပ်ပြက်သလို ဝိုင်းရံလိုက်ကြသည်။

ယီကျင့်တုန်း၏မျက်ခုံးမွေးလည်း နဖူးပေါ် မြင့်တက်သွားတော့သည်။

'ခင်ဗျားတို့ဟာ သံဖိနပ်ပါးအောင် လိုက်ရှာတောင် တွေ့နိုင်တဲ့လူတွေ မဟုတ်ဘူး၊ ခုတော့ မပင်ပန်းဘဲ တွေ့နေကြရပြီ၊ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာ ဒါမျိုးပဲ ထင်ပါ့၊ ဟားဟား. . .'

ယီကျင့်တုန်းယ အားရဝမ်းသာဟန်နှင့် ပြောသည်။

ချန်ချွန်းယင်းက ဟက်ခနဲ ရယ်လိုက်သည်။



'ကျုပ်တို့လည်း ခင်ဗျားတို့နဲ့တွေ့တာ အတော်ဖြစ်သွားတယ်၊ ကျို့တုန်းချင်ကို အမြန်အကြောင်းကြားလိုက်ပါ၊ ကျုပ်တို့စောင့်နေတယ်လို့၊ လိုအပ်သလို ညှိနှိုင်းဖို့ အမြန်ကြွခဲ့ပါလို့'

'ဒါပဲလားဗျာ'

'ဒါပါပဲ'

'နေပါဦး၊ ဗျပ်စောင်းဓားရှည်စာပေသမား ဝန်ရင်မော်က ဘယ်မှာလဲ'

'ကျုပ်တို့ လက်ထဲမှာပေါ့ဗျာ'

'ဒီလိုဆိုရင် ကျို့ကုံးချွင်နဲ့တွေ့ဖို့ မလိုတော့ဘူး၊ ကျုပ်နဲ့ရှင်းရင် ဖြစ်တယ်၊ ကျုပ်နဲ့တွေ့တာဟာ ကျို့ကုံးချွင်နဲ့တွေ့တာနဲ့ အတူတူပဲ'

ချန်ချွန်းယင်းက ခေါင်းကို ဖြည်းဖြည်းယမ်းသည်။

'ခင်ဗျားကို သိပ်အားနာပါတယ်၊ ခင်ဗျားတို့ဟာ ကျုပ်တို့ရဲ့ အဓိကရန်သူ မဟုတ်ပါဘူး၊ အဆင့်အတန်းခွဲပြီး ပြောရရင်လည်း ခင်ဗျားတို့ရဲတိုက်မှာ ကျုပ်အထက်လူကြီးနဲ့ ယှဉ်ပြိုင်ဆွေးနွေးနိုင်တဲ့လူ မရှိသေးပါဘူး'

ချန်ချွန်းယင်းစကားကြောင့် ယီကျင့်တုန်းရင်ထဲ ကျင်ခနဲဖြစ်သွားသည်။

ဖြူသောမျက်နှာသည် တမုဟုတ်ချင်း နီရဲလာသည်၊ ဒေါသလည်း တစ်ကိုယ်လုံး ပြန့်လာလေပြီ။

တစ်ချိန်လုံး ငြိမ်နေသည့် အဝတ်ဖြူနှင့်လူပင် လှုပ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားဖြစ်လာသည်။

'ခင်ဗျား တယ် မာန်တက်နေပါလား၊ ဟုတ်၊ မဟုတ် သိရအောင် စမ်းကြည့်စို့လား'

ယီကျင့်တုန်းသည် စိတ်မြန်သော အဝတ်ဖြူကို လက်နှင့် လှမ်းတားလိုက်ရသည်။

ထို့နောက် ချန်ချွန်းယင်းကို ကျားရဲမျက်လုံးနှင့် စိုက်ကြည့်လိုက်သည်။

'သူ့ရဲကောင်းကြီးချန့်က ကျုပ်တို့ရဲတိုက်ကို တော်တော် အထင်သေးနေတာကိုး'

ချန်ချွန်းယင်းက ဟက်ခနဲ ရယ်ပစ်လိုက်သည်။

'စိတ်မဆိုးပါနဲ့ ယီ၊ အဖြစ်မှန်ဟာ ဒီအတိုင်းပါပဲ. . . ဟဲဟဲ'

ချန်ချွန်းယင်း၏ ပြောဟန်ဆိုဟန်သည် အလွန်ဒေါသထွက်စရာကောင်းလာသည်။

ယီကျင့်တုန်းသည် လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ပစ်လိုက်သည်။

'အကြွားသန်တဲ့ မိတ်ဆွေ ကျေးဇူးပြုပြီး ခင်ဗျားတို့ ဂိုဏ်းနာမည်ကိုပြောစမ်းပါဦး'

'ဟဲဟဲ ဒါလဲ မဖြစ်သေးဘူးဗျ၊ ကျုပ်တို့ ဂိုဏ်းနာမည်ကို သိခွင့် ရှိသူဟာ လေးငါးယောက်လောက်ပဲ ရှိတာဗျ၊ ခင်ဗျားတို့ အဆင့်အတန်းက. . .'

'ခင်ဗျား ကြွားလွန်းတယ် မိတ်ဆွေ'



အဝတ်နက် မိန်းမချောသည် စိတ်မရှည်တော့ဟန်နှင့် ဝင်ပြောတော့သည်။

'ယီ ဆိုတဲ့လူ၊ ရှင်က ကျို့ကုန်းချွင်ကို ကိုယ်စားပြုနိုင်သူလား'

ယီကျင့်တုန်းက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

'ကျုပ်အခန်းထဲက ထွက်လာတာဟာ ကျို့ကုန်းချွင် ကိုယ်စား ထွက်လာတာပါ၊ ကျုပ်အဆုံးအဖြတ်ဟာ ကျို့ကုန်းချွင် အဆုံးအဖြတ်ပဲ'

'ဒါဖြင့် ကျွန်မ နောက်ထပ် ဗျပ်စောင်းဓားရှည် စာပေသမား တစ်ယောက်လိုချင်သေးတယ်၊ ရှင်ဆောင်ရွက်ပေးနိုင်မလား'

ယီကျင့်တုန်း မျက်လုံး ပြူးသွားသည်။

'ဘာ မိန်းမချော ဘာတွေ ပြောလိုက်တာလဲ'

အနက်ဝတ် မိန်းမချောက ချန်ချွန်းယင်းကိုသာ အမိန့်ပေးတော့သည်။

'နယ်လှည့် စစ်ဆေးရေးမှူးချန်၊ ရှင်ပဲ ရှင်းလင်းပြလိုက်ပါ'

'စိတ်ချပါ သခင်မ'

ချန်ချွန်းယင်းက အနက်ဝတ်မိန်းမချောကို ခေါင်းညိတ်ပြပြီး ယီကျင့်တုန်းတို့ လှမ်းကြည့်သည်။

'ရှင်းအောင်ပြောရရင် ကျုပ်တို့ အလိုရှိလို့ ဖမ်းထားတဲ့ ဗျပ်စောင်းဓားရှည် စာပေသမားဟာ အစစ်မဟုတ်ဘဲ အတု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်ဗျ၊ ဒါကြောင့် အစစ်ကို ရဖို့ လိုနေတယ်၊ အဲဒါ ခင်ဗျား ဆောင်ရွက်ပေးနိုင်သလား'

ယီကျင့်တုန်း အဖြေ မပေးနိုင်တော့။ ထိုစဉ် အဖြူဝတ်က ဝင်ပြောသည်။

'အစ်ကိုလေးက သူတို့ ပြောတာတွေချည်း နားထောင်နေတာကိုး'

'ဟုတ်တယ်ဗျာ၊ သူတို့က ကျုပ်ကို ကလေးတစ်ယောက်လို သဘောထားနေကြတာပဲ၊ ခင်ဗျား ပြောသလို သူတို့ပြောချင်တာတွေချည်း ပြောနေကြတာပဲ'

ဤပုံစံသည် သူ့ကနောက်မှ ဖြဲရုံပြီး လိုက်မည့်ပုံပင်။ သူ၏ ဟန်ပန် အမူအရာသည် ချောင်ထန်းရဲတိုက်ကို ဂရုမစိုက်ကြောင်း ပြသသည့် အမူအရာဖြစ်သည်။

ယီကျင့်တုန်းသည် ဤအချက်ကို သတိပြုမိလိုက်သဖြင့် ဒေါသထောင်းခနဲ ထွက်လာသည်။

'ခင်ဗျားတို့က သိပ်ကို ရှေ့တိုးချင်နေကြတာကိုး၊ ဒီလို ဖွတ်ဝင်လို့ ရစတမ်းဆိုရင် . . .'

ယီကျင့်တုန်းသည် စကားကို ဆုံးအောင်မပြောတော့ဘဲ အကျီဝါများကိုသာ လက်ယမ်းပြလိုက်တော့သည်။

အကျီဝါရှစ်ယောက်သည် အထက်အမိန့် ရသည်နှင့် ခရမ်းရောင်ဝတ်နှစ်ယောက်ကို တရကြမ်း ဝင်တိုက်သည်။

အနက်ဝတ်လူငယ် မော်လင်သည် တိုက်ပွဲအခြေအနေကို





စေးကြည့်နေရင်း . . .

'ချောင်ထန်းရဲတိုက်သားတွေဟာ မသိသားဆိုးရွားတဲ့ လူတွေပဲ' ဟုရေရွတ်လိုက်သည်။

ထို့နောက် ဘက်တော်သားနှစ်ယောက်ဘက်မှ ဝင်တိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် အကျီနက်ဝတ် မိန်းမချောက ခွင့်မပြုချေ။

နောက်ကျော အကျီစကိုသာ ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

'မလောနဲ့၊ မလိုအပ်သေးဘူး၊ သူတို့နဲ့ လုံလောက်တယ်'

အနက်ဝတ်မိန်းမချော စကားအဆုံးတွင်ပင် 'အင့် အား အိုး' ဟူသော အသံများ ပေါ်ထွက်လာသည်။

'ဒါက ရှင်တို့ အထင်ပါ၊ ကျွန်မတို့က ရှင်ပြောတာကို နားထောင်ချင်လို့ တကူးတက လာခဲ့ကြတာပဲ'

အနက်ဝတ် မိန်းမချောက အေးစက်စက် ဝင်ပြောသည်။

ယီကျင့်တုန်းက . . .

'ဒီလိုဆိုလဲ ခဏလေး သည်းခံစောင့်ပါဗျာ၊ ခင်ဗျားတို့ နားထောင်ချင်တာကို နားထောင်ရပါစေမယ်'

'ရှင်လဲ တော်တော် ကိုယ်ရည်သွေးတတ်သားပဲ'

'မယုံရင်လဲ စမ်းသပ်ကြည့်နိုင်ပါတယ်ဗျာ'

'ဟင်းဟင်း . . . ဝမ်းနည်းပါတယ်၊ ကျွန်မတို့က တိုက်ခိုက်ဖို့ ရောက်လာကြသူတွေ မဟုတ်ပါဘူး၊ ဒါပေမယ့် . . .'

အနက်ဝတ်မိန်းမချောက ချန်ချွန်းယင်းကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ချန်ချွန်းယင်းက အကင်းပါးသည်။

ဝိုင်းရံနေကြသော အဝါဝတ်များကို ဝေ့ကြည့်လိုက်ပြီး နှစ်ယောက်ကို အမိန့်လှမ်းပေးလိုက်သည်။

'ယွင်ကျင့်တက်၊ လျှိုရှုန်း. . . သခင်မလေးတို့ကို လမ်းဖွင့်ပေးပါ'

ခရမ်းရောင်ဝတ်နှစ်ယောက်သည် မာန်တင်းသော မျက်နှာထားများနှင့် ဝိုင်းနေသူများရှိရာ လျှောက်လှမ်းသွားသည်။

'သခင်မလေးနဲ့ သခင်လေး ကြွမြန်းနိုင်ပါပြီ'

ချန်ချွန်းယင်းက အခြေအနေကို အကဲခတ်ပြီး လှမ်းပြောသည်။

အဝါဝတ်လေးယောက်သည် ခရမ်းရောင်ဝတ် နှစ်ယောက်၏ လက်ဝါးစောင်းဒဏ် မိသွားလေပြီ။

လေးယောက်စလုံးသည် ယိုင်ထိုးယိုင်ထိုး ဖြစ်သွားပြီး နောက်သို့ပြန်ဆုတ်သွားကြသည်။

တစ်ပြိုင်နက်တည်းတွင် ချန်ချွန်းယင်းနှင့် တိုက်ခိုက်နေကြသော အဝါဝတ်လေးယောက်သည်လည်း နောက်ဆုတ်သွားကြရလေပြီ။

သူတို့ခေါင်းဆောင်အဖြူဝတ်လည်း မျက်စိမျက်နှာပျက်နေလေပြီ။

ယီကျင့်တုန်းရပ်မနေသာတော့။ အဖြူဝတ်ကို မျက်ရိပ်ပြ





လိုက်ပြီး ချန်ချွန်းယင်းကို တစ်ပြိုင်တည်း ဝင်တိုက်ကြတော့သည်။

ချန်ချွန်းယင်းသည် သူတို့၏ တိုက်ကွက်များကို ရင်ဆိုင်တိုက်ခိုက်နေရာမှ ရယ်သွမ်းသွေးပြီး ပြန်ပြောသည်။

'ဟားဟား. . . ချောင်ထန်းရဲတိုက်က ခေါင်းဆောင်နှစ်ယောက်ရဲ့ တိုက်ကွက်တွေဟာ တော်တော်အဆင့်မြင့်တဲ့ တိုက်ကွက်တွေပဲ၊ ခုလို လက်ရည်စမ်းခွင့်ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဟားဟား'

ချန်ချွန်းယင်းသည် ခုန်ပျံ တိုက်ခိုက်လာသည်။

ယီကျင့်တုန်းနှင့် အဖြူဝတ်သည် ကြောက်စရာကောင်းသော တိုက်ခိုက်မှုဒဏ်ကို ခံလိုက်ရသဖြင့် ယိုင်ထိုးယိုင်ထိုး ဖြစ်သွားကြသည်။ ထို့နောက် တုန်လှုပ်ချောက်ချားစွာနှင့်, နောက်ဆုတ်သွားကြသည်။

'ခင်ဗျားတို့ အစွမ်းက ဒါပဲလားဗျ၊ ပညာတွေ လျှိုမထားနဲ့နော်'

ချန်ချွန်းယင်းက သရော်တော်တော် လှမ်းပြောသည်။

ယီကျင့်တုန်းနှင့် အဖြူဝတ်တို့သည် ကြားရသောစကားကြောင့် မခံမရပ်နိုင်အောင် ဖြစ်သွားကြသည်။

သို့သော် ယီကျင့်တုန်းက အခြေအနေအရ မီးစင်ကြည့်ကာရန် ဆုံးဖြတ်လိုက်သည်။

ငယ်ထိပ်တိုင်တက်လာသောမာနကို အားတင်းပြီး ရိုက်ချိုးခ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီဖြူကား မိုက်ကန်းချင်နေသေးသည်။ အဲကို တင်းခံ
ကြိတ်ပြီး ရှေ့ကို တိုးတက်လိုက်ပြန်သည်။

သို့သော် ယီကျင့်တုန်းက ခွင့်မပြုချေ။ အချိန်မီ လက်တား
ထားလိုက်ပြီး. . .

'တော်လောက်ပြီ တတိယညီလေး၊ သူတို့ကို ဝင်ခွင့်
လိုက်ပါတော့'

ထိုအချိန်၌ ချန်ချွန်းယင်းတို့လူစုသည် ဟိုတယ် အတွင်း
ပိုင်းသို့ ဝင်သွားကြလေပြီ။ အကျီဖြူသည် ထိုလူစု၏ ကျောပြင်များ
ကို ငေးကြည့်နေရင်း သက်ပြင်းရှည်ကြီး ချပစ်လိုက်တော့သည်။

'ဟင်း ဒီပွဲလောက်နာတဲ့ ပွဲမရှိတော့ဘူး၊ သေသေကြေကြေ
တိုက်လိုက်ချင်တယ်'

ယီကျင့်တုန်းလည်း ရှက်ပါသည်။ သို့သော် ဘာမျှ မတတ်
နိုင်။ အကျီဖြူကိုပင် မကြည့်ရဲတော့။ တီးတိုးရေရွတ်လိုက်သည်။

'လူ့အသက်တစ်ချောင်းဟာ အင်မတန် ရခဲတယ်ညီလေး
နိုင်ချေမရှိဘဲ တိုက်တာဟာ လူမိုက်ပဲ၊ ဘာပဲဖြစ်ဖြစ် မှန်မှန်
ကန်ကန် ပြောရရင် ဒီနေ့ဟာ ချောင်ထန်းရဲတိုက် သိက္ခာကျ
နေ့ပဲ၊ ဟင်း. . .'

ယီကျင့်တုန်း၏ သက်ပြင်းသံသည် အခန်းတစ်ခုလုံး
မြည်ထွက်သွားသည်။ အကျီဖြူသည် ချန်ချွင်းယင်းတို့ ပျောက်သွား
သွားမှ စကားပြန်စသည်။

'အစ်ကိုလေး အဝတ်နက်မိန်းမချောက ဘယ်လိုမိန်း





ချောလဲဗျ'

ယီကျင့်တုန်းက ခေါင်းကိုသာ တွင်တွင်ယမ်းပြသည်။

'ဘယ်လိုမိန်းမမှန်း မသေချာသေးဘူး၊ ဘယ်ဂိုဏ်းက
မှန်းလည်း မသိသေးဘူး၊ အစွမ်းထက်ပုံရတာတော့ အမှန်ပဲ၊
ချန်ချွန်းယင်းရဲ့ အရည်အသွေးနဲ့ အောက်ကျခံ ပေါင်းသင်းမှုဟာ
သက်သေပြချက်တစ်ခုပဲ'

'အစ်ကိုလေးက ဒီအချက်ကလေးကြည့်ပြီး အလျှော့ပေး
လိုက်တာလား'

ယီကျင့်တုန်း ဒေါသထွက်လာသည်။

'ဒီသဘောနဲ့ လွှတ်လိုက်တာ မဟုတ်ဘူးကွ၊ လုပ်စရာတွေ
ရှိသေးလို့၊ သူရဲကောင်း ဝန်ရင်မော်ကို ကယ်တင်တဲ့ကိစ္စမှာ
ဆုံးခန်းတိုင်လုပ်ဖို့တာဝန်က တို့တာဝန်၊ အဲ. . . မီးစင်ကြည့် က
ခတ်ဖို့တော့ လိုတယ်၊ မိုက်ရူးရဲလုပ်လို့တော့ မရဘူး၊ တကယ့်
အကယ်ကျတော့ ချောင်ထန်းရဲတိုက်ဟာ သူတို့ခြောက်တိုင်း
ကြောက်မယ့် ရဲတိုက်မှ မဟုတ်တာ၊ တဲ. . . အချိန်မရှိဘူး၊ သိမ်း
စရာရှိတာ သိမ်းခိုင်းလိုက်တော့၊ ခရီးထွက်တော့မယ်'

'ချက်ချင်းကြီး ထွက်တော့မှာလား အစ်ကိုလေး'

'ထွက်ရမယ်၊ ဒီမှာ ဆက်နေလို့တော့ ဘာမှ အကျိုးထူးမှာ
မဟုတ်တော့ဘူး'

'စောစောကတော့ ဒီလူတွေကို သံဘိနပ်ကြီး ပါးအောင်
လျှောက်ရှာတာတောင် တွေ့ဖို့ မလွယ်ဘူးဆို'



www.burmeseclassic.com

www.burmeseclassic.com



'အိုး . . . ဒါတော့ ဒါပေါ့ ညီလေးရဲ့၊ ဒါပေမယ့် တ
ရှစ်ယောက် ဆယ်ယောက် ဝိုင်းတိုက်တာတောင် အကျိုးမထူး
ရှုံးနိမ့်ခဲ့မှ ဘာလုပ်ဖို့ ဆက်နေတော့မှာလဲ၊ အရေးတကြီး လုပ်
မှာက သတ္တမသူ့ရဲကောင်းကို မရအရ ရှာဖို့ပဲ၊ သူတို့က
ဟိုတာယ်ကို အပိုင်စီးပြီး ရှိနေကြဦးမှာပါ'

အဖြူဝတ်သည် မည်သို့မျှ စောဒက မတက်တော့။

အဝါဝတ်ရှစ်ယောက်ကိုသာ ခရီးဆက်ရန် အမိန့်ပေး
တော့သည်။

ထိုနောက် ယိကျင့်တုန်းနှင့်အတူ သီးသန့်ခန်းရှိရာ
လျှောက်လာခဲ့တော့သည်။

အဖြူဝတ်သည် လမ်းလျှောက်ရင်း မေးမြန်းစပ်စု
ပြန်သည်။

'နေပါဦး အစ်ကိုလေးရဲ့၊ ဝန်ရင်မော်အတုဆိုတာ တကယ
လားဗျ'

'ညီလေးက သူတို့စကားကို ယုံနေပြီလား'

'ယုံလို့တော့ မဟုတ်ပါဘူး၊ မယုံရဲ ယုံရဲ ဖြစ်နေတာ
ဟိုမိန်းမချောပုံကတော့. . .

'အိုး . . . ဒီမိန်းမက မဟုတ်တမ်းတရားတွေ လျှော
ပြောနေတာ၊ သိုင်းလောကသားတွေရဲ့ နားနဲ့မျက်စိတွေ
အတင်းပိတ်ဖို့ ကြိုးစားနေတာ၊ တကယ်လို့ သူတို့ဖမ်းထား
ဝန်ရင်မော်ဟာ ဝန်ရင်မော်အတု ဖြစ်နေတယ်ဆိုရင် တလေးတ





သလို လျှောက်လုပ်နေပါ့မလား'

အကျီဖြူသည် သဘောကျသွားဟန်နှင့် ဟဟဲဟဲ ရယ်လိုက်သည်။

'ဟဲဟဲ. . . ဘာပဲဖြစ်ဖြစ် ဒီမိန်းမရဲ့လုပ်ကွက်တွေကတော့ စိတ်ဝင်စားစရာကောင်းတာ အမှန်ပဲ၊ အဲ. . . ဒါပေမယ့် သူ့လုပ်ကွက်တွေကို လူ မယုံတာ ခက်တယ်'

သူတို့နှစ်ယောက်သည် စကားတပြောပြော လျှောက်လာကြရာ သီးသန့်ခန်းရှိရာ ရောက်လာကြသည်။ ထို့နောက်တွင်မူ အဆင်သင့် ရှိနေကြပြီဖြစ်သည့် အကျီဝါများကို ခေါ်ဆောင်ပြီး ခရီးဆက်ကြတော့သည်။

သူတို့အားလုံး၏ ရွှေဝါရောင် မြင်းခွာသံများသည် နားကွဲမတတ် ဆူညံနေရာမှ အဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

«»



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

## ရွှေမျက်နှာ အဘိုးအို

ချောင်ထန်းရဲတိုက်သားတို့ ခရီးထွက်ခွာချိန်သည် တိမ်တောက်သည့် ဆည်းဆာချိန်ဖြစ်သည်။

ထိုအချိန် ဖိန်းအန်းဟိုတယ်ရှေ့ရှိ ထင်းရှူးပင်ကြီးတစ်ပင်အောက်မှ လူတစ်ယောက်သည် ဖုံတထောင်းထောင်းထအောင် ပြေးထွက်သွားကြသော မြင်းများကို ငေးကြည့်နေရင်း မြုံးဖြိုးဖြိုးဖြစ်သွားသည်။

ထိုလူသည် သူ၏မြင်ကွင်းထဲမှ ရွှေဝါရောင်မြင်းများ ပျောက်ကွယ်သွားသောအခါ ဖိန်အန်းဟိုတယ်ရှိရာ လှမ်းထွက်လာတော့သည်။





ထိုလူသည် ကုန်သည်အဘိုးအိုဟန် ဆောင်ထားသည့် လူတစ်ဦးဖြစ်ပြီး လည်တံရှည်ရှည်နှင့် ရွှေရောင်မျက်နှာရှိသူဖြစ်သည်။ မျက်ခုံးမွေးများကလည်း လည်တံလို ရှည်လျားလှသည်။ အကျႌကား အစိမ်းရောင်ဖြစ်သည်။

သူ၏အမူအရာသည် ထူးခြားစွာ ပေါ့လွင်နေသဖြင့် လမ်းသွားလမ်းလာတိုင်းက ဝိုင်းကြည့်သွားကြရသည်။

သို့သော် ထိုလူက ထိုအရာများကို ဝရုမစိုက်ချေ။

ထိုလူသည် လက်နှစ်ဘက်ကို နောက်ပစ်ပြီး လျှောက်လာခဲ့ရာ ဖိန်အန်းဟိုတယ်ပေါ် ရောက်လာတော့သည်။

ပုတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ ဟိုတယ်ဝင်ပေါက်နှင့် အခန်းပေါက်များတွင် ရပ်တန့်နေကြသော မီးခိုးပြာဝတ်များ၏ အကျႌများ သိသိသာသာ ဖောင်းနေသည်ကို သတိပြုလိုက်မိသည်။

ထိုလူများ၏ အကျႌရင်ဘတ်တွင်းတွင် လက်နက်ပုန်းများရှိနေသည်မှာ သေချာနေပေပြီ။

ဤအခြေအနေအတိုင်းဆိုလျှင် ဤဟိုတယ်ပေါ်၌ အချိန်မရွေး တိုက်ခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

ရွှေရောင်မျက်နှာနှင့် အဘိုးအိုသည် ညှိခန်းဝင်ပေါက်တွင် ရပ်နေသော မီးခိုးပြာဝတ်တစ်ယောက်အနီးသို့ ရောက်သည်နှင့် အကဲစမ်းပြီး မေးမြန်းလိုက်သည်။

'ဒီဟိုတယ်က အရောင်းအဝယ် မလုပ်သေးဘူးလားဗျ'



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးပြာဝတ်လူသည် ခပ်ကြောင်ကြောင် အမူအရာနှင့် ထိတ်ခနဲ ဖြစ်သွားသည်။

'ခင်ဗျား ဘာတွေ လာပြောနေတာလဲ'

ရွှေမျက်နှာ အဘိုးအိုက ဟတ်ခနဲ ရယ်လိုက်သည်။

'ခင်ဗျား တော်တော်ကြောင်တာပဲ၊ ခင်ဗျားဟာ ဒီဟိုတယ်ကလူ မဟုတ်လားဗျ၊ ကျုပ်မေးတာ ရှင်းရှင်းလေးပါ၊ ပြီးတော့ ကျုပ်က ဟိုတယ်အရောင်းအဝယ်ကို အားပေးမယ့် ဧည့်သည်တစ် ဦးလို ဆက်ဆံရသလားဗျ'

'ခင်ဗျားက ကျုပ်ကို ဟိုတယ်အလုပ်သမားထင်ပြီး အပြစ်တင်နေတာလား'

'ဒီ့ မဟုတ်ဘူးလား'

မီးခိုးပြာဝတ်လူသည် မည်သို့မျှ မဖြေတော့ဘဲ ခပ်လှမ်းလှမ်းသို့ လက်ညှိုးထိုးပြီး . . .

'အရောင်းအဝယ်ကိစ္စကို ဟောဟိုလူတွေ သွားမေး'

'ဩော် . . . ဩော် . . . လက်စသတ်တော့ ခင်ဗျားက ဟိုတယ်ကလူ မဟုတ်ပဲကိုး၊ အင်း . . . ကျုပ်ကလည်း အကင်းမပါ ဘူးဗျ၊ ဟိုတယ်ကလူဆို ခုလို ဘယ်မောက်မာပါ့မလဲ၊ ကျုပ် သေသေချာချာ အကဲမခတ်မိတာ မှားသဗျာ၊ အင်း . . . မီးခိုးပြာ ဝတ်တွေရဲ့ အကျီရင်ဘတ်တွေကလည်း ဖောင်းနေတာပဲ၊ ကြောင် စရာကောင်းတဲ့ လက်နက်ပုန်းတွေ ထည့်ဆောင်ထားကြတာပဲ၊ အင်း . . . ကျုပ်လဲ ခုမှ သတိပြုမိတော့တယ်၊ ဟဲဟဲ'

▯



ရွှေမျက်နှာနှင့်အဘိုးအိုသည် တဗျစ်တောက်တောက် ပြောရင်း ရယ်နေရာမှ လှည့်ထွက်သွားသည်။

'ရပ်လိုက်စမ်း'

မီးခိုးပြာဝတ်၏ မာနသံပါသော ဟန့်တားသံဖြစ်သည်။

ရွှေမျက်နှာနှင့်အဘိုးအိုက ပြန်လှည့်ပြီး မေးလိုက်သည်။

'ကျုပ်ကို ပြောတာလား၊ ဘာပြောချင်လို့လဲ'

'ခင်ဗျားပြောခဲ့တဲ့ လက်နက်ပုန်းဆိုတာ ဘယ်သူ့ဆီမှာ ရှိနေလို့လဲဗျ'

'ဩော် . . . ဩော် . . . မိတ်ဆွေက ဒါကို သိချင်လို့ ဟန့်တားတာကိုး၊ ဒီကိစ္စကို ကျုပ်က သူများအကျီတွေ လိုက်ချွတ်ပြီး ဖော်ပြပေးရမှာလား'

'ခင်ဗျားစကားက ဂွစကားပဲ၊ ဘယ်သူ့ဆီမှာ ရှိနေတယ် ဆိုတာကို ထုတ်မပြောဘဲ သိမ်းကျုံးပြောလို့ ဖြစ်မလား၊ ဘယ်သူ့ဆီ မှာပါလို့ ပြောနိုင်ရင်လည်း ကျုပ်က အညောင်းခံပြီး ခေါ်မေး မနေပါဘူး'

'အဲ . . . ကျုပ် မှားသွားတယ်၊ ခင်ဗျားပြောသလို ကျုပ်က ဘယ်သူ့ဆီမှာပါလို့ မပြောခဲ့ပဲကိုး၊ ခင်ဗျား စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲလေ . . ဟဲဟဲ'

ရွှေမျက်နှာနှင့်အဘိုးအိုက ဒါပဲပြောပြီး ပြန်လှည့်ထွက် သွားသည်။

'ဟေ့လူ . . နေဦး'

▯

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးပြာဝတ်က ကမန်းကတန်း လှမ်းတားပြန်သည်။

ရွှေမျက်နှာနှင့် အဘိုးအိုသည် ခြေလှမ်းတို ပြန်ရုပ် လိုက်ပြီး-

'ဘာလဲဗျ. . . ကျုပ်စကား မှားနေလို့လား'

မီးခိုးပြာဝတ်က မခိုးမခန့် ပြုံးလာသည်။

'ဟဲဟဲ. . . ကျုပ်တို့ဟာ သိုင်းလောကသား အချင်းချင်းတွေပါဗျာ၊ အားလုံးဟာ လူလည်လူနပ်တွေချည်းပါပဲ၊ တစ်ယောက်မျက်လုံးထဲတစ်ယောက် သဲပက်တာမျိုး လုပ်လို့ မလွယ်ပါဘူးဗျာ၊ တဲ. . . ခင်ဗျား ဘယ်သူလဲဆိုတာ မှန်မှန်ပြောစမ်း'

မာထန်သောအသံဖြစ်သည်။

ရွှေမျက်နှာနှင့်အဘိုးအို မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက ဘာဖြစ်လို့ ဇွတ်မေးနေတာလဲ၊ အသံကလဲ မာလိုက်တာ သံခဲလား အောက်မေ့ရတယ်'

'အသံဆိုတာ သိချင်တာကို သိဖို့၊ မာဖို့ လိုတယ်ဗျ'

ရွှေမျက်နှာနှင့်အဘိုးအိုက သွေးအေးအေးနှင့် ခေါင်းတညိတ်ညိတ် လုပ်သည်။

ထို့နောက်. .

'ဘာပဲဖြစ်ဖြစ် အေးအေးဆေးဆေး ပြောလည်း ရပါတယ်ဗျာ၊ ကျုပ်က လက်နက်ပုန်းတွေ လွင့်လာမှာကို စိုးရိမ်နေတာဗျ'

'ခင်ဗျား ဘာတို ရည်ရွယ်ပြောနေတာလဲ'



'ဒီလောက်ပြောနေတာတောင် မရှင်းသေးဘူးလားဗျာ'

'မရှင်းဘူးဗျ၊ ခင်ဗျားစကားက ရှင်းမလိုလိုနဲ့ ရှုပ်နေတဲ့ဥစ္စာ'

'ဒီလိုဆိုရင် ကျုပ် တည့်တည့်ပဲ ပြောတော့မယ်၊ ဟိုတယ်ရဲ့ ဝင်ပေါက်တိုင်း ဝင်ပေါက်တိုင်းမှာ ရပ်နေကြတဲ့ လူတွေရဲ့အကျီရင်ဘတ်ထဲမှာ လက်နက်ပုန်းတွေ ကိုယ်စီရှိနေကြတယ်ဗျ၊ သူတို့ဝတ်ထားတဲ့ဝတ်စုံတွေကလည်း တစ်သွေးတည်း တစ်ရောင်တည်းဗျ၊ ရှင်းပြီလား'

ရွှေမျက်နှာနှင့်အဘိုးအိုက ဘွင်းဘွင်းကြီး ပြောတော့သည်။

မီးခိုးပြာဝတ်သည် မျက်ခုံးနှစ်ဘက် မြင့်တက်သွားပြီး အေးစက်စက် ရယ်ပစ်လိုက်သည်။

'ဟဲဟဲဟဲ. . . ခင်ဗျားအမြင် တော်တော်လျင်တာပဲ၊ တော်ပါတယ်၊ တော်ပါတယ်'

'ခုလိုချီးကျူးတာ ဝမ်းသာပါတယ်ဗျ၊ ဒါတောင် ကျုပ်သေသေချာချာ ကြည့်ခဲ့တာ မဟုတ်သေးဘူး၊ သေသေချာချာသာ ကြည့်လိုက်ရင် တစ်ယောက်ချင်းရဲ့ အသည်းနှလုံးတွေ ဘယ်လိုခုန်နေတယ် ဆိုတာပါ သိနိုင်ပါတယ်ဗျ၊ ဟဲဟဲ'

ရွှေမျက်နှာနှင့်အဘိုးအို၏ စကားကြောင့် မီးခိုးပြာဝတ်မျက်နှာပျက်သွားသည်။

သို့သော် ဟန်လုပ်ပြီး မေးနေပြန်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခုကော သေသေချာချာ ကြည့်ပြီးပြီလား'

'ကြည့်နေတုန်းပါပဲ'

'ကျုပ်ကိုကော. . .'

'ခင်ဗျားကိုတော့ အစောကြီးကတည်းက ကြည့်မြင်ပြီး သွားပါ၊ ဒါပေမယ့် ကျုပ် မပြောဝံ့လို့ မပြောခဲ့တာ၊ အပြောမတတ် ဆဲသလို စကားယည်း ရှိသား မဟုတ်လားဗျ၊ စကားတစ်ခွန်း ကြောင့် သွေးစွန်းရတဲ့အဖြစ်မျိုးလည်း ရှိနေတယ်မဟုတ်လား၊ မတော်တဆ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားရင် ပတ်ဝန်းကျင်တစ်ခုလုံး ထိတ်လန့်ကုန်မှာပေါ့၊ မိတ်ဆွေက ဘာဖြစ်လို့ အတင်းအဓမ္မ မေးနေ တာလဲဗျာ'

'ခင်ဗျား ဒီလောက်တောင် သိနေမှတော့ ခင်ဗျား ဒီကို ဘာဖြစ်လို့ ရောက်လာတယ် ဆိုတာပါ ပြောဖို့ လိုအပ်နေပါပြီ'

'အို. . . ခင်ဗျားကလဲ ဟိုဟာသိချင် ဒီဟာသိချင်နဲ့ အန္တရာယ်များတဲ့ မေးခွန်းတွေ မေးမနေစမ်းပါနဲ့ဗျာ'

'အပိုစကားတွေ ပြောမနေပါနဲ့လေ၊ မြွေမြွေချင်း ခြေမြင် ပြီးသားပါ၊ ဇာလည်ချောင်ပတ်တွေ၊ တိုရောက်ဒီရောက် စကားတွေ ပြောမနေစမ်းပါနဲ့၊ တိုတိုရှင်းရှင်းနဲ့ လိုရင်းကို ပြောစမ်းပါ၊ မပြောရင်တော့. . .'

မီးခိုးပြာဝတ်က ခြိမ်းခြောက်ဟန်နှင့် စကားဖြတ်လိုက် သည်။

ရွှေမျက်နှာနှင့်အဘိုးအိုသည် ထိမထင်သောအပြုံးကို





ပြုံးလာသည်။

'ခင်ဗျား တော်တော်ခက်တာပဲ၊ နှစ်ယောက်စလုံး အန္တရာယ် များမယ့်ကိစ္စကို မရအရ မေးနေတော့တာကိုး၊ ကဲဗျာ . ကျုပ် မေးချင်တာလေးတစ်ခုကို ခင်ဗျား ဖြေစမ်းပါ၊ 'နေပြည် တော့် မျက်နှာ၊ စကြဝဠာမယ်' ဆိုတဲ့ နာမပညတ်အစိပ္ပာယ်ကို ခင်ဗျား သိသလား'

မမျှော်လင့်သောအမေးကြောင့် မီးခိုးပြာဝတ် အကြီး အကျယ် မျက်နှာပျက်သွားမြန်သည်။ သည်ကြားထဲက. . .

'လက်စသတ်တော့ မိတ်ဆွေတာ. . .'

မီးခိုးပြာဝတ်သည် စကားကို ဆုံးအောင် မပြောချေ။ ားတစ်ဝက်မှာပင် သူ့လက်တစ်ဘက်က ရွှေမျက်နှာနှင့် ဘိုးအို၏အင်္ကျီစကို ဖျတ်ခနဲ လှမ်းဆွဲလိုက်တော့သည်။

ဤလှုပ်ရှားမှုသည် သာမန်ကြည့်လျှင် အင်္ကျီစကို ဆွဲသည် င်ရသော်လည်း တကယ့်တကယ်၌အား ကြောက်စရာကောင်း သာတိုက်ကွက်နှင့် လျှပ်တစ်ပြက် တိုက်လိုက်ခြင်းဖြစ်သည်။

သူ၏ လှုပ်ရှားမှုနှင့် တိုက်ကွက်သည် အလွန်လျင်မြန်သော တိုက်ကွက်ဖြစ်သည်။ ဤအချက်ကို ကြည့်ရုံနှင့် သူ၏ ပညာ မသေး ကြောင်း သိသာသည်။

သို့သော် သူ၏တိုက်ကွက် အလဟဿ ဖြစ်သွားသည်။ မျက်နှာနှင့်အဘိုးအိုက သူ့ထက်မြန်သည်။ အဘိုးအိုသည် တ်သို့ ခြေတစ်လှမ်း ဆုတ်သွားပြီး တဟဲဟဲ ရယ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲဟဲ. . . စကားထစ်ခွန်းကြောင့် သွေးစွန်းတဲ့ တယ်ဆိုတဲ့စကားဟာ တယ်မှန်ပါလား၊ မှန်သမှ အန္တရာယ်ဟာ ချက်ချင်း ဝင်လာတော့တာပဲ'

မီးခိုးပြာဝတ်က ရွှေမျက်နှာနှင့်အဘိုးအို၏ လှုပ်ရှားမှုတို့ သဘောပေါက်သွားသည်။

'လက်စသတ်တော့ မိတ်ဆွေဟာ ရှက်ပုန်းသီး သီးနေတဲ့ ပညာရှင်ကြီးကိုး၊ မျက်တောင်တစ်ခတ်အတွင်း ရှောင်ထွက်သွားနိုင် ဟာ တော်တော်ပညာပါတဲ့အကွက်ပဲ'

မီးခိုးပြာဝတ်သည် စကားပြောရင်း ရှောင်ထွက်ရန် ကြိုးစားသည်။ သူ၏ခြေတစ်ဘက် ဘေးသို့ ကားထွက်လာချိန်တွင် 'ဖြန်း' ဟူသော အသံကြီး မြည်ဟီးသွားတော့သည်။ သူ၏ ကျောပြင်ကို လက်ဝါးချက်တစ်ချက် ကျရောက်လာခြင်းဝင် မည်သို့မျှ ရှောင်ချိန် မရလိုက်။ နဖူးပေါ်မှ ဇောချွေးတစ်စက်ဝင် ပေါက်ခနဲ ကျလာသည်။

သို့သော် ပြင်းထန်စွာ နာကျင်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာတို့ကို ခံစားရခြင်း မရှိပါ။ ထူးခြားသောရိုက်ချက်ပင် ဖြစ်သည်။

ဤထူးခြားချက်ကြောင့်ပင်လျှင် မီးခိုးပြာဝတ် ကြောင် လာသည်။ ကြောက်ကြောတ်နှင့် လက်တစ်ဖက်သည် ခါးကြား ထဲသို့ ထိုးနှိုက်လိုက်မိသည်။

'ဟားဟား. . . မိတ်ဆွေက လက်နက်ကို အသုံးပြုရ



သေးသကိုး၊ မလိုပါဘူးဗျာ၊ ပျော်စေပျက်စေ စကားကြည့်လိုက်တာပါ၊ ခုဆို အခြေအနေကို သဘောပေါက်ဖို့ ကောင်းပါပြီ၊ မလိုအပ်ဘဲ သွေးမြေကျမှုတွေ မဖြစ်တာ အကောင်းဆုံးပါ'

ရွှေမျက်နှာနှင့်အဘိုးအိုက အေးစက်စက်ပြောသည်။

စင်စစ် သူ၏ ရိုက်ချက်တိုက်ကွက်သည်အားမထုတ်ဘဲ ရိုက်သည့် ရိုက်ချက်သာဖြစ်သည်။

သိုင်းကွက် လျှင်မြန်မှုကို ပြသသည့် ဟန်ပြတိုက်ကွက် သာဖြစ်သည်။ အားထည့်ပြီး ရိုက်ပါက မီးခိုးပြာဝတ် အသက် ထွက်နေပြီ။

ရွှေမျက်နှာနှင့်အဘိုးအိုသည် မီးခိုးပြာဝတ်၏ စိမ့် ကြောက်မှုကို ပြေပျောက်သွားအောင် စကားပြန်စလိုက်သည်။

'ကျုပ်က ခင်ဗျားတို့ဂိုဏ်းရဲ့ အဆောင်မှူး(ပိန်လျှန်ကျုံး) ယွင်ယန်ဖေးကို လာရှာတာပါ'

မီးခိုးပြာဝတ်သည် ခုမှ အသက်ရှူ ချောင်သွားသည်။

'အဆောင်မှူးယွင်ယန်ဖေးနဲ့ ခင်ဗျားက မိတ်ဆွေတွေ မို့လို့လား'

'သူနဲ့ကျုပ် ဒီသိဘဲ အရမ်းလာရှာပါ့မလားဗျ'

'ဒီလိုဆိုရင် ခင်ဗျားနာမည်လည်း ပြောပြဦးမှပေါ့'

'မလိုပါဘူး၊ ရန်ငြိုးရှိသူ လာရှာနေတယ်လို့သာ ပြောလိုက်ပါ၊ သူ ကောင်းကောင်းသိပါတယ်'

'ရန်ငြိုးရှိသူ' ဟူသော စကားကြောင့် မီးခိုးပြာဝတ်

www.burmeseclassic.com

www.burmeseclassic.com



တုန်ခါနဲ့ ဖြစ်သွားသည်။

မပြော၍ မဖြစ်တော့။

လေရှည်နေ၍ မဖြစ်တော့။

'ကောင်းပြီ၊ ဒီမှာ ခဏစောင့်နေပါ၊ ကျုပ် အကြောင်းသွားကြားပေးပါ့မယ်'

မိုးခိုးပြာဝတ်သည် ရွှေမျက်နှာနှင့်အဘိုးအိုကို စိုက်ကြည့်လိုက်ပြီး ဟိုတယ်အတွင်းဘက်သို့ လှမ်းဝင်သွားတော့သည်။

မ[illegible]ခါ။

မိုးခိုးပြာဝတ်နှင့် ပိန်လျှန်ကျုံး (ခေါ်) ယွင်ယန့်ဖေး ပါလာသည်။

မိုးခိုးပြာဝတ်သည် ရွှေမျက်နှာနှင့်အဘိုးအိုရှေ့ ရောက်သည်နှင့် ပါလာသူကို လှည့်ပြောသည်။

'အဆောင်မှူး ယွင်ကို တွေ့ချင်တယ်ဆိုတဲ့လူဟာ သူပါပဲ'

ယွင်ယန်ဖေးသည် ရွှေမျက်နှာနှင့်အဘိုးအိုကို စေ့စေ့စပ်စပ် အကဲခတ်နေစဉ် ရွှေမျက်နှာနှင့်အဘိုးအိုက ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

'ဟုတ်ပါတယ်'

'နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ'

'သမားတော်ကြီး စိုက်ဝါထိုကလည်းဗျာ၊ မေ့တတ် လိုက်တာလွန်ရော၊ ခင်ဗျားနဲ့ကျုပ် ခွဲခဲ့ကြတာ လေးငါးရက်ပဲ ရှိပါသေးတယ်ဗျ'



'ဘယ်တုန်းကလဲ၊ ဘယ်နေရာမှာလဲ'

ယွင်ယန်ဖေး အသံက မာလာသည်။

ရွှေမျက်နှာနှင့်အဘိုးအိုက ဟက်ခနဲ ရယ်ပြီး ဆက်ပြောသည်။

'မေ့ချင်ဟန်ဆောင်နေတာလားဗျာ၊ ခင်ဗျားနဲ့ကျုပ်ဟာ ယန်ကျိုးမြို့ စိုစီးဟူ ရေကန်ဘေးက စူးကန်းတောင်ကုန်းပေါ်မှာ ဆေးကုဖို့ ဆွေးနွေးခဲ့ကြတယ်လေဗျာ၊ မှတ်မိပြီလား'

ယွင်ယန်ဖေးမျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။

'ဒါကြောင့်မို့ မြင်ဖူးသလိုလို ရှိနေတာကိုး၊ လက်စသတ်တော့ အဘိုးအိုဟန်ဆောင်လာတဲ့၊ သူများကိစ္စကို အတင်းဝင်စွက်ဖက်တတ်တဲ့ သူရဲကောင်းကြီး မင်ရင်ကြွယ်ကိုး'

'ခင်ဗျား မှတ်မိလာပြီပဲ . . . ဟဲဟဲ၊ ကျုပ် အဘိုးအိုဟန်ဆောင်တတ်သလို ခင်ဗျားကလည်း သမားဟန်ဆောင်တတ်သူပါပဲ'

'ကဲပါလေ၊ ခင်ဗျားရဲ့ စွက်ဖက်မှုဟာ ကျုပ်ရဲ့ ပါးနပ်မှုကို ကျော်လွှားနိုင်တဲ့ အရေးနိမ့်ခဲ့ ပြီးပါပြီ၊ ဒါတောင် ထပ်ရောက်လာတာကတော့ ဟဲဟဲ သည်းခြေမရှိတဲ့လူလို့ ပြောရလိမ့်မယ် ထင်တယ်၊ ကဲ. . . ခုတော့ ဘာကိစ္စနဲ့ ရောက်လာပြန်တာလဲ'

'အချိန်တန်တော့ သိရပါလိမ့်မယ်၊ လမ်းမှာလည်း ချောင်ခန်းရဲ့တိုက်ကလူတွေနဲ့ တွေ့ခဲ့ပြီးပါပြီ'

'ဩော် . . . ခင်ဗျားက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စွက်ဖက်ချင်နေသေးတာကိုး'

ရွှေမျက်နှာနှင့်အဘိုးအိုဟန်ဆောင်လာသည့် မင်ရင်ကြယ် သည် ထိမထင်ဟန်နှင့် ရယ်သွမ်းသွေးတော့သည်။

'ဒါတော့ ကျုပ်လည်း မတတ်နိုင်ဘူးဗျာ၊ သူများကိစ္စကို ဝင်စွက်တတ်တဲ့အကျင့်ဟာ ကျုပ်ရဲ့ မွေးရာပါအကျင့်ပဲ၊ ဒီအကျင့် ဟာ ဘယ်လိုမှ ပြင်လို့မရတဲ့အကျင့်ဗျ . . . ဟဲဟဲ'

'ဒီလိုဆိုရင် ခင်ဗျားက ဘယ်လို စွက်ဖက်ဦးမှာလဲ'

ယွင်ယန့်ဖေးက မျက်မှောင်ကြုတ်ပြီး မေးလာသည်။ မင်ရင်ကြယ်က မဲ့ပြီး-

'ခင်ဗျားအထက်ကလူနဲ့ တွေ့ချင်လို့၊ ကဲ. . . ခေါ်လိုက် ဗျာသူ့ကို၊ ကျုပ် သူနဲ့ စကားပြောချင်တယ်'

'ခင်ဗျားက ခင်ဗျားဆန္ဒကိုချည်း ပြောနေတာကိုး၊ ကျုပ် အထက်ကပုဂ္ဂိုလ်တွေဟာ လူတိုင်းကို တွေ့ခွင့်ပေးတာ မဟုတ်ဘူး ဗျ၊ သူ့အဆင့်နဲ့သူ သတ်မှတ်ချက်နဲ့ တွေ့တတ်တာ'

'တယ်ဟုတ်ပါလား၊ နေပါဦး၊ ခင်ဗျားတို့အထက်က ပုဂ္ဂိုလ်က ဘယ်လိုလူစားမျိုးနဲ့မှ တွေ့တတ်တာလဲ'

'အနိမ့်ဆုံးအဆင့်ကတော့ သတ္တမသူရဲကောင်း အဆင့် အတန်းလောက်ရှိမှ တွေ့တတ်ပါတယ်၊ အဲဒီအဆင့်ကစပြီး အထက် အထိပေါ့ဗျာ၊ သူ့ထက် အဆင့်နိမ့်သူကိုတော့ တွေ့ဆုံခွင့် မပြုတတ် ပါဘူး၊ ထွက်တွေ့လေ့လည်း မရှိပါဘူး'

'ဟား . . . ဟား. . . ဟား၊ ပေါက်ကရတွေ ပြောမနေစမ်း

▯



ပါနဲ့ဗျာ၊ ခင်ဗျားတို့ရဲ့သခင် အထက်ပုဂ္ဂိုလ်က ကျို့ကုံးချွင် တစ်ယောက်တည်းကိုသာ တွေ့ဆုံချင်တာပါ၊ ဟားဟားဟား. . . အစကတည်းက ပွင့်ပွင့်လင်းလင်းပြောရင် ပြီးတဲ့ဟာပဲဟာ'

ယွင်ယန့်ဖေးက ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

'ဆန္ဒစွဲနဲ့ အရမ်းမစွပ်စွဲပါနဲ့ မင်၊ ကျုပ်ပြောတာဟာ စည်းနဲ့တမ်းနဲ့ ပြောနေတာပါ၊ ကျုပ်တို့ ဂိုဏ်းဟာ စည်းကမ်းကို တန်ဖိုးထားတဲ့ ဂိုဏ်းဗျ'

ဒီလိုဆိုရင် ခင်ဗျားတို့ဂိုဏ်းသားတွေဟာ လူတိုင်းကို အထင်သေးတဲ့ သဘောနဲ့ ကြည့်တတ်တဲ့သဘောပဲ၊ ခင်ဗျားတို့ အမြင်မျက်စိဟာ တစ်တောင်မြင့်တဲ့ အမြင်ပဲ'

'ဘာဗျ. . . ခင်ဗျားက ကျုပ်တို့ကို ခွေးနဲ့ နှိုင်းတာလား၊ ခွေးမျက်စိနဲ့ မြေကြီးတစ်တောင်လောက် ကွာတာကို နှိုင်းပြီး ပြောနေတာလား၊

'ဟားဟား. . . တယ်လည်း ရယ်စရာကောင်းသကိုး၊ ဒီမယ်ယွင်. . . ကျုပ်ဟာ အညတရ စာပေသမား၊ မထင်ရှား သေးတဲ့ သိုင်းသမား၊ ဒါပေမယ့် ကျုပ်က ကျုပ်ကို လေးလေးစားစား မဆက်ဆံရင် ကျုပ်ကလည်း လေးလေးစားစား ဆက်ဆံလေ့ မရှိဘူးဗျ၊ ဒီအတိုင်းပဲ၊ ခင်ဗျားတို့ လက်ခံနိုင်တဲ့ ပုဂ္ဂိုလ်ရေး အဆင့်လည်း မရှိဘူး၊ ဒီတော့ ကျုပ်တွေ့ချင်တာ တွေ့ရအောင် ဘယ်လိုလုပ်ရမလဲ၊ တွေ့ဆုံခွင့် တောင်းဆိုလွှာ ပေးပို့ရမှာလား'

'အပိုပေါ့ဗျာ'

▯

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကြီးကျယ်မြင့်မြတ်တဲ့ လက်ဆောင်ပေးပို့ရင်တော့'

'အလဟဿဖြစ်မှာပဲ၊ ကျုပ်အထက်သခင်က မျက်စောင်းထိုးပြီး ကြည့်မှာတောင် မဟုတ်ဘူး'

'ဒီလိုဆိုရင်တော့. . .'

မင်ရင်ကြွယ် စကား တစ်ပိုင်းတစ ဖြစ်သွားသည်။

ယွင်ယန့်ဖေးက ဖြတ်ပြောသည်။

'ဒီလောက်လည်း ဆန္ဒစောမနေစမ်းပါနဲ့၊ ကိစ္စရှိရင် ကျုပ်ကိုပြောလည်း ဖြစ်ပါတယ်'

'အကောင်းဆုံးက သူမျှားပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကို ကိုယ့်ပခုံးပေါ် ပြောင်းမတင်တာ ကောင်းဆုံးပဲ'

'ဟဲဟဲ. . . ဘယ်လောက်ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်ဖြစ် ကျုပ် ကောင်းကောင်းထမ်းနိုင်ပါတယ်ဗျာ၊ ဒီနေရာမှာ ကျုပ် မယူနိုင်တဲ့ တာဝန်ဆိုတာ မရှိပါဘူး'

'တကယ်လားဗျ'

မင်ရင်ကြွယ် စူးစူးရဲရဲ ကြည့်ပြီး မေးသည်။

'တကယ်ပေါ့'

ယွင်ယန့်ဖေးကလည်း ရဲရဲတင်းတင်း ဖြေသည်။

မင်ရင်ကြွယ်၏မျက်ခုံးမွေးများ နဖူးပေါ် မြင့်တက်သွားသည်။

'ဒီလိုဆိုရင် ကျုပ် မေးမယ်၊ ဗျပ်စောင်းဓားရှည် စာပေသမားအတုကိစ္စ၊ ကျိုးမိသားစုအိမ်တော် မီးလောင်ပြာကျသွားတဲ့





ကိစ္စ၊ ဝန်ရင်မော်ရဲ့ဇနီး မေမုန့်ချူး မီးသင့်သေခဲ့တဲ့ကိစ္စ အဲဒီကိစ္စပြဿနာတွေအားလုံးကို ခင်ဗျား တာဝန်ယူနိုင်သလား'

ယွင်ယန့်ဖေးသည် မိုးကြိုးပစ်သံ ကြားလိုက်ရသကဲ့သို့ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။

'ဘယ်. . . ဘယ်သူက ကျိုးမိသားစုအိမ်တော်ကို မီးရှို့ခဲ့လို့လဲ၊ ဝန်ရင်မော်ရဲ့ဇနီး မေမုန့်ချူးကို ဘယ်သူက မီးလောင်တိုက်သွင်းခဲ့လို့လဲ'

'ဒါကတော့ လုပ်တဲ့သူ သိမှာပေါ့ဗျာ. . ဟဲဟဲ'

'ခင်ဗျား မဟုတ်တာရှုပ် လုပ်ဇာတ်တွေ လာခင်းမနေစမ်းပါနဲ့'

'ဒါက ခင်ဗျား မသိလို့ ပြောတာ ဖြစ်ချင်ဖြစ်မှာပါဗျာ၊ တကယ်တော့ ကျုပ်က ခင်ဗျားကို လာရှာတာ မဟုတ်ပါဘူး'

'ဘယ်သူ့ရှာရှာ ပြဿနာက အတူတူပါပဲဗျာ'

'ကဲ. . . ကျုပ် သိပ်စိတ်မရှည်ချင်တော့ဘူး ယွင်၊ ခင်ဗျားတို့ သခင်မနဲ့ တွေ့ဆုံဖို့ အမြန်ဆုံး စီစဉ်ပေးပါ'

'ကျုပ် ပြောခဲ့ပြီးပြီပဲ မင်'

မင်ရင်ကြွယ် ဒေါသ ထွက်လာသည်၊ ယွင်ယန့်ဖေးကို စူးစူးရဲရဲ စိုက်ကြည့်နေပြီး

'ဒီမယ် ယွင်ယန့်ဖေး၊ သိုင်းလောကမှာ ဘယ်လို အကြွေးရှိရင် ဘယ်လိုပြန်ဆပ်ရမယ်ဆိုတဲ့ စည်းကမ်းဟာ သိုင်းဂိုဏ်းပေါင်းစုံရဲ့ တစ်ခုတည်းသော စည်းကမ်းပါ၊ ဒီတော့ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား တကယ် တာဝန်ယူနိုင်သလား'

ယွင်ယန့်ဖေးက ပခုံးနှစ်ဘက် တွန့်၍ ဖြေသည်။

'ဝန်ရင်မော်ကို ဖမ်းခဲ့တာကတော့ ကျုပ်ပဲ၊ ကျန်တဲ့ကိစ္စ တွေကတော့ ကျုပ် လက်ချက် မဟုတ်ဘူး'

'ဒီကိစ္စအားလုံးကို ဒီလိုဖြေရှင်းလို့ မရဘူး ယွင်၊ ကြီးမားတဲ့ ကိစ္စတစ်ရပ်ကို လွယ်လွယ်လေး ဖြေရှင်းလို့ မရဘူးဗျ'

မင်ရင်ကြယ်၏အသံသည် ဒေါသသံ ပါလာသည်။

'ဒီလိုဆိုလည်း ကျုပ်ကိုသာ ဦးတည်လိုက်ပါ မင်'

'ခင်ဗျားက ကျုပ်တိုက်ကွက်တွေကို ငါးကွက်ထိအောင် ခုခံနိုင်လို့လား'

'ကိုယ့်ကိုယ်တို ဒီလောက် အထင်ကြီးမထားနဲ့လေ လက်တွေ့စမ်းသပ်မှုက အဖြစ်မှန်ကို ဆုံးဖြတ်ပေးပါလိမ့်မယ်'

မင်ရင်ကြယ် ဘာမျှ မပြောတော့ချေ၊ မျက်ခုံးနှစ်ဘက် မြင့်တက်သွားချိန်တွင် သူ့လက်ဝါးပါ တက်သွားသည်။

ရိုက်ချက်သည် ယွင်ယန့်ဖေး၏ရင်ဘတ်ပေါ်တွင် ဖြည်း ဖြည်းချင်း ကျရောက်လာဟန်နှင့် ဆတ်ခနဲ ရိပ်ခနဲ ဖြစ်သွား သည်။

အားကြီးသော ရိုက်ချက်ဟန် မဟုတ်သော်လည်း ယွင်ယန့် ဖေး ထိတ်လန့်သွားသည်။

ထို့ကြောင့် ဖျတ်ခနဲ နောက်ဆုတ်လိုက်ရသည်။ တစ်လှမ်း နှင့် မလုံလောက်၍ နှစ်လှမ်းပြည့်အောင် ဆုတ်ခွာလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် သူ့ခြေတစ်လှမ်း နောက်ဆုတ်





မိသော်လည်း မင်ရင်ကြယ်၏လက်ဝါးသည် ရင်ဝနှင့် နီးကပ်နေဆဲ ဖြစ်သောကြောင့်တည်း။

ထိုအချိန်၌ မင်ရင်ကြယ်သည် ရှေ့သို့ တိုးလာခြင်း မရှိဘဲ ရပ်မြဲအတိုင်းဖြစ်သည်။

ကြုံရပုံကား မင်ရင်ကြယ်၏ရိုက်ချက်နှင့် လက်သည် ရှည်ထွက်လာသလို ဖြစ်နေသောကြောင့်တည်း။

သို့တိုင် မင်ရင်ကြယ်၏ လက်ဝါးသည် ရင်ဝနှင့် နီးကပ် နေဆဲပင်။

ယွင်ယန့်ဖေးသည် ချွေးသီးများ စို့တက်နေပြီး နောက်သို့ ထပ်ဆုတ်နေရပြန်၏။

သူ နောက်ဆုတ်တိုင်း မင်ရင်ကြယ်၏လက်ဝါးသည် ကပ်ပြီး ပါလာနေ၏။

သို့နှင့် နောက်သို့ တစ်လှမ်းပြီးတစ်လှမ်း ဆုတ်နေရတော့ ၏။ သို့တိုင် မင်ရင်ကြယ်၏လက်ဝါးကလည်း ကပ်လိုက်နေမြဲတည်း။

ယွင်ယန့်ဖေးသည် နောက်ဆုတ်နေမြဲတည်း၊ သိပ်မကြာ လိုက်ပါ။

ယွင်ယန့်ဖေး၏ကျောနှင့် နံရံ ဆောင့်မိပြီး ဝုန်းခနဲ မြည်သွားတော့သည်။

ယွင်ယန့်ဖေးအတွက် နောက်ဆုတ်စရာ နေရာ မရှိတော့ အုတ်နံရံသည် သူ့ကို ဟန့်တားထားချေပြီ။

သူ့မျက်နှာတွင် ချွေးများ သီးထလာလေပြီး မလှုပ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးထွက်ပေါက်သည် ခုခံတိုက်ခိုက်ပြီး ထွက်ပေါက်ရှာရန်သာ ရှိတော့သည်။

သို့နှင့် အံကြိတ် အားတင်းပြီး ဖြစ်သလို တိုက်ခိုက်ရန် ပန်ပြင်ရတော့သည်။

သို့သော်. . .

ထိုအချိန်မှာပင် အဝါပတ်တစ်ယောက် ရိပ်ခနဲ ရောက်လာသည်။

'အဆောင်မှူးယွင်၊ သခင်မလေးက မိန့်ကြားလိုက်ပါတယ်၊ ဧည့်သည်တော်ကို အမြန်ခေါ်ခဲ့ပါတဲ့'

ယွင်ယန့်ဖေးသည် ယခုမှ အသက်ရှူချောင်သွားသည်။

ဤထွက်ပေါက်သည် အကောင်းဆုံး ထွက်ပေါက်ပင်။ ယွင်ယန့်ဖေးသည် နဖူးပေါ်မှ ချွေးသီးများကို လက်နှင့် သပ်ချလိုက်ပြီး-

'သူရဲကောင်းမင်၊ ကြားတဲ့အတိုင်းပါပဲ'

မင်ရင်ကြွယ်သည် သူ၏ တိုက်ကွက်ကို ရုပ်သိမ်းလိုက်ပြီး ဟက်ခနဲ ရယ်လိုက်သည်။

'ခင်ဗျားတို့ အထက်လူကြီးဟာ အကင်းပါးတာတော့ အမှန်ပဲ၊ သူ့ မာနကြီးတာကို ကျုပ် သဘောပေါက်ပါတယ်၊ ကဲ. . . ခင်ဗျားကိုယ်တိုင် သွားခေါ်ပါ၊ ကျုပ် ဒီကပဲ စောင့်နေမယ်'

ယွင်ယန့်ဖေး မျက်နှာပျက်သွားရပြန်သည်။

သခင်မလေးက ဧည့်သည်ကို သူ့ဆီ ခေါ်ခိုင်းခဲ့သည်။



ယခုမူ ဧည့်သည်က သခင်မလေးကို ခေါ်ခိုင်းနေပြီ။

ဤကိစ္စသည် စောစောက ချောင်ပိတ်မိခြင်းထက် ဇောချွေးပြန်ရသည့်ကိစ္စဖြစ်သည်။

'ဒီနေရာရဲ့ အခြေအနေကို ခင်ဗျား သဘောပေါက်သင့်ပါတယ် မင်'

ယွင်ယန့်ဖေးသည်အသံသည် သိသိသာသာကြီး ညွတ်ပျောင်းနေသည်။

သို့သော် သူ၏ လိုအပ်ချက်ကို မင်ရင်ကြွယ်က လက်မခံချေ။

'ကျုပ် သဘောပေါက်ပြီးသားပါ၊ ခင်ဗျားတာဝန်က သူ့ကို သွားခေါ်ပေးဖို့ပဲ၊ လာတာ မလာတာ သူ့ကိစ္စ၊ မလာမချင်း စောင့်ရမှာက ကျုပ်ကိစ္စ'

'ဒါကတော့ ခင်ဗျား သဘောထား ရိုင်းပျတာပဲ မင်'

'ခင်ဗျား အမြင် သိပ်မှားနေတယ် ယွင်ယန့်ဖေး၊ ခင်ဗျား အမြင် သိပ်မှားနေတယ်၊ ကျုပ်က လေးစားထိုက်သူကို လေးစားတတ်ပါတယ်၊ ဂါရဝတရားကိုလည်း ကောင်းကောင်း နားလည်ပါတယ်'

ယွင်ယန့်ဖေး ဒေါသ ထွက်လာပြန်သည်။

'ခင်ဗျား တော်တော် လူပါးဝနေပါလား'

ယွင်ယန့်ဖေး ဘာမျှ မစဉ်းစားနိုင်တော့။

လက်ဝါးတိုက်ကွက်ကို လျှပ်တစ်ပြက် ထုတ်ပြီး အရှိန်တုန်

www.burmeseclassic.com

www.burmeseclassic.com



အားကုန် ဝင်တိုက်တော့သည်။

မင်းရင်ကြွယ်သည် ယွှင်ယန့်ဖေး၏တိုက်ကွက်နှင့် ရိုက်ချက်များ အားပါပြင်းထန်သည်ကို သိနေသော်လည်း တုံ့ပြန်ခြင်းမပြု၊ ယွှင်ယန့်ဖေး၏လက်ဝါး ကိုယ်ပေါ်ရောက်လာမှ အသာကလေး တိမ်းပေးလိုက်ပြီး လက်ကောက်ဝတ်ကို မိမိရရကြီးဖမ်းဆုပ်လိုက်တော့သည်။

'ခင်ဗျား ခေါ် ပေးမလား မပေးဘူးလား ပြော'

အသံသည် မိုးခြိမ်းသံအလား အောက်မေ့ရတော့သည်။

ယွှင်ယန့်ဖေး၏မျက်နှာသည် ရှုံ့မဲ့ပြီး ညိုမည်းနေလေပြီ။ သည်ကြားထဲက အံကြိတ်ပြီး လွတ်နေသောလက်နှင့် လက်ဝါးစောင်းခုတ်လာပြန်တော့သည်။

'မခေါ်ဘူး၊ ကျုပ် အသေခံသွားမယ်'

ယွှင်ယန့်ဖေး၏အသံသည် အစ်ပြီးပေါ်လာသည်။

မင်းရင်ကြွယ် ရယ်မိသည်။

ထိုစဉ် ကျယ်လောင်သော စကားသံ ပေါ်လာသည်။

'ယွှင်ယန့်ဖေး. . . ခင်ဗျားမှာ အသက် ဘယ်နှစ်ချောင်းတောင်ရှိနေသလဲ ၊ အေးအေးလေး ငြိမ်နေလိုက်စမ်းပါ၊ ဖယောင်းတိုင်မီးအလင်းနဲ့ လမင်းကို ပြိုင်လို့ မရပါဘူးဗျ၊ အခြေအနေကို နားလည်စမ်းပါ'

နောက်ကျောမှ ပေါ်လာသောအသံကြောင့် မင်းရင်ကြွယ်သည် ယွှင်ယန့်ဖေးလက်ကို ဖြေလွှတ်ပေးလိုက်သည်။ အသံလာ



ရာသို့ လှည့်ကြည့်လိုက်သောအခါ လက်ရှစ်ဘက် ချန်ချွန်းယင်းကို အဖြူဝတ် စာပေသမားအသွင်နှင့် တွေ့ရတော့သည်။

◀◀ ▶▶



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

## တိုက်ယူရသော သတင်း

ချန်ချွန်းယင်းသည် တံခါးပေါက်တစ်ခုတွင် ရပ်နေပြီး စိန်းစိန်းကြီး ကြည့်နေသည်။

ယွင်ယန့်ဖေးသည် တုန်ခနဲ ဖြစ်သွားပြီး ပျာပျာသလဲ လှမ်းပြောသည်။

'ကျွန်. . . ကျွန်တော် မသိလို့ပါ စစ်ဆေးရေးမှူးချုပ်'

မင်ရင်ကြယ်သည် ချန်ချွန်းယင်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး ရယ်သွမ်းသွေး ပြောသည်။

'ဟဲဟဲ. . . လက်စသတ်တော့ ထန်ရှန်းဂိုဏ်းက နယ်လှည့်စစ်ဆေးရေးမှူးချုပ် လက်ရှစ်ဘက် ချန်ချွန်းယင်းကြီးကိုး'



'ဟုတ်ပါတယ်၊ ခင်ဗျားက ကျို့မိသားစုအိမ်တော်ထဲကို မဖိတ်ခေါ်ဘဲ ဖွတ်ဝင်လာခဲ့တဲ့ သူရဲကောင်းကြီး မင်ရင်ကြယ် မဟုတ်လား'

'ကျုပ် သူရဲကောင်းကြီး မဟုတ်သေးပါဘူးဗျာ၊ အဲဒီဘွဲ့မည်ခံသင့်တဲ့ အရည်အချင်းလည်း မရှိသေးပါဘူး၊ အညတရ စာပေသမား မင်ရင်ကြယ်ပါ'

ချန်ချွန်းယင်းသည် တစ်လှမ်းချင်းလှမ်းပြီး ရှေ့ကို တိုးလာလေသည်။

ထို့နောက် ယွင်ယန့်ဖေးကို လှမ်းပြောသည်။

'ယွင်ယန့်ဖေး နောက်ဆုတ်နေလိုက်ပါ'

'ဟုတ်ကဲ့ပါ နယ်လှည့် စစ်ဆေးရေးမှူးချုပ်'

ယွင်ယန့်ဖေးသည် ဖျတ်ခနဲ နောက်ဆုတ်သွားတော့သည်။

ထိုအခါကျမှ ချန်ချွန်းယင်းက မင်ရင်ကြယ်ကို စကားလှမ်းပြောသည်။

'ခင်ဗျား ဝန်ရင်မော်ကို ပြန်လိုချင်နေသလား'

'ဟုတ်ပါတယ်၊ တခြားကိစ္စလည်း ရှိနေပါသေးတယ်'

မင်ရင်ကြယ်က တည်တည်ငြိမ်ငြိမ် ပြန်ပြောသည်။

ချန်ချွန်းယင်းက . . .

'ဩော်. . . တခြားကိစ္စလည်း ပါသေးသကိုး'

'ခင်ဗျားက အားလုံးကို တာဝန်ယူ ဖြေရှင်းပေးနိုင်သလား'

'အရေးကြီးတာက ကိစ္စကြီးသလား၊ သေးသလားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အရင် သိပါရစေ'

'သိပ်ကြီးတယ်၊ ဒါကြောင့်မို့ ခင်ဗျားကို ပြောမပြနိုင်ဘူး'

'ဘယ်လောက်ကြီးတဲ့ ကိစ္စမို့လဲ'

မင်ရင်ကြွယ် နှုတ်ပိတ်နေလိုက်သည်။

ခပ်လှမ်းလှမ်းတွင် ရပ်နေသော ယွင်ယန့်ဖေးက ဝင်ပြောသည်။

'ကျိုအိမ်တော် မီးလောင်တဲ့ကိစ္စနဲ့ ဝန်ရင်မော်ဇနီး မေမုန့်ချူး မီးထဲလောင်သေတာကို ဆွေးနွေးချင်လို့တဲ့'

ယွင်ယန့်ဖေးစကားကြောင့် ချန်ချွန်ယင်း မျက်နှာပျက်သွားသည်။

'မင် ဒီလို ပြောပါသလား'

'ဟုတ်တယ်၊ ကျုပ် ဒီလိုပဲ ပြောတယ်'

'ဒါဖြင့် ခင်ဗျားမှာ အထောက်အထား ရှိသလား'

'ကျုပ်ပြောနိုင်တာက ယွင်ယန့်ဖေးဟာ ဆေးဆရာဟန် ရုပ်ဖျက်ပြီး ကျိုအိမ်တော်ထဲ ဝင်ခဲ့တယ်၊ အဲဒီနောက် ဝန်ရင်မော်ကို ဖမ်းပြီး လျှို့ဝှက် ထွက်သွားတယ်၊ သူ ထွက်သွားပြီးတဲ့ နောက်မှာ ကျိုအိမ်တော် မီးလောင်ပြာကျခဲ့တယ်၊ ဝန်ရင်မော်ဇနီး မေမုန့်ချူး သေဆုံးခဲ့တယ်၊ ဒီကိစ္စတွေကို ခင်ဗျားကိုယ်တိုင် ကိုယ်ချင်းစာ ကြည့်ဖို့ လိုတယ်'

'ခင်ဗျားပြောတာတွေဟာ ထန်ရှန်းဂိုဏ်းရဲ့ လက်ချက်လို့ [illegible]အပ်စွပ်စွဲလို့ မရပါဘူး၊ ကျုပ်ဟာ ပြဿနာရဲ့အတိမ်အနက်



ကို ခွဲခြမ်းစိပ်ဖြာတတ်ပါတယ်၊ ခိုင်လုံတဲ့ အထောက်အထား မရှိဘဲနဲ့ ဘယ်သူ့ကိုမှ အရမ်းမစွပ်စွဲတတ်တာဟာ ကျုပ်အကျင့်ပဲ'

ချန်ချွန်ယင်းက ဝေ့လည်ချောင်ပတ် လုပ်နေသည်။ မင်ရင်ကြွယ်က မထိတရီ ပြုံးတော့သည်။

'အိပ်ချင်ဟန်ဆောင်တဲ့လူဟာ အနှိုးရခက်သဗျ၊ ဒါပေမယ့် ခင်ဗျား တကယ်မသိတာတွေ ရှိကောင်းရှိနေပါလိမ့်မယ်၊ အကောင်းဆုံးကတော့ ခင်ဗျားတပည့်ကိုသာ ထပ်ပြီး မေးကြည့်လိုက်ပါ'

ယွင်ယန့်ဖေးက ဝင်ပြောသည်။

'မင်က ပြဿနာအားလုံးကို ကျုပ်တို့ဂိုဏ်းလက်ချက်လို့ စွပ်စွဲနေတာ အမှန်ပဲ'

မင်ရင်ကြွယ်က ပခုံးနှစ်ဘက် တွန့်သွားသည်။

'ကျုပ် ပြောလိုတာက ပြဿနာအားလုံးရဲ့ တရားခံဟာ ထန်ရှန်းဂိုဏ်းလို့ ပြောနေတာ မဟုတ်ဘူး၊ ဆွေးနွေးချင်တယ်လို့ ပြောခဲ့တာ၊ ခင်ဗျားတို့က ကိုယ်လိုရာဆွဲပြီး ကောက်ချက်ချ ဆုံးဖြတ်နေတာကိုတော့ ကျုပ် ဘာမှမပြောလိုဘူး'

'ခင်ဗျားစကားက ရှင်းမလိုလိုနဲ့ တော်တော်ရှုပ်တာပဲ၊ ကဲ. . . ရှင်းရှင်းပဲ မေးမယ်၊ ကျိုမိသားစုအိမ်တော်ကို ထန်ရှန်းဂိုဏ်းက မီးရှို့တယ်လို့ ခင်ဗျား ပြောသလား'

ချန်ချွန်ယင်းက ထပ်မေးသည်။

'မပြောဘူး ၊ မီးလောက်တဲ့အကြောင်းပဲ ကျုပ်ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ နို့တယ်လို့ ကျုပ် မပြောဘူး၊ ရှင်းပြီလား'

မင်ရင်ကြွယ်က ရှင်းရှင်းဖြေသည်။ သို့သော် ချန်ချွန်းယင်း ဘဝင်မကျလှပေ။

'ခင်ဗျားက စကားကို ပါးပါးနပ်နပ်နဲ့ လှည့်ပြောနေတာပဲ၊ ထန်ရှိုင်းဂိုဏ်းကို တိုက်ရိုက်မစွပ်စွဲဘူးဆိုရင် ဒီအကြောင်းကို ဘာဖြစ်လို့ လာမေးနေတာလဲ၊ ဘာဖြစ်လို့ ဆွေးနွေးချင်နေတာလဲ'

'ဒါလည်း အင်မတန် ရှင်းပါတယ်၊ ထန်းရှန်းဂိုဏ်းရဲ့ လက်ချက်လို့ မစွပ်စွဲသေးပေမယ့် ထန်းရှန်းဂိုဏ်းကို သံသယရှိလို့ပဲ၊ ဒါဟာ သိုင်းလောကရဲ့သဘောထားအမြင်ပဲ'

ချန်ချွန်းယင်း ဘာပြောရမှန်း မသိတော့၊ အသက်ရှူပင် ကျပ်သွားသည်။

'ခင်ဗျားစကားက ပညာသားပါတဲ့ စကားပဲ၊ အနှောင့် မလွတ် အသွားမလွတ်၊ ကဲ. . . မေးစရာရှိတာ မေးဦးဗျာ'

'ကျုပ် အမေးချင်ဆုံးကိစ္စကို ခင်ဗျား လုံးဝ မမေးဘူး'

'ဒါဖြင့် ဘယ်သူ့ကို မေးချင်သလဲ'

'စီးမင်လို့ ခေါ်တဲ့ သခင်မလေးကို'

ချန်ချွန်းယင်း၏မျက်လုံးသည် ဒေါသရောင်များ ဝင်းလက်လာသည်။ နှုတ်ခမ်းအစုံကား ပြုံးနေမြဲ။

'အားနာပါတယ် မင့်ဆန္ဒကို ခွင့်မပြုနိုင်ပါဘူး'

'ဒါဖြင့် ကိစ္စနှစ်ခုကို ခင်ဗျား တာဝန်ယူနိုင်သလား'

'ကျုပ်တာဝန်က နယ်လှည့်စစ်ဆေးရေးမှူးချုပ်ပါ'



'ကောင်းပြီ. . . သူ့ကို ခေါ်ထုတ်ပေးတော့'

'ဘယ်သူ့ကိုလဲ'

'ဝန်ရင်မော်ကို'

'အိုး. . . သူ ကျုပ်တို့ဆီမှာ မရှိဘူး၊ ခင်ဗျား အရှာမှား နေပြီ'

'မလိမ်ချင်စမ်းပါနဲ့ ချန်၊ ဟောဟိုမှာ ယွင်တစ်ယောက်လုံး ရှိနေပါသေးတယ်'

'ဘာဆိုင်လို့လဲ'

'သူက ဝန်ရင်မော်ကို ဖမ်းခေါ်သွားတဲ့လူလေဗျာ'

'ဩော်. . . ဩော်. . . ၁၀ုံးယောက်ဆုံတုန်း မျက်နှာစုံညီ ထပ်မေးကြည့်ပါဦးဗျာ'

'အိုး. . . ဒေသကြီးတစ်ခုရဲ့ လေးစားမှုကို ခံယူရရှိထား တဲ့ လက်ရှစ်ဘက်ဟာ ဒီလောက်တောင် ကောက်ကျစ်တတ်သလား၊ တကယ်သိ တကယ်ဖြစ်ခဲ့တာကိုတောင် ပြောင်ပြောင်းနေသေးသကိုး'

'ဟားဟား. . . ခင်ဗျား တော်တော်အပြောရမ်းတဲ့ လူပဲ၊ သူခိုးဖမ်းရင် ခိုးရာပါ ပစ္စည်းပါမိမှ တရားဝင်တာဗျ၊ အပြစ်ပေးလို့ ရတာဗျ၊ အရမ်းပြောလို့ ရမှာလား၊ ဟားဟားဟား'

ချန်ချွန်ယင်းက အော်ဟစ်ရယ်တော့သည်။

မင်ရင်ကြွယ်က ကသိကအောက် ဖြစ်သွားသည်။

'စောစောကတော့ သူ ဝန်ခံသားပဲဗျ'

'ဒါက ခင်ဗျားတို့ကြောက်လို့ ဖြစ်မှာပါ၊ ခု ကျုပ်တို့နဲ့ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ထဝ်မေးကြည့်ပါ'

'ဝန်ခံရင်ကော'

'ကျုပ်က ခင်ဗျား လိုချင်တာကို ပြန်ပေးဖို့ တာဝန်ယူတယ်'

'သူ ဝန်မခံရင်ကော'

'ရှင်းပါတယ် ခင်ဗျားဆီက ဘာမှ မတောင်းတော့ဘူး'

'ဒါ သဘောထားကြီးမှုပဲ၊ ဒီလို သဘောထား ဘာဖြစ်လို့ ထားတာလဲ'

'ဟဲဟဲ. . . ကျုပ်အပေါ် မရမ်းကားသေးလို့ပဲဗျ'

'ကျုပ် ကတိပေးပါတယ်၊ ခင်ဗျား လိုချင်တာ တောင်းပါ'

'တောင်းလည်း ခင်ဗျားက ပေးချင်မှ ပေးမှာပါ၊ ကယ်လ်ကကျစ် လုပ်ချင်လုပ်နေဦးမှာ၊ ယုံရတာမှ မဟုတ်ဘဲ'

'ဟဲဟဲ. . . ဒါဟာ ကျုပ်သိက္ခာကို စော်ကားတာပဲ၊ ကျုပ်စိတ်မဆိုးပါဘူး၊ ကျုပ်ဟာ သိက္ခာကို စောင့်ထိန်းတတ်တဲ့ လူတစ်ယောက်ပါ၊ ကျုပ်တာဝန်ယူတယ်၊ သတ်မှတ်ထားတဲ့အချိန်မှာ ခင်ဗျား လိုချင်တဲ့လူကို ပြန်ပို့ပေးမယ်'

'လက်ခံပါတယ်၊ ခင်ဗျားလည်း မနစ်နာစေရပါဘူး'

'မှန်ပါတယ်၊ သူရဲကောင်းဆိုတာ ကတိတစ်လုံးအတွက် အသက်စွန့်ရဲတဲ့သူတွေပါ'

'ကျုပ်က ထွေးပြီးတဲ့တံတွေးကို မျိုတတ်တဲ့လူမျိုး မဟုတ်ဘူး'

---



ချန်ချွန်ယင်း၏ မျက်ခုံးမွေးများ နဖူးပေါ် မြင့်တက်သွားသည်။

'တဲ. . . ယွင်ကို မေးလိုက်စမ်းပါ မင်'

မင်ရင်ကြယ်က ယွင်ယန့်ဖေးကို စူးစိုက်ကြည့်လိုက်သည်။

ယွင်ယန့်ဖေးသည် အားတင်းပြီး ခေါင်းမော့လာသည်။ မျက်နှာသည် သိသိသာသာ နီရဲနေသည်။

ထို့နောက် နှုတ်ခမ်းတလှုပ်လှုပ် လုပ်နေရာမှ-

'စစ်ဆေးရေးမှူးချုပ်၊ ကျွန်တော်ဟာ စည်းကမ်းကို တသဝေမတိမ်း လိုက်နာချင်သူတစ်ယောက်ပါ၊ ဒါပေမယ့်. .'

ယွင်ယန့်ဖေး၏အသံ တိမ်ဝင်သွားသည်။

သို့သော် သူ၏ စကားသည် ရှုံမှုနှင့် လုံလောက်နေပေပြီ။

မင်ရင်ကြယ်၏ မျက်လုံးအရောင်သည် တဖျပ်ဖျပ် တောက်ပလာသည်။

'လေးစားပါတယ် အဆောင်မှူး ယွင်'

မင်ရင်ကြယ်က တကယ် လေးစားဟန်နှင့် ပြောသည်။

ချန်ချွန်ယင်းကား ဒေါသ ထောင်းခနဲ ထွက်သွားသည်။ ထို့ကြောင့် ယွင်ယန့်ဖေးကို ရိုက်သတ်ရန် လက်တစ်ဘက် မြှောက်တက်လာတော့သည်။

'ရပ်လိုက်ပါ'

ချိုလွင်သောအသံ ဖြစ်သော်လည်း ကြောက်စရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ အာဏာပြင်းသောအသံ ဖြစ်သည်။

ချန်ချွန်ယင်းသည် မြှောက်တင်လိုက်သောလက်ကို ပြန်ရုပ်လိုက်ရသည်။ ဖျတ်ခနဲ နောက်ပြန်ကြည့်ပြီး ခါးကိုင်းညွှတ်လိုက်သည်။

'သခင်မလေးကို ဂါရဝပြုပါတယ်'

ချန်ချွန်းယင်းက မလိုအပ်သောစကားကို တုန်ယင်စွာ ပြောသည်။

ရပ်နေသူကား အကျီနက်ဝတ်စုံဝတ်ထားသည့် အလွန်ချောမောသော မိန်းမပျိုပင်၊ သူမ ရောက်လာသည်နှင့် အခန်းတစ်ခုလုံး မွှေးကြိုင်သွားသည်။

သူမ၏ လက်ဝဲဘက်တွင် အကျီနက်လူငယ် ပါလာသည်။ နောက်တွင်မူ ခရမ်းရောင်အကျီဝတ်တစ်ယောက်ရှိသည်။

'ဂိုဏ်းစည်းတမ်းကို သတိပြုပါ ချန်၊ ရှင့် လုပ်ပိုင်ခွင့်ဘာတွေဆိုတာလည်း သတိချပ်စမ်းပါ'

ချန်ချွန်းယင်း နှုတ်တုံ့မပြန်ရဲတော့၊ ခေါင်းငုံ့ပြီး ငြိမ်နေသည်။

'ယွင်ယန့်ဖေး ဘေးမှာ ရပ်နေပါ'

အကျီနက် မိန်းမချောက အမိန့် လှမ်းပေးသည်။

ယွင်ယန့်ဖေးသည် ရပ်နေရာမှ ဘေးသို့ ဆုတ်သွားသည်။ နှုတ်ကလည်း. . .

'ကျေးဇူးကြီးလှပါတယ် သခင်မလေး'

———☐———



ဟု လှမ်းပြောသည်။

မင်ရှင်ကြယ်သည် မိန်းမပျိုကို ခြေဆုံးခေါင်းဆုံး အတဲခတ်နေသည်။

ကြည့်ရင်းကြည့်ရင်း မျက်လုံးရောင် တဖျပ်ဖျပ်တောက်လာသည်။

အကျီနက် မိန်းမချောက စကားလှမ်းပြောသည်။

'သူ့ရဲကောင်းမင်ဟာ ပညာပါပါ ပြောတတ်ဆိုတတ်တဲ့လူပဲ၊ လေးစားပါတယ်ရှင် လေးစားပါတယ်'

မင်ရှင်ကြယ်က. . .

'မိန်းမချောရဲ့ အရည်အချင်းက ပိုပြီးချီးကျူးစရာ ကောင်းပါတယ်ဗျာ'

'ဟင်း. . . ဟင်း. . . မှုခင်ရောက်လာတဲ့ ကိစ္စကို ကျွန်မသိပြီးပါပြီ ရှင်၊ မိတ်ဆွေတစ်ယောက်ရဲ့ကိစ္စကို လုံးပန်းဆောင်ရွက်တာဟာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပါပဲ၊ ဒါပေမယ့် ကျွန်မ စကားနည်းနည်း ပြောချင်ပါတယ်၊ ရှင် ယုံမှာလား'

'ပြောတဲ့အကြောင်းအရာပေါ် မူတည်ပါတယ် စီးမင်'

'ရှင်က ဘယ်လိုစကားမျိုးမှ ယုံကြည်နိုင်မှာလဲ'

'အမှန်ကို ပီပြင် ပေါ်လွင်စေဖို့ လိုပါတယ်၊ အမှန်စကားဆို ကျုပ် ယုံကြည်တတ်ပါတယ်၊ အမှားအမှန်ကိုလည်း ခွဲခြမ်းစိပ်ဖြာတတ်ပါတယ်'

'ရှင်စကားပြောကောင်းသားပဲ၊ ကျွန်မပြောပြီးရင် ရှင်

———☐———

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဆုံးဖြတ်မလဲ၊ ကျွန်မရဲ့လုပ်ဆောင်ချက်တွေကိုကော တရားမျှတတယ်လို့ မြင်နိုင်ပါ့မလား'

'အပြောနဲ့ လက်တွေ့ကို ဆက်စပ်ကြည့်ရပါလိမ့်မယ်၊ အရေးကြီးတာက ကိုယ့်အလုပ်ကို ကိုယ်တာဝန်ယူဖို့ပဲ၊ ကျုပ် သတင်းတစ်ခု ရထားသေးတယ်၊ ခင်ဗျား ချောင်ထန်းရဲတိုက်နဲ့ ဆုံခဲ့သေးတယ် မဟုတ်လား'

'ဒီမေးခွန်းဟာ ထုတ်ဖော်ပြောလို့ မကောင်းတဲ့ မေးခွန်းပဲ၊ မှန်တာ ဖြေရရင်တော့ သူတို့နဲ့ တွေ့ဆုံတာ အမှန်ပါပဲ၊ သူတို့ဆီက ဝန်ရင်မော်အတုအကြောင်းကို ရှင် သိပြီးရောပေါ့'

'သိပြီးပါပြီ၊ သူက အဲဒီအတိုင်း ပြောခဲ့တာပဲ'

'ကျွန်မကလည်း အဲဒီအတိုင်းပဲ ပြောပြမှာပါ'

စီးမင် (ခေါ်) စီးမင်ရှန်းက ပြုံးပြီးပြောသည်။

'မယုံစရာ မရှိတော့ပါဘူး၊ ကျုပ် ယုံပါတယ်'

မင်ရင်ကြယ်က တည်တည်ကြည်ကြည် ပြောလိုက်သည်။ စီးမင်ရှန်း၏ မျက်လုံးများ ဝင်းခနဲ ဖြစ်သွားသည်။

'ခုတော့လည်း တယ်လွယ်ပါလား'

'ရှင်းပါတယ်၊ ခုနကပဲ ခင်ဗျားရဲ့ တရားမျှတမှုကို တွေ့ခဲ့လို့ပါ'

'ဟင်းဟင်း. . . ရှင့်အတွင်းစိတ်ထဲမှာ ကျွန်မကို တမင် သက်သက် ဟန်ဆောင်သရုပ်ပြနေတယ်လို့ကော မထင်မိဘူးလား'

'ခင်ဗျားရဲ့ဂုဏ်သိက္ခာကို လေးစားလို့ မစွပ်စွဲဝံ့တော့ ပါဘူးဗျာ'

'ရှင်က မြှောက်ပြောတတ်သားပဲ'

'ကျုပ်က ရင်ထဲက မပါတဲ့စကားကို ထုတ်ဖော်ပြောလေ့ မရှိပါဘူး'

'ဒါဖြင့် ရှင့်ကို အများကြီး ကျေးဇူးတင်လိုက်ပြီ'

'ဒီလိုဆိုရင် ခု ဝန်ရင်မော်အတု ဘယ်မှာလဲ'

'သူ့ကို နားရွက်ဖြတ်ပြီး ပြန်လွှတ်လိုက်ပြီ'

'ဘာ. . . နားရွက်ဖြတ်ပြီး ပြန်လွှတ်လိုက်တယ် ဟုတ်လား'

'ကျို့ သိအောင် လုပ်လိုက်တာပါ၊ မသင့်လျော်တဲ့ကိစ္စ မဟုတ်ပါဘူး'

'အတုမှန်း သိခဲ့တယ်ဆိုတော့ သူ့ရုပ်မျက်နှာကို ဖျက်ဆီး ကြည့်ခဲ့လို့လား'

'ဟုတ်ပါတယ်၊ နဂိုမူလ မျက်နှာကိုပါ ကြည့်ခဲ့ပြီးပါပြီ'

'ဒါဖြင့် သူ ဘယ်သူဆိုတာ သိပါသလား'

'ကျို့ရဲ့လူပါ၊ ကျို့ ခိုင်းလို့ လုပ်ရပါတယ်လို့ ဝန်ခံသွား တယ်'

'ဒီလိုဆိုရင် အဲဒီလူ ပုံသဏ္ဍာန် ပြောပြပါ'

'ရိုးရိုးသာမန်လူတစ်ယောက်ပါ၊ အရွယ်က လူလတ်ပိုင်း အရွယ်'

'အရွယ်က လူလတ်ပိုင်းအရွယ်'



www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်တာ ပဲ့တင်ထပ်ပြီး ရေရွတ်လိုက်သည်။ စီးမင်ရှန်း မျက်မှောင်ကြုတ်သွားသည်။

'ဟုတ်ပါတယ်ရှင့်၊ ဘာများ မှားနေလို့လဲ'

'မမှားပါဘူး၊ ကျို့ကို ပေါ့ဆလှချည်လားလို့ ပြော. . .'

မင်ရင်ကြွယ်သည် စကားလွန်သွားသည်ကို သတိရလိုက်သဖြင့် တစ်ပိုင်းတစနှင့် ဖြတ်ပစ်လိုက်သည်။

စီးမင်ရှန်းက ထိုအချက်ကို ဂရုမစိုက်ဘဲ ဆက်ပြောလာသည်။

'မင်. . . ကျို့အိမ်တော်မီးလောင်တဲ့ကိစ္စဟာ ကျွန်မတို့ လက်ချက် မဟုတ်ဘူး ဆိုရင်ကော'

မင်ရင်ကြွယ်က ဘာမျှမဖြေ၊ စူးရဲသောမျက်လုံးနှင့် သာ စိုက်ကြည့်လိုက်သည်။

'မိတ်ဆွေကြီးမင်၊ စဉ်းစားမိသလား မသိဘူး၊ ဝန်ရင်မော့ ဇနီး မေမုန့်ချူးပါ မီးသင့်ခဲ့တယ် ဆိုတဲ့ကိစ္စ'

'ဝန်ရင်မော့ဇနီး မေမုန့်ချူးဟာ သာမန်မိန်းကလေး မဟုတ်ဘူး၊ ပညာရည် မြင့်မားသူတစ်ယောက်ပါ၊ ဒီလိုမိန်းမ တစ်ယောက်ဟာ မီးလောင်ပြီး မသေနိုင်ဘူး၊ ဘယ်လောက်ပဲ ချောင်ပိတ်နေပါစေ လွတ်အောင် ပြေးနိုင်တယ်'

မင်ရင်ကြွယ် ခုမှ စဉ်းစားမိသည်။

စီးမင်ရှန်း၏စကားသည် စဉ်းစားစရာကောင်းသော စကားဖြစ်သည်။

□



သေဆုံးသူများထဲတွင် ပါဝင်နေခဲ့သော ရွှေချန်ရိုးသည် လည်း ခေသူ မဟုတ်၊ သူတို့၏သေခြင်းသည် တကယ်သေခြင်း ဖြစ်နိုင်သလော။ မိမိမြင်တွေ့ခဲ့သော အလောင်းကောင် မည်းမည်း ကြီးများသည် ရုပ်ပျက်နေသော အလောင်းကောင်များတည်း။

◀◀ ▶▶

□

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

## တရားခံ ဘယ်မှာ

ကျေးဇူးတင်တယ် စီးမင်းရှန်း၊ ခင်ဗျားအမြင် စူးရောက် ထက်မြက်လှပါတယ်'

မင်ရင်ကြွယ်က လှိုက်လှိုက်လှဲလှဲ ပြောတော့သည်။

စီးမင်းရှန်းက လှပသောအပြုံးကို ပြုံးပြသည်။

'မင်ရဲ့ကျေးဇူးတင်မှုကို မခံဝံ့သေးပါဘူးရှင်၊ ကျွန်မ ပြောချင်သေးတာက ကျိုးအိမ်တော်ကို မီးရှို့ခဲ့သူဟာ မေမုန့်ချူး ထက် သိုင်းပညာ ပိုကောင်းတာ သေချာတယ်၊ ဘာကြောင့်လဲ ဆိုတော့ မေမုန့်ချူးကို ထိန်းချုပ်ထားလို့ပဲ၊ အဲဒီအချိန်မှာ အဆင့်မြင့် သိုင်းပညာရှင်လေးငါးဆယ်ကလဲ ဝိုင်းရံစောင့်ကြပ်နေပါလိမ့်မယ်





အမှန်အတိုင်းပြောရရင် ကျွန်မတို့မှာ မေမုန့်ချူးရဲ့ ပညာအရည် အချင်းမျိုး မရှိသေးပါဘူး၊ သူ့တို စောင့်ကြပ်နေတဲ့ သိုင်းပညာရှင် လေးငါးဆယ်မျိုးလည်း ကျွန်မတို့မှာ မရှိသေးပါဘူး'

မင်ရင်ကြွယ်သည် အတန်ကြာအောင် တွေဝေငေးမော သွားသည်။

ထို့နောက်. . .

'ဟုတ်တယ် စီးမင်ရှန်း၊ မေမုန့်ချူးဟာ သေဆုံးသူ သိုင်း သမားအချို့နဲ့အတူ ထိန်းချုပ်ခံထားရတာ သေချာတယ်၊ ကျုပ် ရောက်ရှိနေချိန်မှာလည်း အခန်းတွေထဲမှာ သေနေတဲ့လူတွေ အတွက် ထွက်ပေါက် သိပ်မရှိဘူး'

'အင်း. . . ကျွန်မတို့အနေနဲ့ အဲဒီသေဆုံးသူတွေကို ထိန်းချုပ်နိုင်စွမ်း ရှိ၊ မရှိ သေသေချာချာ ပြန်စဉ်းစားသင့်တယ်၊ ကဲ. . . မင် ကိုယ်တိုင် စဉ်းစားကြည့်ပါဦး'

မင်ရင်ကြွယ်က ခေါင်းကို သွက်သွက်ခါအောင် ယမ်း လိုက်သည်၊

'ခင်ဗျားတို့မှာ အဲဒီအရည်အချင်းမျိုး ရှိမယ် မထင်မိပါ ဘူးဗျာ'

'အဲဒါ အဖြေပဲ မင်၊ ကျွန်မတို့ဟာ ကျိုးအိမ်တော်ကို မီးရှို့ခဲ့သူ မဟုတ်ပါဘူး'

မင်ရင်ကြွယ်သည် ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါတော့ပေ။ တစ်စုံတရာတိုသာ လေးလေးနတ်နတ် စဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုစဉ် စီးမင်ရှန်း၏မျက်နှာမှာ လေးနက်တည်ကြည်သွားပြန်သည်။

'အမှန်အတိုင်း ပြောရရင် ကျွန်မတို့ ထန်ရှန်းဂိုဏ်းက ဝန်ရင်မော်ကို ဖမ်းဆီးခဲ့ကြပေမယ့် မင်ကိုတော့ လေးစားကြပါတယ်'

'ခင်ဗျားတို့ရဲ့လေးစားမှုကို မခံဝံ့သေးပါဘူးဗျာ၊ တစ်ခုတော့ မေးချင်ပါသေးတယ်၊ ခင်ဗျားတို့က ဝန်ရင်မော်ကို ဘာကြောင့် ဖမ်းခဲ့ကြတာလဲ'

'ဒါတော့ သည်းခံပါမင်၊ ဒီကိစ္စဟာ ကျွန်မတို့ဂိုဏ်းရဲ့ ထိပ်တန်းလျှို့ဝှက်ချက်ပါ'

'ကောင်းပါပြီ၊ ကျုပ် မမေးတော့ပါဘူး၊ ဒါပေမယ့် ဝန်ရင်မော်ရဲ့ မွေးနေ့ မွေးချိန် အတိအကျကို ဘယ်လိုသိနေတယ်ဆိုတာ ပြောပြပါ'

'ကျွန်မတို့ဂိုဏ်းအနေနဲ့ တိုက်ရိုက်သိခဲ့တာ မဟုတ်ပါဘူး၊ အဲ. . . ထူးခြားတဲ့ သိုင်းပညာရှင်ကြီးတစ်ဦးကြောင့်သာ သိခဲ့တယ်လို့ ဆိုပါရစေ'

'အဲဒီလူက ဘယ်သူလဲ စီးမင်'

'အဘိုးအိုတစ်ယောက်လို့ပဲ ဖြေနိုင်ပါတယ်ရှင်'

'ဒါဖြင့် သူ အခု ဘယ်မှာ ရှိနေပါသလဲ'

'ဒါတော့ ကျွန်မ ထုတ်ဖော်မပြောနိုင်ပါဘူး'



'ရပါတယ် စီးမင်၊ ကျုပ်ပြောချင်တာက ဝန်ရင်မော်ရဲ့ မွေးရက် မွေးချိန် အတိအကျကို သိသူဟာ လေးငါးယောက်ထက် မပိုပါဘူး၊ ရေတွက်ပြရရင် မေမုန့်ချူးရယ်၊ ကျို့ကုံးချွင်ရယ်၊ မျက်နှာ တစ်ထောင် တစ်ကိုယ်တော်ညြှေသည် လိန်ကွားချိရယ်၊ နောက် တစ်ယောက်က ကဲ. . . စီးမင်ပဲ ပြောပါ၊ အဲဒီတစ်ယောက်က. . .'

'အဘိုးအိုလို့သာ သိတယ် မင်၊ နာမည်တွေ၊ ဘွဲ့တွေ ဘာမှ မသိပါဘူး'

'ဒါဖြင့် သူ့ပုံသဏ္ဍာန်ကို ပြောပြပါ'

'သည်းခံပါမင်၊ မမြင်ဘူးလို့ မပြောနိုင်ပါဘူး'

'ဒီလိုဆို ဘယ်သူ တွေ့ထူးလဲ စီးမင်'

'ဒါလဲ ကျွန်မ မပြောနိုင်ပါဘူး၊ ပြောမိရင် လျှို့ဝှက်ချက်ကို ဖော်ကောင်လုပ်ရာ ကျနေပါမယ်'

'ကျုပ် အထင်တော့ ဒီအဘိုးအိုဟာ ဝန်ရင်မော်ကို ရှာနေတာ ကြာပြီလို့ ထင်တယ်၊ သူ့ရှာပုံတော်ဟာ တရုတ်ပြည် တစ်ပြည်လုံး နံ့နေပြီ ထင်ပါတယ်'

မင်ရင်ကြယ်သည် စကားဖြတ်ပြီး ငြိမ်နေပြန်သည်။

စီးမင်ရှန်းက တအံ့အဩ လှမ်းကြည့်ပြီး မေးတော့သည်။

'ဘယ်လိုအဖြေထွက်သလဲ မင်'

'ကျုပ် ဖွင့်မပြောနိုင်တာ သည်းခံပါ စီးမင်'

စီးမင်ရှန်း တစ်ကိုယ်လုံး တုန်ခါပြီး ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်းဟင်း. . . ကျွန်မတို့နှစ်ယောက်စလုံးဟာ ကိုယ်စီကိုယ်စီ အခက်အခဲ ရှိသူတွေချည်းပါ၊ ကျွန်မ ကိုယ်ချင်းစာပါတယ် အတင်းအကြပ် မမေးတော့ပါဘူး'

မင်ရင်ကြယ် ပြုံးမိပြန်တော့သည်။

နှစ်ယောက်စလုံးသည် ရွှေတောင်စက္ကူချည်းတည်း။ သည်ကြားထဲက မင်ရင်ကြယ်က ထပ်မေးပြန်သည်။

'စီးမင်ရှန်း. . .'

'မမေးပါနဲ့တော့ မင်၊ ရှင့်မေးခွန်းဟာ ကျွန်မအတွက် အခက်အခဲ ရှိနေဦးမယ်ဆိုရင် ထုတ်ဖော်ပြောမှာ မဟုတ်ပါဘူး ဒါတော့ ရှင် အရှုံး ဖြစ်လိမ့်မယ်၊ ကျေနပ်မယ်ဆိုရင်တော့ မေးပါ'

မင်ရင်ကြယ် တွေဝေသွားသည်။

အတန်ကြာမှ. . .

'ကျုပ် မေးခွန်းကို ခင်ဗျား ဘာပြုလို့ မဖြေနိုင်တာလဲ'

'ဒါလဲ လျှို့ဝှက်ချက်ကြောင့်ပဲ'

'ကိစ္စက သိပ်အရေးကြီးတဲ့ကိစ္စပါ စီးမင်၊ စီးမင်သာ ပြောမပြရင်တော့. . .'

'ဟင်းဟင်း. . . ရှင်က အကြမ်းဖက်မယ်ပေါ့ ဟုတ်လား'

'အကြမ်းဖက်မိရင်လည်း မလွဲမရှောင်သာလို့ပါဗျာ'

စီးမင်ရှန်း သတ္တိတောင်းပါသည်။

နောက်မဆုတ်တဲ့ ရွေ့ကို တိုးလာပြီ။

ရာသီဥတုသည် အေးရာမှ ပူလာပြီ။

❑



စီးမင်ရှန်းသည် လက်တစ်ဘက် ဝှေ့ယမ်းလိုက်သည်။

'ချန် အနောက်မှာ ရပ်နေလိုက်ပါ'

ချန်ချွန်ယင်းသည် ဖျာဖျာသလဲ နောက်ဆုတ်သွားသည်။ သတ်မှု မပြုတ်၊ မင်ရင်ကြယ်ကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။

စီးမင်ရှန်းက မင်ရင်ကြယ်ကို ကြည့်ပြီး ပြောတော့သည်။

'မင် အကြမ်းဖက်ရင် ဖက်ပါ၊ ကျွန်မ လုံးဝ မတုံ့ပြန်ပါဘူး'

'ကျုပ်ကတော့ ခင်ဗျားနဲ့ ပြောင်းပြန်ပဲ၊ မွေးကတည်းက ရက်စက်ကြမ်းကြုတ်တဲ့ ဉာဉ်ပါလာတယ်၊ ရက်စက်ပြီဆိုရင် သနားစိတ် လုံးဝ မဝင်တော့ဘူး'

စီးမင်ရှန်းက ထိုစကားကို သိပ်ဂရုမစိုက်ချေ။ ခေါင်းကိုသာ တွင်တွင်ခါယမ်းလိုက်သည်။

'ကျွန်မဟာ သေမှာကို လုံးဝ ဂရုမစိုက်ပါဘူး၊ ပညာချင်ယှဉ်ရင် ရှင့်ကို မနိုင်မှန်းလည်း သိတယ်၊ ဒါကြောင့် စိန်လည်း မခေါ်ဘူး၊ နောက်တစ်ချက်က ကျွန်မနဲ့ရှင်ဟာ ရန်ငြိုးရန်စ ရှိသူတွေလည်း မဟုတ်ဘူး အကြမ်းဖက်ချင်တဲ့ စိတ်လည်း မရှိဘူး၊ ဒါ ကျွန်မ သဘောထား၊ ရှင့်အနေနဲ့ တိုက်ချင်တယ်၊ အကြမ်းဖက်ချင်တယ် ဆိုရင်တော့ ကြိုက်သလို လုပ်ပါ'

'ဒါက ခင်ဗျားအနေနဲ့ ခင်ဗျားသဘောထားပဲ၊ ကျုပ်ကတော့ မွေးရာပါဉာဉ်အတိုင်း အကြမ်းဖက်ရလိမ့်မယ်'

❑

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်သည် စကားဆုံးသည်နှင့် လက်နှစ်ဘက်ကို ရိုပ်ခနဲ ရိုပ်ခနဲ လှုပ်ရှားလိုက်ပြီး ကျားလက်သည်းကုတ် တိုက်ကွက်ကို ထုတ်ယူလိုက်တော့သည်။

ထိုအချိန်၌ ချန်ချွန်းယင်းသည် အတွင်းအားများကို စုစည်းပြီး တုန့်ပြန်ရန် ပြင်ဆင်လိုက်တော့သည်။

တစ်ချိန်လုံး ငြိမ်ကြည့်နေသော အကျီနက်လူငယ် မော်လင်ပါ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။

'အဒေါ်ရှန်း၊ ခင်ဗျား ဘယ်လို ဆုံးဖြတ်လိုက်တာလဲ'

အသံသည် မိုးချုန်းသံလို မြည်ဟိန်းသွားသည်။ စီးမင်ရှန်းက ဖျတ်ခနဲ လှည့်သည်။

'ဒါ ငါ့ ကိစ္စ မော်လင်၊ မင်း ဘာမှ ဝင်မစွက်နဲ့'

မော်လင် ငြိမ်သွားသည်။

သို့သော် မင်ရင်ကြွယ်ကိုကား မီးဝင်းဝင်းတောက်သည့် မျက်လုံးနှင့် စိုက်ကြည့်လာသည်။ ထို့နောက် ဒေါသမီးတောက်နေသည့်အသံနှင့် မာထန်ထန် လှမ်းပြောသည်။

'ခင်ဗျား ကျုပ်အဒေါ်ကို မထိနဲ့၊ ထိရင် ကျုပ်အဆိုးမဟုတ်ဘူး'

မင်ရင်ကြွယ် ပြုံးမြဲ ပြုံးနေသည်။ စီးမင်ရှန်းက မော်လင်ကို လှမ်းပြောသည်။

'အရူးစိတ် မမွေးနဲ့ မော်လင်၊ ငါတို့အားလုံးပေါင်းပြီး တိုက်တောင် သူ့သိုင်းကွက်ကို ဆယ်ကွက်ထက် ပိုမတိုက်နိုင်ဘူး'





'ကျုပ် မယုံဘူး'

'ယုံချင်ယုံ မယုံချင်နေ၊ မင်းသဘောပဲ၊ အဲ. . . ငါ့စကားကို နားမထောင်ရင်တော့ နင့်ကို တစ်သက်လုံး လှည့်မကြည့်တော့ဘူး၊ အရှမ်းအရမ်း ဝင်မစွက်နဲ့'

'ကျုပ်က သူများ စော်ကားတာကို လက်ပိုက်ကြည့်နေရမှာလား'

'သူ မရမ်းပါဘူး၊ အဖြေက အစောကြီးကတည်းက ထွက်နေတာ၊ သူ ရမ်းကားချင်ရင် အဆောင်မှူးယွင်ကို လွှတ်ပေးပါမလား၊ သူ သွေးထွက်အောင် လုပ်ခဲ့သလား၊ သူ့တောင် အကြမ်းမဖက်ရင် ငါ့ကိုကော အကြမ်းဖက်ပါ့မလား'

ထိုအချိန်မှာပင် မင်ရင်ကြွယ်၏ လက်ချောင်းငယ် တိုက်ကွက်က သူမ၏ မျက်နှာပေါ် ရောက်လာသည်။ မျက်လုံးအစုံကို ထုတ်ယူတော့မည့်ပုံစံဖြစ်သည်။

ထို့ကြောင့် စီးမင်ရှန်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သို့သော် မင်ရင်ကြွယ်၏ လက်ချောင်းငယ်များသည် မျက်တောင်ကို ထိခတ်သွားရာမှ ဖျတ်ခနဲ ပြန်ရုပ်သွားတော့သည်။

'စီးမင်၊ ခင်ဗျား ဘာဖြစ်လို့ ဒီလောက် သည်းခံနိုင်စွမ်းရှိနေတာလဲဗျာ'

စီးမင်ရှန်းသည် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ထားမြဲပင်၊ အတန်ကြာမှ အမူအရာ ပြောင်းလဲလာပြန်သည်။

ထိုအချိန်၌ သူမ၏အပြုံးသည် နှစ်လိုဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သောအပြုံးဖြစ်နေသည်။

'အဲဒီကိစ္စဟာ ရှင့်အတွက် တကယ်ပဲ အရေးကြီးနေပါ သလားရှင်'

မင်ရင်ကြယ်က ခေါင်းကို ဖြည်းဖြည်းလေး ညိတ်ပြလိုက်သည်။ ထို့နောက် ခေါင်းကို ခါယမ်းပစ်လိုက်သည်။ နားလည်ရခက်သော အပြုအမူပင်။ အတန်ကြာမှ. . .

'အရေးကြီးတာတော့ အမှန်ပဲ စီးမင်၊ ဒါပေမယ့် အဲဒီအရေးကြီးမှုဟာ ကျုပ်အတွက် အရေးကြီးတာ မဟုတ်ပါဘူး။ သူရဲကောင်း ဝန်ရင်မော်အတွက် အရေးကြီးတာပါ'

'ဒါဖြင့် ကျွန်မ. . .'

စီးမင်သည် စကားစလိုက်ပြီးမှ တစ်ဝက်တပျက် ဖြတ်ပစ်လိုက်သည်။

'ခင်ဗျားကို ကျေးဇူးတင်ပါတယ် စီးမင်၊ ကျုပ်မှာ အခက်အခဲရှိသလို ခင်ဗျားမှာလည်း အခက်အခဲ ရှိနေတာပဲ၊ ကျုပ် သဘောပေါက်ပါပြီ၊ မပြောနိုင်တာကို ပြောဖို့ မလိုတော့ပါဘူး'

စီးမင်ရှန်း၏ မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ဝေ့လည်သွားသည်။

'ဟုတ်ကဲ့ ကျွန်မလည်း ရှင့်ကို ကျေးဇူးတင်ပါတယ်ရှင်'

'ကျုပ်တို့ကြားမှာ အားနာစရာ မရှိတော့ဘူးလို့ သဘောထားလိုက်ပါပြီ၊ ခင်ဗျားတို့ဟာ အင်မတန်လေးနက်တဲ့ အတွေးအခေါ် ရှိကြသူတွေပါ၊ ခင်ဗျားတို့ ဝန်ရင်မော်ကို ဖမ်းခဲ့ရ





အကြောင်းရင်းဟာလဲ လေးနက်သိမ်မွေ့မှာ သေချာပါတယ်၊ ဒါပေမယ့် ယင်ပန်းကြီးစွာ စွန့်စား ဖမ်းဆီးပြီး ခေါ်လာခဲ့ရတဲ့ ဝန်ရင်မော်ဟာ အတုဖြစ်နေတာ ဆိုးတယ်ဗျာ'

'မှန်ပါတယ်၊ ဒါကြောင့်လည်း ချောင်ထန်းရဲတိုက်သားတွေကို နှင်ထုတ်ခဲ့တာပေါ့၊ ဒါဟာ ကြိုသိစေချင်တဲ့ အချက်ပါ၊ ကျို့နဲ့ တွေ့မှ ဒါမှမဟုတ် ကျို့ကိုယ်တိုင်ရောက်လာမှ မျက်နှာချင်းဆိုင် တွေ့ဆုံချင်တာပါ'

'အဲဒီလိုလုပ်ဖို့တော့ မလိုတော့ဘူးထင်တယ် စီးမင်'

'ရှင်. . . ဘာဖြစ်လို့ပါလဲ'

မင်ရင်ကြယ် မျက်နှာညှိုးသွားသည်။

ထို့နောက် ခေါင်းတယမ်းယမ်းနှင့် ပြောလာသည်။

'လူ့ပြည်မှာ ဝန်ရင်မော် မရှိတော့ဘူးလို့ ကျုပ် တွက်မိနေပါပြီ'

'ရှင်. . .'

စီးမင်ရှန်း အလွန်အံ့ဩနေတော့သည်။

အတန်ကြာမှ. . .

'ရှင်. . ရှင် ဘယ်လို ပြောလိုက်တာလဲရှင်၊ ရှင့်မှာ အထောက်အထားတွေ ရှိနေပြီလား'

'ရှိတယ် စီးမင်၊ ရှိပါတယ်၊ ကျုပ် ပြောခဲ့ဖူးပါတယ်၊ မီးလောင်ပြီး သေနေတဲ့လူတွေကို လေ့လာကြည့်ရှုခဲ့တယ်လို့'

'ဟုတ်ပါတယ်၊ ရှင်ဟိမီးလောင်တဲ့နေရာကို ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကျွန်မ သိပြီးပါပြီ’

‘အဲဒီတုန်းက စုစုပေါင်း အလောင်းလေးလောင်း တွေ့ခဲ့တယ်၊ ကျုပ်ရထားတဲ့ အချက်အလက်တွေနဲ့ ညီညွတ်နေတဲ့ အလောင်းတွေဟာ မေမုန့်ချူးရယ်၊ အပြုံးမျက်နှာ ရွှေချန်ရိုးရယ်၊ ကျို့ရဲ့လက်ရုံးတပည့်တစ်ယောက်ရယ်၊ နောက်တစ်ယောက်ကတော့ အခန်းလေးတစ်ခန်းထဲမှာ တွေ့ခဲ့တဲ့ တစ်ယောက်တည်းသောအလောင်း။ အဲဒီအလောင်းကို မည်သူမည်ဝါရယ်လို့ ကျုပ်မဝေခွဲနိုင်ခဲ့ဘူး၊ ခုတော့ အဲဒီအလောင်းဟာ ဘယ်သူ့ အလောင်းဆိုတာ သဘောပေါက်လာပြီ’

မင်းရင်ကြွယ်သည် စကားပြောရင်း ခေါင်းငိုက်စိုက်ကျသွားသည်။

စကားလည်း ဆက်မပြောနိုင်တော့ပေ။

စီးမင်ရှန်းသည် ကြေကွဲသလို ခံစားနေရတော့သည်။

ထို့ကြောင့် ဝမ်းနည်းသောအသံမျိုးနှင့် တစ်လုံးချင်း ပြောကြားလာသည်။

‘မင် ဆိုလိုတာက သူ့ရဲကောင်း ဝန်ရင်မော်ဟာ. . .’

စီးမင်ရှန်းလည်း စကားဆုံးအောင် မပြောနိုင်တော့ချေ။

မင်ရင်ကြွယ်ဦးခေါင်း တဖြည်းဖြည်း ပြန်မော့လာသည်။

‘ကျုပ် အတွက် မှားပါစေ၊ ကျုပ် အမြင်မှားပါစေလို့ပဲ ဆုတောင်းမိတယ် စီးမင်၊ ဒါပေမယ့် ရာခိုင်နှုန်း ရှစ်ဆယ်ကျော်ကိုးဆယ်ကတော့ သေချာနေတယ်ဗျာ’





စီးမင်ရှန်းသည် မျက်စိမျက်နှာ ပျက်လာပြီး အသံများပါ တဆတ်ဆတ် တုန်လာတော့သည်။

သို့သော် ချက်ချင်း တည်ငြိမ်အောင် ကြိုးစားထိန်းသိမ်းလိုက်နိုင်သည်။

‘ကျို့ကုံးချွင်ဟာ သူ့မိတ်ဆွေ ညီလေးတစ်ယောက်ကို ဒီလိုလုပ်လိမ့်မယ်လို့ မထင်မိဘူး မင်’

‘ဒါပေမယ့်. . . ကျို့ဟာ အချိန်မီ ကယ်တင်နိုင်တော့မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်တော်ကြီး မီးဟုန်ဟုန်းတောက်နေချိန်မှာ သူ ကျုပ်နဲ့အတူ ရှိနေလို့ပဲ၊ ဖြစ်နိုင်တာက သူ့အလစ်မှာ လူရမ်းကားတွေက မီးဟုန်းဟုန်းတောက်အောင် လုပ်နိုင်ခဲ့လို့ပဲ’

‘မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ သူတော်ကောင်းကို နတ်ကောင်း မပါလိမ့်မယ်၊ ဗျပ်စောင်းမားရှည် စာပေသမားဟာ တစ်ခေတ်မှာ တစ်ယောက်သာ ရှိတဲ့ လူစားပါ၊ သူလို လူကောင်း လူတော်တစ်ယောက်ကို လူရမ်းကားတွေ သတ်နိုင်မယ် မထင်ပါဘူး’

စီးမင်ရှန်းက ခေါင်းကို ဘယ်ညာယမ်းပြီး အော်ပြောလာသည်။

မင်ရင်ကြွယ်က သက်ပြင်းချမိသည်။

’ပြောရခက်သားပဲ စီးမင်၊ ဝန်ရင်မော်ဟာ ဒီလေးငါးနှစ်အတွင်းမှာ အတော့်ကို ဒုက္ခရောက်ခဲ့သူပါ၊ ကံဆိုးမိုးမှောင်ကျနေတယ်လို့ ပြောရလိမ့်မယ် ထင်တယ်၊ ဒါကြောင့် မေမုန့်ချူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေချန်ရှိုးကိုလည်း မသေဘူးလို့ စိတ်ကူးယဉ်လို့ မရဘူး၊ နောက်တစ်ချက်က ဝန်ရင်မော်ဟာ စိတ်ဝေဒနာ ခံစားနေရတဲ့လူ၊ သိုင်းအားတွေ ကွယ်ပျောက်နေတဲ့လူ၊ ဒီတော့ ရန်သူရဲ့လက်ထဲက ဘယ်လိုရှောင်ထွက်နိုင်မှာလဲ'

စီးမင်ရှုန်းသည် ခေါင်းငုံ့ပြီး ငြိမ်သက်နေလေသည်။

ခေါင်းမော့လိုက်သောအခါ မျက်ဝန်းအိမ် နှစ်ခုစလုံး နီရဲနေတော့သည်။

ထို့နောက် တုန်ရင်အက်ကွဲသောအသံဖြင့်-

'ဘာပဲဖြစ်ဖြစ်လေ၊ ကျို့ကုံးချွင်နဲ့တွေ့မှ သေသေချာချာ မေးကြည့်ရပါဦးမယ်'

'ဒါက စီးမင်ဆန္ဒအတိုင်း လုပ်နိုင်တဲ့ကိစ္စ၊ ဒါပေမယ့် ကျို့ကုံးချွင်ကလည်း ဝန်ရင်မော် မီးသင့်ပြီး သေပြီလို့ ထင်နေရင်ကော'

'ကျွန်မတော့ ဒီလိုဖြစ်မယ်လို့ မယုံဘူး မင်၊ လုံးလုံးကို မယုံဘူး'

အလွန်အေးစက် တင်းမာသည့် မိန်းမချောသည် ယခုခဏ၌ အကြီးအကျယ် စိတ်ထိခိုက်နေလေပြီ။

ဟိုတယ်ခန်းဆောင်သည် အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

◀◀ ▶▶



## အခန်း (၄၀)

## သွေးစွန်းနေသော သက်သေ

ရုတ်တရက် ပြင်းပြင်းထန်ထန် နင်းလာသောခြေသံများ ပေါ်လာသည်။

မီးခိုးပြာဝတ်တစ်ဦးဖြစ်သည်။

ထိုလူသည် ခပ်လှမ်းလှမ်းမှ နေပြီး မိန်းမချောကို ဂါရဝ လှမ်းပြုသည်။

ထိုနောက်. . .

'ကျို့ကုံးချွင် ရောက်ရှိလာပါပြီ သခင်မလေး'

မင်ရင်ကြယ်၏ မျက်ခုံးမွေးများ နဖူးပေါ် မြင့်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်းရှုန်းကား မျက်နှာပျက်နေလျက်က. . .

'အတော်ပဲ သူရောက်လာတာ အတော်ပဲ'

မီးခိုးပြာဝတ်က လှမ်းပြောလာသည်။

'တစ်ဖက်လုံလောက် ဝေးနေပါသေးတယ် သခင်မလေး'

သိပ်မကြာလိုက်ပါ၊ အပြင်ဘက်မှ မြင်းခွာသံ တဖျောင်းဖျောင်းကို ကြားရတော့သည်။

အသံသည် ဝေးရာမှ နီးလာသည်။

'အဆောင်မှူး ယွင်၊ ကျို့ ခေါ်လာတဲ့လူတွေ မနည်းပါလား'

'ဟုတ်ကဲ့ပါ သခင်မလေး၊ ကျွန်တော် အဆင်သင့် ရှိနေပါတယ်'

ယွင်ယန့်ဖေးသည် လက်တစ်ဘက်ကို ဝှေ့ယမ်းလိုက်ပြီး အခန်းတစ်ခုထဲ ဝင်သွားသည်။

မီးခိုးပြာဝတ်လည်း သူ့နောက်သို့ ပြေးလိုက်သွားသည်။

ထိုအချိန်မှာပင် မြင်းခွာသံ တဖျောင်းဖျောင်းကို အနီးကပ်ဆုံး ကြားလာရတော့သည်။

ထို့နောက် ခွာသံများ ဆိတ်ငြိမ်သွားတော့သည်။

စီးမင်းရှုန်းသည် မော်လင်ကို ခေါင်းညိတ်ပြပြီး ချန်ချွန်းယင်းကို လှမ်းပြောသည်။

'ချန်. . . ကျွန်မနဲ့တပါတည်း လိုက်ခဲ့ပါ'

စီးမင်းရှုန်းသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားတော့သည်။

ချန်ချွန်ယင်းလည်း ခရမ်းရောင်ဝတ်နှစ်ဦးကို လက်ယမ်းပြလိုက်ပြီး စီးမင်းရှုန်း နောက်သို့ လိုက်သွားတော့သည်။

မင်ရင်ကြွယ်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်ရပ် နေရာမှ အပြင်ဘက် လှမ်းထွက်လာသည်။

ထို့နောက် တံခါးပေါက်တွင် ရပ်ပြီး လှမ်းကြည့်လိုက်မိသည်။

ဟိုတယ်ရှေ့ လမ်းမကြီးသည် လမ်းဘေးမီးအိမ်အလင်းရောင်ကြောင့် လင်းနေသည်။

ထိုအချိန်မှာပင် မီးခိုးပြာဝတ်နှစ်ယောက်ကို မီးအိမ်များ တစ်လုံးစီ ဆွဲကိုင်ပြီး ထွက်လာသည်ကို တွေ့ရသည်။

ထို့နောက် ဝဲယာခွဲပြီး ရပ်နေသည်ကို တွေ့ရပြန်တော့သည်။

လမ်းမကြီးနှင့် ဟိုတယ်ပတ်ဝန်းကျင်တစ်ခုလုံးတွင် မီးခိုးပြာဝတ်များ ပြည့်နေသည်ကို မင်ရင်ကြွယ် သတိပြုမိနေသည်။

ထိုအချိန်မှာပင် မြင်းစီးသမား ဆယ်ယောက်ကျော်လောက်ကို ဘွားခနဲ တွေ့လိုက်ရတော့သည်။

ရှေ့ဆုံးမှ ခေါင်းဆောင်လာသူကား သတ္တမသူရဲကောင်း ကျို့ကုံးချွင်ပင်ဖြစ်တော့သည်။ ကျို့တုံးချွင်နောက်မှ တပ်ပါလာသူများကား စွန်းပုရှောက်နှင့် မိုးဟိန်းလက် တုံထန်းကားတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်တွင် ကျိုးအိမ်တော်မှ အဆင့်မြင့် သိုင်းသမား ဆယ်ယောက်ကျော်ခန့် ပါလာသည်။

ထို့နောက် အခြားဂိုဏ်းမှ သိုင်းသမား ဆယ်ယောက်ခန့်ကို တွေ့ရပြန်သည်။

ထိုလူများသည် ချောင်ထန်းရဲတိုက်မှ သိုင်းသမားများ ပင်။ ထူးခြားသည်ကား သိုင်းသမားအချို့သည် မြင်းပေါ်၌ မှောက်ခုံကြီး ဖြစ်နေခြင်းတည်း။

ထို့နောက် အဖြူဝတ်နှစ်ဦးနှင့် အဝါဝတ်နှစ်ဦးကို တွေ့ရပြန်သည်။ ယီကျင့်တုန်းနှင့် အခြားအဝါဝတ် ဆယ်ယောက်တို့ကား မြင်းများ၏ကျောပေါ်တွင် အလျားလိုက် ပက်လက်ကြီး ဖြစ်နေကြသည်။

သူတို့ဝတ်ထားသော အင်္ကျီများက စုတ်ပြတ်ကြေမွနေ၏။ ဤတွင်မက သွေးများလည်း စွန်းထင်းပေကျံနေသေးသည်။

မင်ရင်ကြွယ်သည် မြင်ကွင်းကို ငေးကြည့်နေရင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မကြာမီ သူတို့အားလုံး ကိုက်တစ်ရာ အတွင်း ချဉ်းနင်းလာမိသည်။

ကျို့ကုံးချွင်၊ စွန်းပုရှောက်နှင့် တုံထန်းကျတို့ကား သူတို့ ရှေ့ ကိုက်နှစ်ဆယ်ဝန်းကျင်သို့ ရောက်ရှိနေလေပြီ။

မကြာပါ။ ကျို့ကုံးချွင်တို့ မြင်းပေါ်မှ ခုန်ချလိုက်ကြသည်။ ကျို့ကုံးချွင်သည် ဟိုတယ်တံခါးပေါက်ကို စိုက်ကြည့်လာသည်။

သူ့မျက်နှာသည် ဒေါသထွက်နေဟန် ရှိသော်လည်း





ဝမ်းနည်းရိပ်များ လွှမ်းနေသည်။ မျက်လုံးအစုံသည် မင်ရင်ကြွယ်ကိုသာ စိုက်ကြည့်နေသည်။

မင်ရင်ကြွယ်က လက်သီးဆုပ်ဂါရဝပြုပြီး လှမ်းပြောလာသည်။

'သတ္တမသူရဲကောင်း ကျုပ် မင်ရင်ကြွယ်ပါ'

ကျို့ကုံးချွင် မျက်လုံးပြူးသွားသည်။ အလွန်အံ့သြသွားသည့် လက္ခဏာပင်။

'မင် ဟုတ်လား၊ ခင်ဗျားရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာ တယ်ကောင်းပါလား'

ကျို့ကုံးချွင်သည် မင်ရင်ကြွယ်ကို ပြောလိုက်ရာမှ မေးခွန်းကို ဆက်မေးသည်။

'ဒါနဲ့ ဒီမှာ ဘယ်သူ ခေါင်းဆောင်လဲ'

ဘယ်တုန်းက ရောက်လာမှန်းမသိသော စီးမင်ရှန်းက

'ရှင်ပြောချင်တာ ကျွန်မကို ပြောနိုင်ပါတယ်'

ဟု လှမ်းပြောသည်။

ကျို့ကုံးချွင် မျက်မှောင်ကြုတ်သွားတော့သည်။

'ခင်ဗျားက ဘယ်သူလဲ'

'ရှင်က ဘယ်သူ့ကို တွေ့ချင်လို့လဲ'

ကျို့ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'ကျုပ် သဘောပေါက်ပြီ။ တခြားကိစ္စတွေ နောက်မှ ပြောမယ်၊ ကျုပ်မေးချင်တာက ခင်ဗျားနဲ့ ချောင်ထန်းရဲတိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ရန်ငြိုးရှိသလဲ၊ ခုလို အနာတရဖြစ်အောင်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဘာဖြစ်လို့ မောင်းထုတ်ခဲ့တာလဲ၊ ခင်ဗျားတို့လမ်းခုလတ်က စောင့်ပြီး လုပ်ကြံတိုက်ခိုက်လို့ အဆင်မြင့်သိုင်းသမားဆယ်ယောက်မှာ သုံးယောက်ပဲ ကျန်တော့တယ်'

မျှော်လင့်သောစကားကြောင့် စီးမင်းရှန်းရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ မင်းရင်ကြယ်ပင်လျှင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

ထိုစဉ် အနီးတွင် ရှိနေသော ချန်ချွန်းယင်းက လှမ်းပြောသည်။

'မဟုတ်တရုတ် လုပ်ဇာတ်ခင်းပြီး မတရား မစွပ်စွဲပါနဲ့ ကျို့ကုံးချွင်'

ကျို့ကုံးချွင် ပါးစပ်မပိတ်သေးမီမှာပင် စွန်းပုရှောက်က ရှေ့ကို တိုးထွက်လာသည်။

ချန်ချွန်းယင်းကို ရန်လိုသောမျက်နှာထားနှင့် စိုက်ကြည့်သည်။

'ခင်ဗျားက ဘယ်သူလဲ၊ ဘာကြောင့်မို့လို့ ကျို့ကုံးချွင်လို့ တိုက်ရိုက်ခေါ်လိုက်တာလဲ'

'ကျုပ်နာမည် လက်ရှစ်ဘက် ချန်ချွန်းယင်းပါ၊ ခင်ဗျားကကော'

ချန်ချွန်းယင်းက တည်တည်ငြိမ်ငြိမ် ပြန်ပြောသည်။

စွန်းပုရှောက်မျက်နှာ ကွက်ခနဲ ပျက်သွားပြန်သည်။



သို့သော် ဟန်မပျက် ပြန်ပြောသည်။

'ဩော်. . . ခင်ဗျားလည်း ရောက်နေတာကိုး၊ ကျုပ်ကတော့ မျက်နှာအေးနဲ့ ခေတ်ပြိုင်ထင်ရှားခဲ့တဲ့ ပြုံးမျက်နှာ စွန်းပုရှောက်ပဲ'

'ဩော်. . . ဩော်. . . တွေ့ရတာ ဝမ်းသာပါတယ်'

'ဟဲဟဲ. . . ဒီညတော့ ကျုပ်တို့ ပြန်ဆုံကြပြီပေါ့ဗျာ'

'ကောင်းပါတယ်၊ ခင်ဗျားရဲ့ပညာကို တွေ့မြင်ခွင့် ရတာပေါ့'

ချန်ချွန်းယင်းက အေးစက်စက် ပြန်ပြောသည်။

စွန်းပုရှောက် စိတ်မြန်လွန်းသည်။ ကျို့ကုံးချွင်က အလျင်အမြန် ဟန့်တားသည်။

'စွန်းပုရှောက်၊ ခေါင်းအေးအေးထားပြီး ကျုပ် နောက်မှာ နေပါ'

စွန်းပုရှောက် ကိုယ်ရှိန်သတ်ပြီး ဂါရဝပြု နောက်ဆုတ်သွားသည်။

ထိုအခါကျမှ ကျို့ကုံးချွင်က လှမ်းပြောသည်။

'မဟုတ်မဟတ် လုပ်ဇာတ်လား၊ ဒီလိုဆိုရင် ကျုပ်ကို ရှင်းစမ်းပါ'

စီးမင်းရှန်းက ဘာမျှမပြောဘဲ ကျို့ကုံးချွင်ကိုသာ စိုက်ကြည့်နေသည်။

ကျို့ကုံးချွင်က ခေါင်းတညိတ်ညိတ်လုပ်ပြီး ဆက်ပြောလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

'ကျုပ်ဟာ ဘာကိုပဲလုပ်လုပ် သက်ဆိုင်သူနဲ့သာ ဖြေရှင်းလေ့ရှိပါတယ်၊ ဒါဟာ ကျုပ်ရဲ့ သန့်ရှင်းတဲ့လုပ်ရပ်ပဲ၊ ညီလေးပိုင်ရှေ့ကို ထုတ်လာစမ်းပါ'

ကျို့ကုံးချွင်၏စကားကြောင့် နောက်တွင် ရပ်နေသော အကျီဖြူတစ်ယောက်သည် အကျီဝါနှစ်ယောက်ကို ခေါ်ပြီး ရှေ့တို ထွက်လာသည်။

သူတို့၏မျက်နှာတွင် မကျေမနပ်ဖြစ်မှုနှင့် ဒေါသရိပ်များ လွှမ်းနေသည်။

ကျို့ကုံးချွင်က အဖြူဝတ်ကို လက်ညှိုးထိုးပြီး ပြောသည်။

'သူကတော့ ချောင်ထန်းရဲတိုက်ရဲ့ သစ္စာရှိ တတိယ ညီတော် ပိုင်ဝန်လျှန့်ပါ၊ သူ့ကို နေ့ဘက်မှာ မြင်ဖူးပါသလား'

စီးမင်ရှန်းက ခေါင်းညိတ်ပြီး ဖြေသည်။

'ဟုတ်ကဲ့၊ ကျွန်မ မြင်ဖူးပါတယ်'

ကျို့ကုံးချွင်တ ပိုင်ဝန်လျှန့်ကို ထပ်မေးသည်။

'ညီလေးပိုင်၊ မင်းတို့ကို ဘယ်သူ အကြမ်းဖက်ခဲ့တာလဲ'

ပိုင်ဝန်လျှန့်က ချန်ချွန်ယင်းနှင့် ယွင်ယန့်ဖေးကို လက်ညှိုးထိုးပြသည်။

'သူတို့နှစ်ယောက်ခေါင်းဆောင်တဲ့ သိုင်းသမား နှစ်ဆယ်ကျော်ပါ'

ချန်ချွန်းယင်းတော ယွင့်ယန့်ဖေးပါ မျက်နှာ ပျက်သွား





တော့သည်။

သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး တုံ့ပြန်ပြောရန် ဟန်ပြင်လိုက်သည်။

စီးမင်းရှန်းက လက်တာပြပြီး. . .

'သူတို့ စကားတွေကို ဆုံးအောင် နားထောင်လိုက်ပါဦး ချန်'

'ဟုတ်ကဲ့ပါ သခင်မလေး'

ချန်ချွင်းယင်းက ဂါရဝပြုပြီး ငြိမ်နေလိုက်တော့သည်။

ပိုင်ဝန်လျှန့် အသံ ပိုပြီး မာလာသည်။

'ကျုပ်မှာ ထူးထူးထွေထွေ ပြောနေစရာ ဘာမှ မရှိဘူး၊ သူတို့နှစ်ယောက် ကျုပ်တို့ဆီ ရောက်လာပြီး ဘာမှမပြောဘဲ တိုက်ခိုက်ကြတာပဲ'

'ရှင့်စကား ကုန်ပြီလား'

'ဟုတ်ကဲ့ ကုန်ပါပြီ'

'ရှင့်ကိုကြည့် ရတာကတော့ လုပ်ဇာတ်ခင်းနေတယ်လို့ ကျွန်မ မထင်ပါဘူး၊ သွားပုပ်လေလွင့် ပြောပြီး၊ မတရား လာပြောတယ်လို့လဲ မယူဆပါဘူး၊ ဒါပေမယ့် ခုနလေးကတင် ထွက်သွားကြတဲ့ လူနှစ်ယောက်နဲ့ အုပ်စုဟာ ရှင်တို့ လုံးဝမဟုတ်ဘူး'

'ကျုပ်သာ ခင်ဗျားနေရာမှ နေရရင် ဒီလိုပဲ ပြောမိမှာပဲ'

'ဟင်းဟင်း. . . ကျွန်မက ကျွန်မလူတွေဘက်က လိုက်ပြောနေတာ မဟုတ်ပါဘူး၊ တကယ်လို့ ရှင့်ကို သတ်ချင်တဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရင် လုံးဝ ပြန်လွှတ်လိုက်မှာ မဟုတ်ပါဘူး၊ ကျွန်မဟာ ရှင့်ကို အချိန်မရွေး သတ်နိုင်တဲ့မိန်းမပါ'

ပိုင်ဝန်လျှန့်သည် အလွန်ဝမ်းနည်းနေဟန်နှင့် သူမကိုသာ စိုက်ကြည့်နေတော့သည်။

ကျို့ကုံးချွင်က . . .

'ခင်ဗျားပြောတာ ကျုပ် ယုံပါတယ်၊ ခင်ဗျားဟာ ဘာမဆို လုပ်လို့ရနေတဲ့သူပဲ၊ ခင်ဗျားကိုယ်တိုင် မလိုက်တောင် လူလွှတ်ပြီး သတ်ခိုင်းရင် တိုက်ခိုက်ရင်လည်း ရတာပဲ၊ ခင်ဗျား ဘာတွေပဲ ပြောနေနေ သူတို့သုံးယောက်ကတော့ ဒဏ်ရာဗရပွနဲ့ ရွှေ့ကို ရောက်နေတာတော့ အမှန်ပဲ၊ ဒါဟာ မှားနိုင်တဲ့အချက် မဟုတ်နိုင်ဘူး'

ရှင်ဘယ်လိုပဲပြောပြော ကျွန်မတို့ဟာ ဒီမြို့က တစ်လက်မမှ မခွာရသေးပါဘူးရှင်၊ သူတို့နှစ်ယောက်လည်း ဒီအတိုင်းပါပဲ'

ကျို့ကုံးချွင်က မခိုးမခန့် ပြုံးပြီး ဟက်ခနဲ ရယ်လိုက်သည်။

'ခုနက ကျုပ်ညီပြောတဲ့စကားဟာ အင်မတန်ကောင်းတဲ့စကားပဲ၊ သူသာ ခင်ဗျားနေရာမှာ ရှိနေရင် အဲဒီလို ပြောမိမှာပဲတဲ့ . . . ဟဲဟဲ၊ ခင်ဗျားပြောသလို ခင်ဗျားလူတွေ ဒီနေရာက တစ်လက်မမှ မခွာသေးဘူးဆိုရင် ကျုပ်မိတ်ဆွေတွေဟာ သူတို့ကိုယ်သူတို့ သတ်သေကြတာပေါ့ ဟုတ်လား'

စီးမင်းရှန်း မျက်နှာ မပျက်ပါ၊ ခပ်အေးအေးပင် ပြန်ပြောသည်။

'အခြားလူတွေရဲ့ ချောက်တွန်းမှု အတွက်ဆင်မှုသာ



ဖြစ်ပါလိမ့်မယ်ရှင်'

'ဩော် . . . ကာယကံရှင်သုံးယောက် သက်သေ ရှိနေတာ တောင် ငြင်းကွယ်နေကြသေးတာကိုး'

ကျို့ကုံးချွင်စကားကြောင့် စီးမင်ရှန်း မျက်လုံးအရောင် တောက်လာသည်။

ထိုအချိန်မှာပင် မင်ရင်ကြယ်က ရှေ့ကို တစ်လှမ်း တိုးလာတော့သည်။

'ကျုပ်ကို စကားပြောခွင့်ပြုပါ သတ္တမသူရဲကောင်း'

မင်ရင်ကြယ်၏ လေးလေးစားစား တောင်းဆိုမှုကို ကျို့ကုံး ချွင်က လက်ခံလိုက်သည်။

'ပြောပါ မင်၊ ကျုပ် နားထောင်နေပါတယ်'

'ကျေးဇူးတင်ပါတယ် သတ္တမသူရဲကောင်း'

မင်ရင်ကြယ်သည် ကျို့ကုံးချွင်ကို ဂါရဝပြုပြီးသည်နှင့် ပိုင်ဝန်လျှန့်ကို လှမ်းကြည့်သည်။

'ကျုပ်တို့ မှတ်မိပါသလား သူရဲကောင်းပိုင်'

'မှတ်မိပါတယ်၊ လှမ်းမှာ တွေ့ခဲ့သူပါ'

'ကျုပ် မေးပါရစေ၊ ခင်ဗျားနဲ့သူတို့ တိုက်ခိုက်ခဲ့ကြရ တာဟာ ကျုပ်နဲ့ မတွေ့ခင်ကလား၊ တွေ့ပြီးမှလားဆိုတာ အမှန် အတိုင်းဖြေပါ'

ပိုင်ဝန်လျှန့်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'မိတ်ဆွေက ဘာဖြစ်လို့ အပိုတွေ မေးနေတာလဲ၊ ခင်ဗျားနဲ့ ကျုပ်တို့ လမ်းမှာဆုံခဲ့တာ အထင်အရှားပဲ၊ ဒီတုန်းက ကျုပ်တို့တွေ အားလုံး ပုံမပျက် ပန်းမပျက် အကောင်းပကတိချည်းပဲဥစ္စာ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနဲ့ ကျုပ်တို့ရဲ့ ဒုတိယ အစ်ကိုကြီးတောင် စကားပြောခဲ့သေးတာပဲ'

'ဟုတ်ပါတယ်၊ ဒါအမှန်ပါပဲ၊ ဒါပေမယ့် ကျုပ်ပြောတာကို ဆုံးအောင် နားထောင်ပါပိုင်၊ ကျုပ်ဟာ ခင်ဗျားတို့နဲ့ တွေ့ပြီးတာနဲ့ ကိုယ်ဖျောက်ပညာကို အစွမ်းကုန်သုံးပြီး လမ်းခွဲခဲ့တယ်၊ မကြာခင်မှာပဲ ဒီမြို့ကို ရောက်တယ်၊ ချက်ချင်းပဲ ယွင်နဲ့ တွေ့ခဲ့တယ်၊ ဒီအဖြစ်ကို တခြားလူတွေ မသိတာတော့ အမှန်ပဲ'

'မိတ်တွေ ဆိုလိုတာက'

'ယွင်ယန့်ဖေးတို့ ဒီမြို့က လုံးဝ မထွက်ခွာခဲ့ဘူးဆိုတာကို သက်သေပြတာပါ ပိုင်'

'ဒီလူတွေက ခင်ဗျားတို့ထက်ဦးအောင် ဒီနေရာကို ရောက်နေခဲ့တယ် ဆိုရင်ကော'

'အင်း. . . တခြားလူတွေကိုတော့ ကျုပ်မပြောဘူး၊ ယွင်ယန့်ဖေးလိုလူတွေကတော့ ကျုပ်ထက် အချိန်စောပြီး ထွက်သွားလည်း ကျုပ်ကို လွတ်အောင် မပြေးနိုင်ဘူး၊ အတိအကျပြောရရင် ကိုက်တစ်ထောင်လောက် ကျော်ပြေးနေလဲ ကျုပ်ကို လွတ်အောင် မပြေးနိုင်ဘူး'

ကျို့တုံးချွင်က မျက်ခုံးနှစ်ဘက်ကို မြှင့်တင်လိုက်ပြီး လှမ်းပြောလာသည်။

'ဟုတ်ပါတယ် မင်၊ ကျုပ် မင်ရဲ့ သိုင်းပညာနဲ့ ကိုယ်ဖျောက်ပညာကို ယုံကြည်မှု ရှိပါတယ်၊ ခင်ဗျားဟာ ထင်ရှားကျော်စောမှုကို ထုတ်မပြတဲ့ ရွက်ပုန်းသီး ပညာရှင်ပါပဲ'

'ဒီလောက်လဲ မချီးကျူးပါနဲ့လေ'



မင်ရင်ကြွယ်က ပြုံးပြီးဖြေသည်။

ပိုင်ဝန်လျှန့်က မကျေမနပ်ဟန်နှင့် -

'ကျုပ်က ခင်ဗျားပြောတာ ဟုတ်၊ မဟုတ် ဘယ်လို ယုံကြည်ရမှာလဲ'

'ကျုပ်ဟာ ကျုပ်ဘဝတစ်သက်တာမှာ တစ်ကြိမ်တစ်ခါမှ လိမ်မပြောဖူးဘူး ပိုင်၊ ကျုပ်အသက်ကို ပေးရတော့မယ့်အချိန်မှာတောင် လိမ်ညာခြင်း မရှိခဲ့ဘူး'

'ခုပြဿနာက စကားလေး လေးငါးခွန်းနဲ့ ဖြေရှင်းလို့ရတဲ့ပြဿနာ မဟုတ်ပါဘူး မိတ်ဆွေ'

'ကျုပ်က ခင်ဗျားကို အခမဲ့ မယုံခိုင်းဘူးပိုင်၊ ကျုပ်ဟာ ကြားလူပါ၊ ကျုပ်ကို ဘယ်သူမှ အသုံးချလို့ မရသလို ကျုပ်ကလဲ ဘယ်သူ့ အသုံးချတာကိုမှ ခံတာ မဟုတ်ပါဘူး၊ ကျုပ်သဘောတ ဘက်နှစ်ဘက် အထင်လွဲ အမြင်လွဲ မဖြစ်စေချင်တာပဲ၊ ကျုပ်ဟာ အမှန်တရားဘက်က အမြဲ ရပ်တည်နေတဲ့လူပါ'

'ဒါက ခင်ဗျားကိုယ်ခင်ဗျား ပြောနေတဲ့ စကားပဲ၊ ကျုပ်က သူတို့နှစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ပြီး တိုက်ခိုက်ရတဲ့လူဗျ'

ပိုင်ဝန်လျှန့်၏အသံသည် ဒေါသကြောင့် မိုးခြိမ်းသံလို မြည်ဟိန်းသွားသည်။

မင်ရင်ကြွယ်ကား သွေးအေးနေဆဲပင်။

'ခင်ဗျားဒေါသကို ကျုပ် စာနာမိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ တိုက်ခိုက်ခဲ့ရတဲ့ လူတွေဟာ တခြားဂိုဏ်းအဖွဲ့တစ်ခုခုက ရုပ်ဖျက်ပြီး တိုက်တာ ဖြစ်နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဝန်လျှန့်မျက်နှာ ရှုံ့မဲ့သွားသည်။

'ဘာပဲဖြစ်ဖြစ် ကျုပ်ထ ကျုပ်လူတွေကို အကြောင်း သေခိုင်းပါမလား မင်း၊ ခင်ဗျားက ဖြစ်နိုင်တယ် ဆိုတာနဲ့ ကျုပ်တို့က လိုက်ဖြစ်ရတော့မှာလား'

မင်ရင်ကြွယ်သည် မျက်မှောင်ကြုတ်နေရာမှ ကျို့ကုံးချင်ကို လှမ်းကြည့်လိုက်သည်။

ကျို့ကုံးချင်က ခပ်ပေါ့ပေါ့ လေသံနှင့် ပြောလာသည်။

'ကျုပ်ရဲ့ မဟာမိတ်ညီတော်ပိုင်က ကိုယ်တွေ့ ကြုံခဲ့ရသူ မင်း၊ သူကိုယ်တိုင် မြင်ခဲ့ တွေ့ခဲ့ ရင်ဆိုင်ခဲ့ရတဲ့ကိစ္စကို လမ်းကြောင်း ပြောင်းပစ်လို့ မရနိုင်ပါဘူး၊ သက်သေလည်း သုံးယောက်တောင် ရှိနေပါတယ်၊ ဒီတော့ မင့်အနေနဲ့ သည်းခံနေစေချင်ပါတယ်'

မင်ရင်ကြွယ် နားလည်လိုက်သည်။

ကျို့ကုံးချင်သည် မိမိကို ယုံကြည်သူ မဟုတ်ချေ။

◀◀ ▶▶





**အခန်း (၄၁)**

**စကား ဝက်ပါ**

မင်ရင်ကြွယ် ရယ်သွမ်းသွေးလိုက်သည်။ မျက်ခုံးနှစ်ခုကို နဖူးပေါ် မြှင့်တင်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကျုပ်ကိုလဲ ပြောနိုင်ပါတယ် သတ္တမသူရဲကောင်း၊ ကြားလူ ဆိုပေမယ့်. .'

ပိုင်ဝန်လျှန့်က ဖြတ်မေးသည်။

'ခင်ဗျားက ဘာလုပ်ချင်လို့လဲ'

မင်ရင်ကြွယ်သည် ပိုင်ဝန်လျှန့်ကို စူးစူးရဲရဲကြီး စိုက်ကြည့်တော့သည်။

'ပိုင်ဝန်လျှန့် ကျုပ်ပြောခဲ့တဲ့ စကားတွေကို မှတ်မိနေသေးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ ဝန်ရင်မော်ကို ကယ်တင်ခဲ့တဲ့ကိစ္စလား'

'ဟုတ်တယ်'

'မင်ကိုယ်တိုင် ဝန်ရင်မော်ကို ကယ်တင်နိုင်ခဲ့ပါသလား'

'မကယ်တင်နိုင်ခဲ့ပါဘူး၊ ကြိုးစားချက်သာ ရှိခဲ့တာ၊ ဒါက လည်း ကိစ္စတစ်ခုကြောင့် လွဲချော်ခဲ့ရတာပဲ'

'လက်ခံပါတယ်၊ ကျုပ်တို့က မင်ဟာ ဝန်ရင်မော်ကို ကယ်တင်သူလို့ အထင်ကြီး လေးစားခဲ့ပါတယ်၊ အောင်တာ မအောင်တာ မစဉ်းစားဘဲ သူရဲကောင်းလို့ ယူဆခဲ့ပါတယ်၊ အမှန် ဘက်တော်သား လို့လည်း သဘောထားခဲ့ပါတယ်၊ ခုတော့ မင်ကို ကျုပ် နားမလည်တော့ဘူး'

'ခင်ဗျား နားမလည်တာကို ရှင်းဖို့ကိစ္စဟာ ခက်ခဲတဲ ကိစ္စ မဟုတ်ဝါဘူး၊ ဘာဖြစ်လို့လည်းဆိုတော ဝန်ရင်မော်ဟာ အတု ဖြစ်နေလို့ပဲ၊ ကျို့လည်း ဒါကို သိပြီးလောက်ပါပြီ၊ သိထားပြီးသား ဆိုရင် ပိုမှန်ပါလိမ့်မယ်'

ဤတွင်၊ ကျို့ကုံးချွင်က ဝင်ပြောတော့သည်။

'မင် ပြောသလို ဖြစ်ခဲ့တာ အမှန်ပဲ၊ ကျုပ်မှာ သက်သေ အထောက်အထား ရှိပါတယ်'

ပိုင်ဝန်လျှန့်က အထိတ်တလန့် ဝင်မေးသည်။

'ဘယ်လိုကိစ္စမျိုးလဲ ကျို'

ကျို့ကုံးချွင်က စီးမင်ရှန်းကို ကြည့်ပြီး ပြောတော့သည်။

'မိန်းကလေးတို့ကလွဲရင် ဘယ်သူ့ကိုမှ စဉ်းစားလို့ မရဝါဘူး ဟဲဟဲ'



စီးမင်ရှန်း မျက်နှာ မပျက်ပါ။ တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောသည်။

'ဟောဒီမှာ ရပ်နေတဲ့ မင်ကလည်း ကျွန်မတို့ကို အထင် လွဲခဲ့တာပါပဲ၊ ရှင်းအောင် ပြောရရင် ကျို့အိမ်တော်ကို မီးတိုက်သူ ဟာ ကျွန်မတို့တဲ့၊ ဒါပေမယ့် တစ်ခဏအတွင်းမှာပဲ ကျွန်မတို့ လက်ချက် မဟုတ်ဘူးလို့ ယုံကြည်သွားပါတယ်၊ လောလောဆယ် မှာတော့ ရှာမရသေးတဲ့ တစ်စုံတစ်ယောက်၊ တစ်ဂိုဏ်းတစ်ဖွဲ့လို့ ယူဆနေပါပြီ'

'ဟားဟား. . . မင်ရင်ကြွယ်ဟာ မင်ရင်ကြွယ်၊ ကျို့ကုံး ချွင်ဟာ ကျို့ကုံးချွင်၊ တစ်ခြားစီပါ မိန်းကလေး၊ ဘာမှ မဆိုင်ပါဘူး၊ သူ ယုံတိုင်း ကျုပ်က လိုက်ယုံနေရမှာလား ဟား ဟားဟား. . .'

ကျို့ကုံးချွင်က သရော်သံနှင့် အော်ရယ်တော့သည်။

မင်ရင်ကြွယ်က 'သတ္တမသူရဲကောင်း'ဟု ခပ်ဆတ်ဆတ် အော်ခေါ်လိုက်သည်။

ကျို့ကုံးချွင်က . . .

'မင်ရင်ကြွယ်က မိန်းကလေးကို အကာအကွယ်ပေးတဲ့ စကားတွေ ပြောတော့မယ်ထင်တယ်'

မင်ရင်ကြွယ်က ကျို့ကုံးချွင်၏ခနဲ့စကားကို ဂရုမစိုက်ချေ။

'စီးမင်ပြောတာတွေက အမှန်တွေပါ၊ ကျုပ်ပြောမြချင် ပါတယ်၊ ခင်ဗျား နားထောင်မလား'

'ကြိုက်သလိုပြောပါ၊ အချိန်တွေ အများကြီး ရှိပါသေး တယ်'

www.burmeseclassic.com



ကျို့ကုံးချွင်က ထေ့ပြန်သည်။

မင်ရင်ကြွယ်သည် ဤအချက်ကို လုံးဝ ဂရုမစိုက်ချေ။ စိုးမင်းရှန်းပြောပြခဲ့သည့် စကားများကိုသာ တစ်လုံးချင်း အစအဆုံး ပြောပြတော့သည်။

ကျို့ကုံးချွင်သည် မင်ရင်ကြွယ်စကားကို နားထောင်ပြီးသည်နှင့် စိုးမင်ရှန်းကို လှမ်းကြည့်ပြီး သူ့အမြင်ကို ပြောတော့သည်။

"မိန်းကလေးပြောခဲ့တာတွေဟာ သဘောတရားအရတော့ မှန်ကန်တယ်လို့ ယူဆနိုင်ပါတယ်၊ မိန်းကလေးတို့လူစုဟာ ဝန်ရင်မော်ရဲ့ဇနီး မေမုန့်ချူးလောက် အစွမ်းမထက်ဘူးဆိုတာလည်း အမှန်ပဲ၊ ဒါပေမယ့် မင်ရင်ကြွယ်ကတော့ ဒီစကားတို့ အတည်လို့ တာဝန်ယူနိုင်မလား၊ သူတို့ဂိုဏ်းအဖွဲ့ မဟုတ်ဘူးဆိုရင်တောင် သူတို့နောက်က ခြံရံနေတဲ့ အဆင်မြင့် သိုင်းပညာရှင်တွေချည်း စုစည်းထားတဲ့ လျှို့ဝှက်ဂိုဏ်းတော့ မဖြစ်နိုင်ဘူးလား မင်'

ကြားရသောစကားကြောင့် မင်ရင်ကြွယ် ငိုင်သွားသည်။ သို့သော် . . . ချက်ချင်း ပြန်ဖြေလိုက်နိုင်သည်။

'စိုးမင် ညာမပြောဘူးလို့ ကျုပ် ယုံကြည်တယ်ဗျာ'

စိုးမင်ရှန်းသည် မင်ရင်ကြွယ်ကို ကျေးဇူးတင်သော မျက်လုံးများနှင့် လှမ်းကြည့်လာသည်။

ကျို့ကုံးချွင်ကား သဘောထား မပြောင်း၊ မူလလေသံမျိုးနှင့်သာ. . .

---



'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ခင်ဗျား၊ ကျုပ်ဟာကျုပ်ပဲ၊ ခင်ဗျားယုံတိုင်း ကျုပ် မယုံနိုင်ဘူး'

ဤတွင် ပိုင်ဝန်လျှန့်က အောက်တန်းကျသောစကားနှင့် စကားနာ ထိုးလာသည်။

'အံ့ပါရဲ့ဗျာ၊ ဒီမိန်းမချောက မင့်ကို ဘယ်ပုံဘယ်နည်းနဲ့ ယုံအောင်လုပ်လိုက်လေသလဲဗျာ၊ ဟဲဟဲ. . .'

စိုးမင်ရှန်းသည် ရှက်သွေးတက်ပြီး မျက်နှာတစ်ပြင်လုံး နီရဲလာတော့သည်။

'ရှင် ဘာစကားပြောတာလဲ'

ပိုင်ဝန်လျှန့်က ရယ်သွမ်းသွေးသည်။

'ဒါတော့ ခင်ဗျားကိုယ်ခင်ဗျား မေးကြည့်လိုက်တော့ဗျာ'

မင်ရင်ကြွယ် ငြိမ်နေ၍ မဖြစ်တော့၊ ပိုင်ဝန်လျှန့်ကို ရှုရှာစွာ စိုက်ကြည့်လိုက်သည်။

'ပိုင် ခင်ဗျားစကားဟာ တော်တော်အောက်တန်းကျတဲ့ စကားပဲ၊ ခင်ဗျားရဲ့ပါးစပ် စည်းကမ်းမဲ့မှုကြောင့် ချောင်ထန်းရဲတိုက်သိက္ခာကို ချမပစ်ချင်ပါနဲ့၊ ကိုယ့်သိက္ခာလည်း ကိုယ်ထိန်းစမ်းပါ'

'ဟဲဟဲဟဲ. . . ဒါ ပြဿနာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားဟာ ဝန်ရင်မော်ကို ကျေးဇူးကြီးသူလို့ မကြာခဏ ပြောခဲ့သူပါ၊ ဒီအချက်ကို ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် မေ့မထားစမ်းပါနဲ့'

ပိုင်ဝန်လျှန့်က ပညာပါပါပြောလာသည်။

မင်ရင်ကြွယ် သဘောပေါက်သည်။

ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဟာ ကျေးဇူးတရားကို ဦးထိပ်ပန်ဆင်တတ်သူပါ ပိုင်၊ ကျုပ်နဲ့ ဝန်ရင်မော် မိတ်ဆွေဖြစ်မှုဟာ ကျိုနဲ့ ဝန်ရင်မော် မိတ်ဆွေဖြစ်မှုထက် မပေါ့ပါဘူး၊ လေးနက်မှု ကြီးမားပါတယ်'

'ဒါကြောင့် နားလည်ရ ခက်နေတာပေါ့ မင်'

'မခက်ပါဘူး ပိုင်၊ ကျုပ်ဟာ အမှန်တရားရဲ့ သစ္စာဘက်တော်သားပါ'

'ဒါကတော့ အမှန် ဟုတ်၊မဟုတ် ခင်ဗျား တစ်ယောက်တည်း သိတဲ့ကိစ္စပါ'

'ဟဲဟဲ... ကျုပ်ကလည်း ခင်ဗျား သိကွာကျမှာကို မစိုးရိမ်တော့ဘူးပေါ့ဗျာ'

မင်ရင်ကြွယ်က အပြတ်ပြောတော့သည်။

ပိုင်ဝန်လျှန့်ကား မဲ့ရွဲ့နေတုန်းပင်။

'ဘာပဲပြောပြော အရေးထူးရင် ခင်ဗျားလို ပြောတတ်ကြမှာချည်းပါပဲ'

အနတ်ဝတ်လူငယ်မော်လင်သည် သည်းခံနိုင်စွမ်း မရှိတော့ချေ။ ထို့ကြောင့် ရုတ်တရက် ဝင်တိုက်ရန် သိုင်းကွက်နင်းတော့သည်။

စီးမင်ရှန်း မြန်ပါသည်။

မော်လင်ကို လုံးဝ မလှုပ်နိုင်အောင် တားဆားလိုက်သည်။

'မော်လင် ငြိမ်ငြိမ်နေ၊ ဒါ ငါ့ပြဿနာ၊ ဒီနေရာမှာ မင်းကို အတုယူပါ'





စီးမင်ရှန်းက ရရှိနေသော အခြေအနေကို ထန်းဘိုးရှိစွာ အသုံးချသည်။

မော်လင် ငြိမ်သွားသည်။

ပိုင်ဝန်လျှန့်ကား သဘောကျစွာ အော်ဟစ်ရယ်တော့သည်။

'ဟားဟား... လက်စသတ်တော့ နှစ်ကိုယ်တူ ကြည်ဖြူပြီးသူတွေနဲ့ လာတွေ့နေတာကိုး ... ဟားဟား'

'ဟေ့ကောင်... မင်း သိပ်သေချင်နေပြီလား'

ချန်ချွန်းယင်း၏ အသံ ဟိန်းထွက်လာသည်။

ပိုင်ဝန်လျှန့်သည် အခြေအနေကို ဂရုစိုက်ခြင်း မရှိချေ။

'အပိုတွေ ပြောမနေပါနဲ့ဗျာ၊ ကျုပ်ကို နှုတ်ပိတ်ဖို့ ကြိုးစားခဲ့တာတွေ ပျက်စီးသွားပြီ၊ နောက်ထပ်ကြိုးစားလို့လည်း မရတော့ပါဘူး... ဟားဟား'

ချန်ချွန်းယင်း၏မျက်နှာသည် လူသတ်လိုသည့် ဖရိုဓလက္ခဏာများ လွှမ်းလာသည်။

စီးမင်ရှန်း၏ မျက်နှာသည် တင်းမာခက်ထန်လာသည်။

'ပိုင်ဝန်လျှန့်... ကျွန်မဟာ သာမန်မိန်းကလေး တစ်ယောက် မဟုတ်ဘူးဆိုတာ ရှင်နားလည်ထားစမ်းပါ၊ ရှင်လို ပါးစပ်သရမ်းသတဲ့လူမျိုး ချောင်ထန်းရဲတိုက်မှာ ရှိနေတာဟာ စိတ်ပျက်စရာကောင်းတဲ့အချက်ပဲ၊ ရှင်လိုလူမျိုးကို လက်တွဲနေတဲ့ လူတွေကိုလည်း အံ့ဩလို့ မဆုံးပါဘူး'

ပိုင်ဝန်လျှန့်သည် တစ်စုံတရာပြောရန် ပါးစပ်လှုပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ကျို့ကုံးချွင်သည် ခုမှ လတ်တာပြလာသည်။

'တော်လောက်ပြီ ပိုင်၊ ပါးစပ်နဲ့ ရှင်းနေလို့ ထွက်သွားတဲ့သွေး အစားပြန်မရနိုင်ပါဘူး၊ ဒီမြေကြီးရဲ့ မြေကွက်လပ်မှာ သူတို့နှစ်ယောက်နဲ့ကျုပ် စာရင်းရှင်းရတော့မယ်'

'ရှင် တကယ်ပြောနေတာလား ကျို့ကုံးချွင်'

'အရေးကြီးတဲ့ကိစ္စကို ကလေးကစားသလို မလုပ်တတ်ပါဘူး မိန်းကလေး'

'ရှင် အလကားပဲ၊ အဖြူနဲ့အမည်း၊ အမှန်နဲ့အမှားကို ခွဲခြားတတ်သူ မဟုတ်ဘူး'

'ဟားဟား . . . ကျုပ်ဟာ အမှန်အမှား မခွဲတတ်ဘူး၊ အဖြူအမည်း မသိသူ ဟုတ်၊ မဟုတ် သိုင်းလောကတစ်ခုလုံး မေးကြည့်စမ်းပါ မိန်းကလေး၊ ကျုပ်ဘဝမှာ မတရားတာ မမှတ်တာ တစ်ခါမှ မလုပ်ဖူးဘူး၊ အဲဒီအတိုင်းပဲ၊ လူဆိုးလူယုတ်တွေကိုလည်း တစ်ယောက်မှ အလစ်မပေးခဲ့ဖူးဘူး၊ ရှင်းပြီလား'

စီးမင်းရှန်း နှုတ်ခမ်းတလှုပ်လှုပ် ဖြစ်နေစဉ်မှာပင် ကျို့ကုံးချွင်က လက်ကာပြလာသည်။

'မိန်းကလေး ပါးစပ် အမြုပ်ထွက်အောင်ပြောလည်း ကျုပ်မယုံဘူး'

စီးမင်းရှန်းသည် စိန်ခေါ်ရန် ဟန်ပြင်မိတော့သည်။ ထိုအချိန်မှာပင် မင်းရင်ကြွယ်က ဝင်ပြောလာပြန်သည်။

'သတ္တမသူရဲကောင်းကျို့ကုံးချွင်၊ ကျုပ် ခင်ဗျားရဲ့ ဂုဏ်သိက္ခာကို လေးစားပါတယ်၊ ဒါကြောင့် သတ္တမသူရဲကောင်းရဲ့



တို့ပြန်လိုတဲ့ စိတ်ဆန္ဒဟာ ဆန္ဒစောမှု ဖြစ်နေတယ်လို့ သတိပေးပါရစေ၊ ပြဿနာတစ်ရပ်ကို သဲသဲကွဲကွဲ ထင်ထင်ရှားရှား မတွေ့ရမြင်ရသေးခင် သိုင်းပညာသုံးဖို့ စိတ်ကူးတာဟာ သင့်လျော်တဲ့ကိစ္စမဟုတ်ပါဘူး'

'ဘာလဲ ၊ ခင်ဗျားက လက်ဝင်လျှိုချင်လို့လား'

'ကျုပ် မဝင်ရဲပါဘူးဗျာ'

မင်းရင်ကြွယ် အရှည်တွေးပြီး နှိမ့်ချသည်။

ကျို့ကုံးချွင်သည် ဒွတ်တိုးရန် ကြိုးစားလာလေပြီ။

'ဒီမယ် မင်းရင်ကြွယ်၊ ခုကိစ္စဟာ ကျုပ်နဲ့သူတို့ ရှင်းရမယ့်ကိစ္စ၊ အထူးသဖြင့် ကျုပ်ရဲ့အထူးကိစ္စ၊ ဒီတော့ ခင်ဗျား နောက်ဆုတ်နေပါ'

မင်းရင်ကြွယ်ခေါင်းတွေ ပူလာတော့သည်။ နောက်ဆုတ်ရမည်လား၊ ရှေ့တိုးရမည်လား မဝေခွဲနိုင်အောင် ဖြစ်နေသည်။

တစ်ဘက်သည် သိုင်းလောက၌ အလှဆုံးဘွဲ့ရ နေပြည်တော် မျက်နှာမိန်းမချော၊ တစ်ဘက်သည် ဝန်ရင်မော်၏ မဟာမိတ်ဟောင်းအစ်ကို တော်။

မိမိသည် မည်သူ့ဘက်မှ ရပ်ရတော့မည်နည်း။

အခြေအနေသည် လက်ပိုက်နေ၍ ရသည့် အခြေအနေ မဟုတ်ချေ။

မင်းရင်ကြွယ် တွေဝေနေချိန်မှာပင် စီးမင်းရှန်းအသံ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူရဲကောင်း မင်း၊ ကျေးဇူးပြုပြီး နောက်ဆုတ်ပေးလိုက်ပါ။ ကျို့ဆန္ဒအတိုင်း လုပ်တာ ကောင်းပါတယ်'

မင်ရင်ကြွယ် ခေါင်းမော့လာသည်။

'ကောင်းပြီ၊ ကျုပ် ဘယ်သူ့ကိုမှ ဝင်မကူဘူး'

'ကောင်းပါတယ်ရှင်'

စီးမင်ရှန်းသည် မင်ရင်ကြွယ်ကို ပြောပြီးသည်နှင့် ကျို့ကုံးချွင်ဘက် လှည့်သွားသည်။

'ကျို့ကုံးချွင်၊ ကျွန်မ အပိုတွေ ပြောမနေတော့ဘူး၊ ရှင်ကြိုက်သလိုသာ လုပ်လိုက်ပါ'

အသံသည် မာပြီး ထန်လာသည်။ စူးစူးရဲရဲရှိသည်။

ကျို့ကုံးချွင်သည် သူမကို စိုက်ကြည့်လာသည်။

'ကောင်းပြီ၊ ခင်ဗျားရဲ့ ဇာစ်မြစ်ကို အရင်ပြောပါ'

'ဟင်းဟင်း. . . နောက်မှ မေးလို့ကော မဖြစ်ဘူးလား'

'ဟုတ်သားပဲ'

ကျို့ကုံးချွင်၏ မျက်နှာသည် ကြောက်မက်ဖွယ် တင်းမာလာသည်။

ထို့နောက် ဒေါသသံပါ ထွက်လာသည်။

'စွန်းပုရှောက်ကော ထုံထန်းကျပါ အသင့်ပြင်လိုက်ကြပေပြီ။'

'တစ်ယောက်မှ မလှုပ်နဲ့'

မင်ရင်ကြွယ်အသံ ဟိန်းသွားသည်။

အားလုံးအံ့အားသင့်နေသည်။





မင်ရင်ကြွယ်က ဆက်ပြောသည်။

'ကျုပ် ကြိုပြီးပြောမယ်၊ စပြီးတိုက်တဲ့သူ ဘယ်သူမဆို ကိုယ့်လက်ကိုယ်တိုင်ပြီး နောက်ဆုတ်သွားစေရမယ်'

ကျို့ကုံးချွင်၏မျက်နှာ ညှိုမည်းသွားသည်။

အကြီးအကျယ် စိတ်ဆိုးလာပြီ။

'ကျုပ်ညီ၊ ကျုပ်မိတ်ဆွေအတွက် ကျုပ်ကိုယ်တိုင် တုံ့ပြန်တာကို ခင်ဗျား တားသလား'

မင်ရင်ကြွယ်သည် ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါလိုက်သည်။

'ကျုပ် မတားဝံ့ပါဘူး။ တားလည်း မတားလိုပါဘူး။ ဒါပေမယ့် ဒေါသစိတ် တက်နေချိန်မှာ ဘယ်သူမှ အမှန်မမြင်တာ သဘာဝ ကျပါတယ်၊ ကျုပ်က ကျို့အနေနဲ့ အပြစ်မဲ့သူကို အနိုင်ကျင့်မိလို့ သိက္ခာကျမှာ စိုးရိမ်လို့ပါ၊ ခင်ဗျားရဲ့ဂုဏ်သတင်း ကျဆင်းမှုကို မကြားချင် မမြင်ချင်လို့ပါ'

'ခင်ဗျား ပူစရာ မဟုတ်ပါဘူး၊ ကျုပ် ကိစ္စပါ'

'ဟုတ်ပါတယ်၊ ခင်ဗျားကိစ္စပါ၊ ဝန်ရင်မော်ဟာ သတ္တမသူရဲကောင်းရဲ့ ချစ်မိတ်ဆွေ ဖြစ်သလို ကျုပ်ရဲ့ ချစ်မိတ်ဆွေလည်း ဖြစ်ပါတယ်၊ ဒါကိုတော့ သတ္တမသူရဲကောင်း သတိချပ်ဖို့ လိုတယ်'

ကျို့ကုံးချွင်သည် မင်ရင်ကြွယ်ကို ကြည့်ပြီး အေးစက်စက်ရယ်သည်။

'ခင်ဗျားက ကျုပ်ကို ကောင်းစေချင်တဲ့သဘောပေါ့ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ် သတ္တမသူရဲကောင်း၊ ကျုပ်စေတနာကို သတောပေါက်သင့်ပါတယ်'

'သိပ်ပေါက်တာပေါ့ မင်၊ ဒါကြောင့်လည်း ကျုပ်က ခင်ဗျားကို ညီလေး ဝန်ရင်မော်ရဲ့ မိတ်ဆွေရင်းချာ တစ်ယောက် ဆိုပြီး သည်းခံခဲ့ပါတယ်၊ သည်းခံပေါင်းလည်း ၊အတော်များခဲ့ပါပြီ၊ ဒီတစ်ခါတော့ သည်းမခံနိုင်တော့ဘူး မင်၊ ကျုပ် ရှင်းရှင်းပဲ ပြောမယ်၊ ကျုပ်ကို တားမြစ်သူဟာ ကျုပ်ရဲ့ရန်သူပဲ'

ကျို့ကုံးချွင်သည် စွန်းပုရှောက်ကို လှမ်းကြည့်လိုက်ပြန်သည်။

'စွန်းပုရှောက်၊ ကျုပ်ပြောတာ ကြားရဲ့လား'

'ဟုတ်ကဲ့'

ထိုအချိန်မှာပင် မင်ရင်ကြွယ်က စွန်းပုရှောက်အနားတိုးသွားသည်၊ ထို့နောက် ကျို့ ပြောသလိုပင် ပြောတော့သည်။

'ကျုပ်ခုနက ပြောခဲ့တာကိုလဲ မေ့မထားကြနဲ့'

'မမေ့ပါဘူး၊ ဒါပေမယ့် ခင်ဗျားစကားကို ကျုပ် မယုံသေးဘူး'

စွန်းပုရှောက်က မိုက်ကန်းကန်း ဖြေသည်။ စီးမင်ရှန်းသည် ဘက်တော်သားများကို သတိပေးရန် ဟန်ပြင်ရတော့သည်။

ထိုအချိန်မှာပင် စွန်းပုရှောက်၊ စီးမင်ရှန်းအနီးသို့ တိုးကပ်လာသည်။ သူ၏ မည်းပြီး ပိန်သောလက်သည် သူ့မရှေ့တွင်တလှုပ်လှုပ်ဖြစ်နေပြီ၊

«.»





# အခန်း (၄၂)

## ကတိပေးတိုက်ပွဲ

စီးမင်ရှန်းသည် ပြင်းထန်သောအားလှိုင်း ရိုက်ခတ်မှုကို ခံစားလာရသည်။

'လက်ကောက်ဝတ်ကို သတိထား'

'မင်ရင်ကြွယ်သည် သတိပေးရင်း ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားလိုက်သည်။ သူ၏ လက်ဝါးစောင်းရိုက်ချက်သည် ဝှစ်ခနဲ မြည်သွားသည်။

'အား. . . '

စွန်းပုရှောက်၏ ငယ်သံပါအောင် အော်လိုက်သောအသံဖြစ်သည်။ သူ ညည်သို့မျှ မတုံ့ပြန်လိုက်ရ၊ အလွန်နာကျင်တိုက်ခံသွားသော လက်တစ်ဘက်ကို ကျန်လက်တစ်ဘက်နှင့် ပွေ့ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်သွားရတော့သည်။

ဤတိုက်ကွက်ကို မြင်လိုက်ရသူအားလုံး မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြလေပြီ။

'မင့် ပညာရည် မြင့်မားလှပါတယ်ရှင်'

စီးမင်ရှန်း၏ ချီးကျူးသံ ဖြစ်သည်။ မင်ရင်ကြွယ်က . . .

'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်သဘောပါ စီးမင်'

ကျို့ကုံးချွင်လည်း အလွန်အံ့အားသင့်နေသည်။ ပါးစပ်ထဲမှ စကားလုံးများပင် အန်ထွက်လာသည်။

'ခင်ဗျားရဲ့ပညာဟာ ထင်ထားတာထက် ပိုစွမ်းနေသကိုး'

'သတ္တမသူရဲကောင်းအတွက်တော့ ကလေးကလား အဲ့ကွက် ဖြစ်ပါလိမ့်မယ်ဗျာ'

ထိုစဉ် မခံချိ မခံသာ ဖြစ်နေသော တုံထန်းကျုက မိုက်ကန်းကန်း ခုန်ဝင်လာသည်။

'ထန်းကျု'

ကျို့ကုံးချွင်၏အသံ မိုးခြိမ်းသံလိုမြည်သွားသည်။ တုံထန်းကျု တုန်သွားသည်။

'ဆင်ကန်တောတိုး မိုက်ရူးရဲ မလုပ်ပါနဲ့ ထန်းကျု၊ ခင်ဗျားနဲ့ မင်ဟာ ပညာချင်း အများကြီး ကွာတယ်'

တုံထန်းကျု မကျေနပ်ချေ။

သို့သော် အာခံခြင်းလည်း မပြုရဲ၊ ထို့ ကြောင့် ရပ်နေရာတွင်သာ ကျောက်ရုပ်လို ငြိမ်နေလိုက်ရသည်။

ကျို့ကုံးချွင်၏ မျက်လုံးရောင်သည် ပိုပြီး တောက်ပြောင်လာသည်။ မျက်လုံးအစုံသည် မင်ရင်ကြွယ်ကိုသာ မျက်ခြည်မပြတ် စိုက်ကြည့်နေရပြီ။ ထို့နောက် မျက်ခုံးနှစ်ဘက်ကို နဖူးပေါ် မြှင့်တင်လိုက်ရင်း . . .

'ကျုပ်လူတွေဟာ မင့် သိုင်းကွက်ကို သုံးကွက်ပြည့်အောင် မယှဉ်နိုင်တာ အမှန်ပဲ၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် ယှဉ်မယ် မင်'

မင်ရင်ကြွယ် မျက်မှောင်ကြုတ်မိတော့သည်။

'သတ္တမသူရဲကောင်း ကျို့ကုံးချွင်၊ ခင်ဗျားဟာ သိုင်းလောကမှာ နံပါတ်တစ် သိုင်းသမားကြီးပါ၊ အညတရ မင်ရင်ကြွယ်ဟာ သူရဲကောင်းကို မယှဉ်နိုင်ပါဘူး'

မင်ရင်ကြွယ်၏ ရန်ရှောင်လိုသော သဘောထားနှင့် နှိမ့်ချသံသည် တည်ပြီး အေးနေသည်။

ကျို့ကုံးချွင်ကား ရှေ့တိုးလိုသူတည်း။

'ကိုယ့်ကိုယ်ကို ဒီလောက်လည်း နှိမ့်ချမနေပါနဲ့ မင်၊ ခင်ဗျားဟာ နှစ်တစ်ထောင်ဆေးမြစ်ကို စားသုံးခဲ့ရသူပါ၊ ဝန်ရင်မော်ရဲ့ပညာကိုလည်း အထိုက်အလျောက် ရထားသူပါ၊ အရေးကြီးတဲ့ အသက်သွေးကြောတွေကိုလည်း ပြုပြင်မှု ခံထားရသူပါ။ ဒီတော့ ခင်ဗျားရဲ့ ပညာရည်ဟာ ကျုပ်ထက် သာချင်သာမယ်၊ မနိမ့်ကျနိုင်ဘူး'

'သတ္တမသူရဲကောင်း'

မင်ရင်ကြွယ် မပြိုင်လိုပါ၊ ဖြစ်နိုင်ရင် ရှောင်တိမ်းလိုပါသေးသည်။

သို့သော် ကျို့ကုံးချွင်က လက်မခံတော့ပေ၊ အသံချင်း



www.burmeseclassic.com

www.burmeseclassic.com



လဲရန် ဆုံးဖြတ်ပြီးချေပြီ။

'ဘာမှ ထပ်ပြောမနေနဲ့ မင်၊ ကျုပ် စကားပလ္လင်ခံပြီးပြီ၊ နိုင်မာတဲ့ဆုံးဖြတ်ချက် ချပြီးပြီ၊ ဒီတော့ ကျုပ်ရဲ့ တိုက်ကွက် သုံးကွက်ကို ခုခံပါ။ ကျုပ်ရှုံးရင် ဒီနေရာက အေးအေးဆေးဆေး ထွက်သွားမယ်၊ ခင်ဗျားရှုံးရင် ကျုပ်ကိစ္စကို ဒီတစ်သက် ဘယ်တော့မှ ဝင်မစွက်ပါနဲ့'

'ဒါ ခင်ဗျားကိုယ်တိုင် တောင်းဆိုနေတာနော်'

'အများကြားပါတယ် မင်၊ ထွက်ပြီးတဲ့ ဆင်စွယ် ပြန်ဝင်ရိုး ထုံးစံ မရှိပါဘူး'

'လက်ရည်တူပြီး အရှုံးအနိုင် မပေါ်ရင်ကော'

'ကျုပ်လူတွေကိုခေါ်ပြီး ထွက်သွားမှာပါပဲ'

မင်ရင်ကြွယ်၏မျက်လုံးအရောင် ဝင်းခနဲ လက်သွားသည်။

'ဒါ ယောကျ်ားစကားနော်'

'ကျုပ် ယောကျ်ားစစ်စစ်ပါ။ ကျုပ် ဂုဏ်သိက္ခာကို အလွဲ မသုံးပါဘူး၊ ကတိကို အသက်နဲ့လဲတတ်တဲ့လူပါ၊ ကဲ. . . ခင်ဗျား စတိုက်ပါ'

'မဟုတ်သေးပါဘူး'

'ခင်ဗျားက ကျုပ်ကို မယုံဘူးလား'

'အရေးကြီးချိန်မို့ သည်းခံပါလား ကျို့'

'အားနာစရာ အကြောင်းမရှိတော့ဘူး မင်၊ တိုက်ကွက် ကိုသာ ထုတ်ပါ'

□



ကျို့တုံးချွင်သည် စကားပြောရင်း ရှေ့ကို တိုးလာသည်။ မင်ရင်ကြွယ်က လက်အုပ်ချီ ဂါရဝပြုပြီး. . .

'သတ္တမသူရဲကောင်း ဆန္ဒအတိုင်း ဖြစ်ရပါစေမယ်ဗျာ' ဟု ပြောလေတော့သည်။

မကြာမီ သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်မိကြလေ တော့သည်။

စီးမင်ရှန်းသည် သူတို့နှစ်ယောက်ကို ကြည့်နေရင်း စိုးရိမ် သောက များလာသည်။

ကျို့တုံးချွင်သည် နိုင်ချေရှိ၍ စိန်ခေါ်ခဲ့ခြင်းပင်။

သူ၏ သုံးကွက်ဟူသော သတ်မှတ်ချက်သည် အပိုင်ပြော သည့် သတ်မှတ်ချက်ဖြစ်သည်။

သိုင်းလောကတွင် သူ၏ သိုင်းကွက်သုံးကွက်ကို ရှောင်ရှား နိုင်သူ မရှိသလောက် ရှားသည်။

ထို့ကြောင့်လည်း သတ္တမသူရဲကောင်းဟု ဟိုးဟိုးကျော်ခြင်း ဖြစ်သည်။

မင်ရင်ကြွယ်ကား သိုင်းလောကသားဟိုင်း သိသူ မဟုတ်။ ထင်ရှားကျော်ဇောသူလည်း မဟုတ်။ ဤလိုလူက ကျို့ကို အနိုင် တိုက်နိုင်မည် မဟုတ်။

မင်၏ အတွင်းအားသည် တိုင်းတာမရအောင် ကြီးမား နက်ရှိုင်းသည်ဟု ဆိုကြသော်လည်း ကျို့၏သိုင်းတွက်တိုကား အနိုင်တိုက်နိုင်မည် မဟုတ်။

အားလုံး သည်အတိုင်း သဘောရနေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကုံးချွင်နှင့် မင်းရင်ကြွယ်တို့ ယှဉ်လျှင် ကျို့ကုံးချွင်သာ အနိုင်ယူသွားပေလိမ့်မည်။

မင် နိုင်မည်ဟု မည်သူမျှ မယုံကြည်။

ထို့ကြောင့် တစ်ခေတ်တွင် တစ်ယောက်ဟု ဆိုရမည့် သိုင်းလောက၏ထိပ်ခေါင် 'ရေခဲသူဇာ စီးမင်ရှန်း' သောကရောက် နေရတော့သည်။

စီးမင်ရှန်းတစ်ယောက် ဤသို့ သောကရောက်နေခြင်း သည် မင်ရင်ကြွယ် ရှုံးနိမ့်ပြီး ထန်းရှန်းဂိုဏ်း ချေမှုန်းခံရမည်ကို စိုးရိမ်သောကြောင့် မဟုတ်ချေ။

အကြောင်းကား မင်ရင်ကြွယ် အကြီးအကျယ် ဒဏ်ရာရ မည်ကို စိုးရိမ်သောက ရောက်နေခြင်းသာတည်း။

ဤ ခံစားမှုကား စီးမင်ရှန်း၏ ရင်တွင်းခံစားမှုတည်း။

ထို့ကြောင့် ငြိမ်ရပ်နေသော မင်ရင်ကြွယ်အနီးသို့ လျှောက်လာခဲ့မိတော့သည်။

'သူရဲကောင်းမင်၊ ဖြစ်နိုင်မယ်ဆိုရင်'

စီးမင်ရှန်း စကားကို ဆုံးအောင် မပြောနိုင်ခဲ့ချေ။

မင်ရင်ကြွယ်က ဖျတ်ခနဲ လှည့်ပြီး. . .

'စီးမင်ရှန်း နောက်ဆုတ်နေပါ၊ ကျုပ်ရဲ့ ရင်ဆိုင်တိုက်ခိုက်မှုဟာ ဘယ်သူ့ဘက်ကမှ ရပ်တည်တာ မဟုတ်ဘူး၊ ရှင်းရှင်း ပြောရရင် ကျုပ် နာမည်ကြီးချင်လို့ပဲ၊ သတ္တမသူရဲကောင်းရဲ့ သိုင်းကွက်သုံးကွက်ကို အပြည့်မယှဉ်နိုင်ရင်တောင် နှစ်ကွက်လောက် ယှဉ်နိုင်ရင်ပဲ ကျုပ် နာမည်တစ်ဟုန်ထိုး ကျော်ကြားလာမှာ



သေချာပါတယ်၊ ဒီတော့. . .'

မင်ရင်ကြွယ်သည် စကားကို ဆုံးအောင်မပြောဘဲ ဖြတ် ပစ်လိုက်တော့သည်။

ထို့နောက်. . .

'သတ္တမသူရဲကောင်း၊ ကျေးဇူးပြုပြီး ညာညာတာတာလေး လုပ်ပါလို့ မေတ္တာရပ်ခံပါတယ်'

'ကျုပ် ထောက်ထားတတ်ပါတယ် မင်၊ ဒါပေမယ့် မင်ရဲ့ တည်ငြိမ်မှုဟာ အံ့ဩစရာကောင်းနေပါတယ်၊ ကျုပ် ခင်ဗျားတို့ အနိုင်ယူနိုင်လိမ့်မယ် မထင်ပါဘူး'

'ဆုံးဖြတ်ချက်ချပြီးမှ ကျားမြီးဆွဲမိသလို ဖျာယာခတ်နေ လို့လည်း ထူးမှာမှမဟုတ်ပဲ သတ္တမသူရဲကောင်း၊ ကျုပ်ရဲ့ မျှော်လင့် ချက်ဟာ မရေရာတဲ့ မျှော်လင့်ချက်ပါဗျာ'

'မင် စကားက သကာလိုချိုတဲ့စကားပဲ၊ ကဲပါလေ. . . အချိန် ကုန်ပါတယ်၊ တိုက်ကွက်ကိုသာ စလိုက်ပါ'

'စိတ်ချပါ သတ္တမသူရဲကောင်း၊ ကျုပ် တိုက်ကွက်တို့ စပါတော့မယ်'

မင်ရင်ကြွယ်သည် ကျို့ကုံးချွင်ကို စိုက်ကြည့်နေရင်းတ လက်တစ်ဘက်ကို ဖျတ်ခနဲ မြှောက်တင်လိုက်သည်။

ကျို့ကုံးချွင်ကလည်း သူ၏လက်တစ်ဘက်ကို စက်ဝိုင်း ခြမ်းသဏ္ဍာန် မြှောက်တင်လာသည်။

ထို့နောက် လက်ဝဲတိုက်ကွက်ကို ဖြည်းဖြည်းချင်း ထုတ် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုက်ကွက်သည် 'ရန်သူမလှုပ် ငါမလှုပ်၊ ရန်သူလှုပ်ရှား မသာနား၊ တိုက်ကွက် ဦးအောင်သွား' တိုက်ကွက်ဖြစ်သည်။

သူ၏ရန်သူသည် အညတရတစ်ယောက်ဖြစ်သည်ဟု ဆိုသော်လည်း ပေါ့ဆ၍မရ၊ ထို့ကြောင့် လက်ဦးမှုယူသည့် တိုက်ကွက်သည် နှေးကွေးဟန်ရှိနေသော်လည်း အလွန်အားပါ ပြင်းထန်သည့်တိုက်ကွက် ဖြစ်သည်။

မင်ရင်ကြွယ်သည် ကြီးမားသော အားလှိုင်းရိုက်ခတ်မှုကို ခံစားလာရသဖြင့် ထိတ်ခနဲဖြစ်သွားသည်။

ထို့ကြောင့် ရင်ဝဆီ တန်းဝင်လာသော တိုက်ကွက်ကို လက်ဝါးတိုက်ကွက်နှင့် အလျင်အမြန် ခုခံရတော့သည်။

ဤအကွက်သည် အသက်စွန့် ခုခံရသည့် ခုခံကွက်ပင်။

ကျိုကိုးချွင်သည် မင်ရင်ကြွယ်၏ ခုခံကွက်ကို သဘောကျဟန်နှင့် ပြုံးတုံ့တုံ့ဖြစ်သွားသည်။

လက်ဝါးချင်း ထိပ်တိုက်တွေ့ဆုံခါနီးတွင် လက်ချောင်းကလေးများကို ကော့တင်လိုက်သည်။

ကြောက်စရာကောင်းသော လက်ချောင်းကလေးများသည် မင်ရင်ကြွယ်၏ ဝမ်းဗိုက်နှင့် ရင်ဝကို လျှပ်ပြက်သလို တိုးဝင်သွားသည်။ ဤပုံကိုကြည့်ရုံနှင့် ကျို့ကိုးချွင် အတွေ့အကြုံများကြောင်း သိသာသည်။

မှန်သည်။မင်ရင်ကြွယ်သည် နှစ်တစ်ထောင်ဆေးမြစ်ကို စားဖူးထားသူဖြစ်၍ ခွန်အားကြီးမားသည်။

ထိပ်တိုက်ရင်ဆိုင်၍ မဖြစ်။



ပရိယာယ်သုံးပြီး ဟိုးနှပ်လိမ်မှာမှ အနိုင်ရလိမ့်မည်။

---

မင်ရင်ကြွယ်သည် ခေသူ မဟုတ်ပါ။ဗိုက်နှင့် ရင်ဘတ်ဆဲ ပြေးဝင်လာသော တိုက်ကွက်ကို ဖျတ်ခနဲရှောင်ရင်း လက်ဝါးစောင်းတိုက်ကွက်နှင့် ဇွစ်ခနဲ ရိုက်ခုတ် ခုတ်လိုက်သည်။

ကျို့ကိုးချွင် ထိတ်ခနဲ ဖြစ်သွားသည်။ဤခုတ်ချက်သာ ထိခဲ့ပါက လက်တစ်ဘက်လုံး ကျိုးကြေသွားမှာ သေချာသည်။

ထို့ကြောင့် ဖျတ်ခနဲ ပြန်ရုတ်လိုက်ရသည်။

'တယ်ကောင်းတဲ့ တိုက်ကွက်ပါလား၊ နောက်တစ်ကွက် လာဦးမယ် မင်'

ကျို့ကိုးချွင်သည် ပြောရင်းဆိုရင်း လက်ဝါးစောင်းတိုက်ကွက်သစ်ကို ထုတ်သုံးလာတော့သည်။သူ၏လက်ဝါးစောင်းသည် မင်၏ ဝမ်းဗိုက်၊ ရင်ဝ၊ လည်မျိုနှင့် ငယ်ထိပ် စသည့်နေရာများသို့ လျှပ်ပြက်သလို တရိပ်ရိပ် ကျရောက်သွားသည်။

ဤရိုက်ချက်သည် အားပါဟန် မရှိသော်လည်း လက်တစ်ဘက်လုံးကို အတွင်းအား အပြည့်ထည့်ပြီး ရိုက်သည့် ရိုက်ချက်ဖြစ်သည်။မင်ရင်ကြွယ်သည် မမျှော်လင့်သောတိုက်ကွက်၊ ရိုက်ချက် ဝင်လာသောကြောင့် မျက်လုံးပြူးသွားသည်။

'တယ်ကြောက်စရာကောင်းတဲ့ ရိုက်ချက်ပါလား၊ ခင်ဗျားနဲ့ ကျုပ်ဟာ ရန်ငြိုးရန်စ ရှိသူတွေ မဟုတ်ဘူး၊ သတ္တမသူရဲကောင်း ဘယ့်နှယ် အသေသတ်ကွက်ကို သုံးရတာလဲ'

မင်ရင်ကြွယ်က မကျေမနပ်ပြောရင်း အကြီးစတ်အိုးတို

www.burmeseclassic.com

www.burmeseclassic.com



ဟူးခနဲ မြည်အောင် ရိုက်ခါပြီး ခုခံလိုက်ရသည်။

ထိုစဉ် ကျို့ကုံးချွင်၏လက်ဝါးနှင့် မင်ရင်ကြွယ်၏လက်ဝါး ထိတွေ့သွားသည်။ ကြောက်စရာကောင်းသောအသံ ထွက်ပေါ်လာခြင်း မရှိပါ။

အားလျှင်းအသံ မြည်ဟိန်းခြင်း မရှိပါ။ သို့သော်. . .

ကျို့ကုံးချွင်သည် 'အိုး'ဟူသောအသံနှင့် ခြေလှမ်းသုံးလှမ်းစာမျှ ယိမ်းယိုင်ပြီး နောက်ဆုတ်သွားရသည်။မင်ရင်ကြွယ်လည်း 'အင့်' ဟူသောအသံနှင့် ခြေလှမ်း သုံးလှမ်း စာမျှ လွင့်သွားသည်။

မြင်ကွင်းကို ကြည့်နေသော သိုင်းလောကသားများ ကြက်သီးတဖျန်းဖျန်းထသွားကြသည်။မင်ရင်ကြွယ်၏ ဟူးခနဲ သက်ပြင်းမှုတ်ထုတ်သံနှင့် စကား သံ ထွက်လာသည်။

'ဟူး. . . အားကုန်အင်ကုန် တိုက်တာတောင် အရှုံးအနိုင် မရှိပါလား'

ကျို့ကုံးချွင်သည် အံကို တင်းခနဲ ကြိတ်ပြီး မကျေမနပ် ပြောလာသည်။

'မင်ရင်ကြွယ်၊ ခင်ဗျားလက်ဝါးက ရွှီးအော်စိန် နတ်လက်ဝါး မဟုတ်လား'

'ကျုပ် ပြောခဲ့ပြီးပါပြီ သတ္တမသူရဲကောင်း၊ ဝန်ရင်မော်ရဲ့ ပညာကျေးဇူး ကျုပ်မှာ ရှိနေတယ်လို့၊ ဒါပေမယ့် သူ ပေးခဲ့တဲ့ ပညာဟာ မဆိုစလောက်ကလေးပါဗျာ၊ ပညာကုန် မဟုတ်ပါဘူး ဒါကြောင့် ခင်ဗျားရဲ့ နောက်ထပ် တိုက်ကွက်တစ်ကွက် ဝင်လာရင် ရှုံးပါပြီ'

———□———



ကျို့ကုံးချွင်၏ မျက်လုံးအစုံသည် ဒေါသရောင်များ တဝင်းဝင်း ဖြစ်နေချေပြီ။

'သတ္တမသူရဲကောင်း၊ ကျုပ်ကို ရန်သူကြီးလို စိတ်ကြည့် မနေစမ်းပါနဲ့ဗျာ'

ကျို့ကုံးချွင်သည် အလွန် စိတ်လှုပ်ရှားနေရာမှ မျက်လွှာ ပြန့်ချသွားသည်။ တစ်စုံတရာကို ပြောလိုဟန်ရှိသော နှုတ်ခမ်း အစုံသည် တဆတ်တဆတ် တုန်နေသည်။ ရုတ်တရက်. . .

ကျို့ကုံးချွင်သည် ဘာစကားမျှ မပြောတော့ဘဲ ဖျတ်ခနဲ နောက်ကျွမ်းပစ်ပြီး ထွက်ပြေးတော့သည်။စွန်းပုရွှောက်နှင့် တုံထန်းကျုတို့သည် မင်သက်မိနေကြ ရာမှ ကျို့ကုံးချွင်နောက်သို့ တရကြမ်း ပြေးလိုက်သွားတော့သည်။ပိုင်ဝန်လျှန့်သည် မင်ရင်ကြွယ် ကို ငေးကြည့်နေရာမှ နောက်ပြန်လှည့်လိုက်သည်။

'ပိုင်ဝန်လျှန့် ခဏလောက် နေစမ်းပါဦး'

မင်ရင်ကြွယ့်အသံကြောင့် ပိုင်ဝန်လျှန့် တုံ့ခနဲ ဖြစ်သွားသည်။

မင်ရင်ကြွယ်ကို မျက်နှာချင်းဆိုင်နေရစဉ်၌ မျက်နှာ တစ်ပြင်လုံး ကြောက်ရွံ့ထိတ်လန့်စိတ်များ ဖုံးလွှမ်းနေသည်။

'ဘာ. . . ဘာလုပ်မလို့လဲဗျ၊ ခင်ဗျား သူတို့ဘက်က ရပ်ပြီး ကျုပ်တို့ကို သတ်တော့မှာလား'

မင်ရင်ကြွယ်က ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါလိုက် သည်။

'အထင်မလွဲပါနဲ့ ပိုင်၊ ကျုပ် လူရမ်းကား မဟုတ်ပါဘူး၊

———□———

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မေးတာကိုသာ အမှန်အတိုင်း ဖြေပါ၊ ခင်ဗျားတို့ရဲ့ဂိုဏ်းက လူတွေကို ဘယ်သူသတ်တယ်ဆိုတာ ပြောပါ'

'ကျုပ် ဘယ်နှစ်ခါ ပြောရမှာလဲ'

ပိုင်ဝန်လျှန့် အသံ မာလာသည်။

'ဒါဖြင့် ချန်ချွန်းယင်းနဲ့ ယွင်ယန်ဖေးတို့ သတ်တယ်လို့ ဆိုလိုတာလား'

'ဆိုလိုတာ မဟုတ်ဘူး၊ သူတို့သတ်တာ ကျုပ်ကိုယ်တိုင် ရင်ဆိုင်ခဲ့ရတဲ့ကိစ္စဗျ'

'ကောင်းပြီ၊ ကဲ. . ခင်ဗျား သွားလိုရာ သွားနိုင်ပြီ'

'ကျုပ်ပြောတာကို ခင်ဗျား ယုံသလား'

'အမှန်တရားဟာ နှုတ်ဖျားပေါ်မှာ မရှိဘူး ပိုင်၊ နှလုံးသားထဲမှာပဲ ရှိတယ်၊ ကဲ. . . ခင်ဗျား သွားနိုင်ပြီ'

ပိုင်ဝန်လျှန့်သည် ဘာစကားမျှ ထပ်မပြောတော့ဘဲ သူ့လူများကိုသာ လက်ယမ်းပြလိုက်သည်။ ထို့နောက် သယ်ဆောင်လာသော သက်သေ အလောင်းကောင်များနှင့်အတူ ထွက်ခွာသွားသည်။ သူတို့ စီးလာသော မြင်းခွာသံများသည် တဖြောင်းဖြောင်း ဆူညံသွားရာမှ တဖြည်းဖြည်းဝေးပြီး ပျောက်ကွယ်သွားသည်။

မင်ရင်ကြွယ်သည် သူတို့အားလုံးကို ငြိမ်ငေးပြီး ကြည့်နေသည်။ သို့သော် ဘာမျှ မမြင်ရတော့။ အမှောင်ထုသည် မြင်ကွင်းကို ဖုံးလွှမ်းလိုက်ပြီတည်း။

◀◀ ▶▶



အခန်း(၄၃)

## မျက်နှာဖုံးအောက်က မျက်နှာ

စီးမင်ရှန်းသည် မင်ရင်ကြွယ်ကို ငေးကြည့်နေရင်း ချိုလွင်သောအသံနှင့် ပြောလာသည်။

'သူရဲကောင်း မင်၊ အင်အားကြီးမားတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ ရန်ငြိုးဖွဲ့လိုက်ရတာလဲ'

မင်ရင်ကြွယ်သည် ခေါင်းယမ်းပြီး ရှုံ့မဲ့သွားသည်။

'ကျုပ် ကျို့ကို ရင်ဆိုင်လိုက်တာဟာ ခင်ဗျားတို့ဘက်က ရပ်တည်ခဲ့တာ မဟုတ်ပါဘူး စီးမင်၊ အမှန်တရားဘက်က သစ္စာတရားဘက်က ရပ်တည်ခဲ့တာပါ'

'ရှင် ဘယ်လိုပဲပြောပြော ထွန်မတာတော့ ထန်းရှန်းဝိုဏ်းကိုယ်စား ကျေးဇူးတင်နေမှာပါရှင်'

www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူး စီးမင်၊ ကျုပ်ရဲ့ရပ်တည်ချက်ဟာ သစ္စာတရားရဲ့ ရည်ရွယ်ချက်ပါ'

'ဒါက ရှင့် သဘောတရားပါ၊ မင်သာ ခုလိုမလုပ်ခဲ့ရင် ကျွန်မတို့ဘဝတွေဟာ တွေးဝံ့စရာ မရှိပါဘူး'

'ခု သူ့ကို ကျုပ် မနိုင်ခဲ့ပါဘူး၊ တိုက်ကွက် သုံးကွက် သရေပွဲသာ တိုက်နိုင်ခဲ့တာပါ၊ ကျို့နဲ့ကျုပ်ဟာ လက်ရည်တူ လောက်ပါ'

'ဖုံးကွယ်မနေစမ်းပါနဲ့ရှင်၊ ကျွန်မ သဲသဲကွဲကွဲ မြင်လိုက်ရတာပါ၊ ရှင်နောက်ဆုတ်ခဲ့တဲ့ ခြေလှမ်း သုံးလှမ်းစာဟာ ရှင့်ဘာသာဆုတ်တဲ့ ဆုတ်ကွက်ပါ။ ကျို့ရဲ့အားကြောင့် လွင့်စင်ခဲ့တာ မဟုတ်ပါဘူး၊ ကျို့ သိက္ခာမကျအောင် ထိန်းပေးလိုက်တဲ့ ဆုတ်ကွက်ပါ'

မင်ရင်ကြယ်က မချိပြုံးပြုံးပြီး ဟန်လုပ်ပြောသည်။

'ရယ်စရာတွေ ပြောမနေပါနဲ့ စီးမင်၊ ကျုပ် ကျို့ကို အသေအကျေ ခုခံခဲ့ရတာပါ၊ ဒီလိုခုခံနိုင်မှပဲ အညတရဘဝကနေပြီး ကျော်ကြားသူ ဖြစ်လာမှာပါ၊ ဒါဟာ ကျုပ်ရဲ့ ရည်ရွယ်ချက် တစ်ပိုင်းပါ၊ ဒါကြောင့် အသေခံပြီး ကျော်ကြားမှုကို ယူခဲ့တာပါ'

စာစဉ် (၃) ပြီး၏။

စာစဉ် (၄) ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်



www.burmeseclassic.com